
www.burmeseclassic.com

စိတ်ကူးသစ်စာပေ

# မောင်ညိုမှိုင်း(သန်လျင်)

## သိုက်ကြီး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

▬

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၄၊ ဇန်နဝါရီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Ko Zin Oo & Brothers*

▬

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

▬

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

▬

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ . ၈၃
ညိုမှိုင်း၊မောင်(သန်လျင်)
သိုက်ကြိုး/မောင်ညိုမှိုင်း(သန်လျင်)။-ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၁၆၀-စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) သိုက်ကြိုး

## အမှာစကား

❑

ကျွန်တော်သည် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဖြစ်ရပ်များကို စိတ်ဝင်စား၍ လေ့လာမေးမြန်း ဆည်းပူးမှတ်သား၍ ဖတ်ချင်စဖွယ်ဖြစ်အောင် ဝတ္ထုတို ဝတ္ထုရှည်များ ရေးလေ့ရှိပါသည်။

တတ်နိုင်သမျှလည်း မိစ္ဆာဒိဋ္ဌိအယူ မလွဲမမှားရအောင် သတိပြုရေးပါသော်လည်း တစ်ခါတစ်ရံ အံလွဲချော်မှု အနည်းငယ်ရှိသွားနိုင်သည်ကို စိုးရိမ်ပူပန်ရပါသည်။

ပါကောင်းလည်း ပါသွားနိုင်ပါလိမ့်မည်။

အချို့သော ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာစုတို့က ဗဟုသုတအဖြစ် ခေတ်ရန်မှတ်ရန်သာ ဖြစ်ပါပေသည်။

သုံးစွဲရန်၊ ကိုးကွယ်ရန်မဟုတ်သည်ကို အထူးမေတ္တာရပ်ခံလိုပါသည်။

ကမ္ဘာမှာရော၊ မြန်မာမှာပါ ဖြစ်ရပ်ဆန်းကြယ် အကြောင်းအရာတွေ များစွာရှိကြပါသည်။

နိုင်ငံတကာမှာတော့ ဖြစ်ရပ်မှန် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဝတ္ထုရှည်ကြီးများ ထွန်းကားခဲ့သည်မှာ ကာလကြာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ကတော့ ကျွန်တော်တို့ ရေ၊ မြေ၊ လေ၊ ဘာသာ ရှိးရာအစဉ်အလာနှင့်နှယ်၍ ကြုံ၊ ကြား၊ မြင်၊ သိသမျှကို ရေးသားနေရကား ရေးခွင့်ရသည်မှာ ကာလမကြာသေး၍ အားနည်းချက်၊ အားသာချက်တို့ ရှိနေဦးမည် ဖြစ်ပါသည်။

ကျွန်တော်သည် သိုက်ကြိုးဖြတ်သည်ဆိုသော ပရလောကနှင့် လက်ရှိ လူ့ဘဝတို့ကြားက စည်းခြားဟန့်တားမှုအချို့ကို ကြုံတွေ့ခဲ့ဖူးပါသည်။ သိုက်ကြိုးဖြတ်သည်ကို မြင်ရသည်မှာ ဝမ်းနည်းစရာလည်းကောင်းသလို ပြင်းထန်လွန်း၍ ဂရုဏာလည်း သက်ခဲ့ရဖူးပါသည်။

သို့သော် ...

ကျွန်တော်သည် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားသည့် အတိုင်း မေတ္တာကိုဗဟိုပြု၍ လုံ့လပြုသွားကြလျှင် လောကသားချင်းမတူ သော်လည်း နားလည်ခွင့်လွှတ်မှုရှိနိုင်သည်ဟု ယုံကြည်မိပါသည်။

ဘဝတိုက်ပုံဦးရာကျော်ကို အားကိုးမှုပြုပြီး မေတ္တာနှင့် နားလည်မှုရှိစွာ သိုက်ကြိုးဖြတ်ကြပုံကို ရေးဖွဲ့ခဲ့ပါသည်။ မေတ္တာရဲ့တန်ဖိုးကိုမှု သုံးဆယ့်တစ်ဘုံသားတို့လည်း နားလည်နိုင်ကြသည်လည်း ရှိလိမ့်မည်ဟု မျှော်လင့်၍ ...

မောင်ညိုမှိုင်း(သန်လျင်)

[ ၁ ]

တစ်နေ့သောအခါသမယ စာပေဆွေးနွေးပွဲတစ်ခုမှာ ကျွန်တော် [illegible]ဖြစ်ရပ်ဆန်းကြယ် စာပေကိစ္စ အနည်းငယ် ဟောပြောခဲ့ရသည်။

ဟောပြီးနောက် တက်ရောက်လာသူများထဲမှ မေးသည့်မေးခွန်းများကို ကျွန်တော်က ပြန်၍ဖြေကြားပေးရသည်။

ပထမဦးဆုံး မေးခွန်းမှာ ...

“ဆရာမောင်ညိုမှိုင်းရေးနေတဲ့ ပရဝိဉာဉ်လောက ဝတ္ထုများသည် တကယ့် ဖြစ်ရပ်မှန်ကိုယ်တွေ့များ ဖြစ်ပါသလားတဲ့”

ဒုတိယမေးခွန်းမှာ ...

“တစ္ဆေသရဲဆိုသည် အမှန်တကယ်ရော ရှိပါသလားတဲ့”

တတိယမေးခွန်းက ...

“ဆရာမောင်ညိုမှိုင်းက ငြိမ္မွာရာသီဖွားနန်းအိမ်ကြို့ လုံးချင်းဝတ္ထု [illegible]မှာ ပင်လယ်အကြောင်း ရေးထားပါတယ်။ ပင်လယ်ကို မြင်ဖူးသိဖူးပါ သလားတဲ့”

နောက်ဆုံးမေးခွန်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . . ကဗျာလည်း ရေးသည်ဟု သိရပါတယ်။ ယနေ့ ကဗျာအပေါ် မည်သို့ ခံစားနားလည်ပါသလဲတဲ့"

အဖိုးတန်တဲ့ မေးခွန်းများပါပဲခင်ဗျာ။

အချို့သောသူများက ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်စာပေဆိုတာ ခေတ်နောက်ပြန်ဆွဲပြီး စာဖတ်သူများကို ကြောက်လန့်ထိတ်လန့်စေပြီး မှိုင်းတိုက်စာပေဖြစ်တယ်လို့လည်း အတိအလင်း ရေးကြပြောနေကြသေးသကိုး။

ဒီတုန်းက ပထမဦးဆုံးမေးခွန်းကို ကြိုးစား၍ ဖြေခဲ့ပါသည်။

"ကျွန်တော် တစ္ဆေကို ကိုယ်တွေ့ကြုံဖူးသည်ဟုပြောလျှင် ကြားရသူများ ယုံချင်မှ ယုံပါလိမ့်မည်။ ကြုံခဲ့ရဖူးပါတယ်။ ငယ်ငယ်တုန်းက တစ္ဆေသူရဲဆိုတာကို အလွန်ကြောက်ခဲ့ရဖူးပါတယ်။ အရွယ်ရောက်ခဲ့လို့ တရားဓမ္မအသိ စာပေများကို ဖတ်ရပြီးနောက် ရဟန်းအရှင်သူမြတ်ကြီးများရဲ့ လူဖြစ်ရခြင်းတန်ဖိုးကို ကြားနာရပြီးနောက် ကျွန်တော် တစ္ဆေသူရဲကို လုံးဝ မကြောက်ရွံ့တော့ပါ။

သူတို့ တစ္ဆေ၊ သရဲ၊ ပြိတ္တာ ဖြစ်ရသည့်ဘဝကို သံဝေဂရပြီး သူတို့နှင့် နောင်ကြုံခဲ့ရလျှင် သူတို့အတွက် ကိုယ့်ဘက်က ဘာလုပ်ပေးနိုင်မည်လဲနှင့် သူတို့ ကောင်းရာသုဂတိဘုံသို့ရောက်ရန် ဘုရားဟောအတိုင်း ကိုယ်ဘယ်လို လုပ်ရမည်ဆိုတာကို နှလုံးသွင်းပြီး ကောင်းမှုကုသိုလ်ပြုတိုင်း သူတို့ကိုလည်း အမျှပေးဝေရပါတယ်။

ဒါကြောင့် အချို့ကို ကိုယ်တွေ့အဖြစ် ရေးပါတယ်။ အချို့ကိုတော့ သက်ကြီးဝါကြီးများ၊ တစ္ဆေနှင့် ကြုံခဲ့ရပြီး မကြောက်မရွံ့ခဲ့ကြသည့် လူကြမ်းကြီးများရဲ့ ပြန်ပြောပြသည့် ကိုယ်တွေ့များကို ကျွန်တော်ရဲ့ စာရေးနည်းအတတ်ပညာဖြင့် ဖတ်ချင်ဖွယ်ကောင်းအောင်၊ တစ်နည်း အသိပညာပေး တစ်ခု မြင်မိသွားအောင် ရေးဖွဲ့ရတာပါခင်ဗျာ။

ဒုတိယမေးခွန်း . . .

"တစ္ဆေသူရဲဆိုတာ တကယ်ရော ရှိပါသလားတဲ့"





"ရှိပါတယ်"

ဘယ်သူပြောတုံးလို့ မေးလာရင် . . .

အနန္တတန်ခိုးတော်ရှင် ဗုဒ္ဓဂေါတမကိုယ်တော်တိုင် ဟောကြားတော်မူခဲ့တာပါ။ ဗုဒ္ဓဂေါတမကိုယ်တော်မြတ်ကြီးက သုံးဆယ့်တစ်ဘုံဘဝကို ဟောကြားခဲ့ပါတယ်။

အလယ်မှာ လူ့ပြည်တစ်ဘုံ . . .

အထက်မှာ နတ်ပြည်က ခြောက်ထပ်။

သူ့အထက်မှာ ဗြဟ္မာ့ပြည်က နှစ်ဆယ်။

လူ့ပြည်ရဲ့အောက်မှာတော့ . . .

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဆိုပြီး အနိမ့်စားလေးဘုံကို ဟောခဲ့ပါတယ်။ အဲဒီလေးဘုံကို အပါယ်လေးဘုံလို့ ခေါ်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လူ့ပြည်ကိုလားရသည့် ကုသိုလ်ကံကောင်းမှု။

နတ်ပြည်၊ ဗြဟ္မာ့ပြည်ကိုလားရသည့် ကုသိုလ်ကံကောင်းမှု။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘဝသို့ သွားရလားရသည့် အကုသိုလ် မကောင်းမှုအကျိုးပေးဖြစ်ပုံတို့ကို ပေတဝတ္ထုများနှင့် လူသတ္တဝါတွေ သိရှိနားလည်အောင် ထုတ်ဖော်ဟောကြားခဲ့တာ အထင်အရှားပါခင်ဗျာ။

အဲဒီမှာ လူသည် မည်သို့ပင် ကောင်းမှုကုသိုလ်၊ မကောင်းမှုအကုသိုလ်ကို လုပ်ခဲ့ဖူးသည်ဖြစ်စေ၊

လူသတ္တဝါတစ်ဦး သေပြီးနောက် အောက်အပါယ်ဘုံသို့ စုန်ရမည်နှင့် အထက် လူ့ဘုံနတ်ဘုံ၊ ဗြဟ္မာ့ဘုံသို့ စံမြန်းရမည်ကို အဆုံးအဖြတ်ပေးသည်က အဲ့ဒီသတ္တဝါ သေခါနီး မိနစ်၊ စက္ကန့်ပိုင်းအလိုမှာဖြစ်တဲ့ စွဲလမ်းဘုံ့စိတ် (မရဏာသန္နဇော) ပဲ အဓိကဖြစ်တယ်တဲ့။

အဲဒီစက္ကန့်ပိုင်းလေးမှာ စိတ်ထားမှားသွားရင် အပါယ်ဘုံကို ရောက်သွားမှာပဲတဲ့။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အဲဒီ စက္ကန့်ပိုင်းလေးမှာ စိတ်ထားမှန်ရင် လူ့ဘုံ၊ နတ်ဘုံကို ရောက်သွားရမည်တဲ့။

ဒါကြောင့် ကွယ်လွန်ခါနီး နောက်ဆုံးစက္ကန့်၊ မိနစ်ရဲ့ အစွဲအမြင်၊ ကမ္မနိမိတ်က သူလားရာဂတိကို ပြနေတာမို့ ကောင်းမှုကုသိုလ်တွေ အသက်ရှင်စဉ်က မည်မျှပဲလုပ်လုပ် သေခါနီးအစွဲက (ဘုရားရှင်လက်ထက်က တစ်သက်လုံး ရဟန်းတရားကို အားထုတ်ခဲ့တဲ့ တိဿမထေရ်ကြီးဟာ သူရဲ့ အဖိုးတန်သင်္ကန်းကို စွဲလမ်းသည့် အာသန္နကံ လောဘဇော အစွဲအလမ်းနဲ့ သေရော အဲဒီအစွဲနဲ့ သေခဲ့ရလို့ သေသည်နှင့်တစ်ပြိုင်နက် သန်းပြီတ္တာ ဘဝ ခုနစ်ရက်ဖြစ်ခဲ့ရတယ်။) အကုသိုလ် အနိဋ္ဌာရုံကို စွဲလမ်းအားကြီးရင် အပါယ်လေးဘုံကို ဦးစားပေး ရောက်သွားရတာပဲတဲ့။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့ တရားအနှစ်ကို ချုံ့ကြည့်ရင် ...

လူ့ဘဝ ရခဲ့ဘိခြင်း။

ရလာတဲ့လူ့ဘဝ အကျိုးရှိအောင် ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုကုသိုလ်ကံတို့နှင့် သမာအာဇီဝ အသက်မွေးခြင်း။

ရလာတဲ့လူ့ဘဝ အကျိုးရှိအောင် အကုသိုလ်ဒုစရိုက်အမှုတွေ ရှောင်ကြဉ်ခြင်း။

သေခါနီး စိတ်ထားကောင်းမွန်မြင့်မြတ် မှန်ကန်သော စိတ်နှလုံးဖြင့် ဘဝကူးကောင်းအောင် ပြုမူရခြင်း။

နောက်ဆုံးအဆင့် သုံးဆယ့်တစ်ဘုံ ဘဝသံသရာမှာ ပြန်မကျင်လည်ရအောင် နိဗ္ဗာန်ကို မျက်မှောက်ပြုသည့် ဝိပဿနာ ဘာဝနာအလုပ်ဖြင့် သေခြင်းမြတ်အောင် ပြုလုပ်ရခြင်းဆိုတဲ့ ဓမ္မ (တရားမှန်)ကို သိရခြင်းပါပဲ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မှန်သောစကားကိုပဲ မိန့်ကြားမြွက်ဟလေ့ရှိပါတယ်။ ဒါကြောင့် ပြိတ္တာ၊ တစ္ဆေသူရဲဆိုတာ အကုသိုလ် အစွဲ မရဏာသန္နဇောနဲ့ယှဉ်ပြီး ဘဝသစ်ကို ချက်ခြင်းကူးရသည်လို့ ဟောတဲ့အတွက် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ ယုံကြည်ပါတယ်။

---

စိတ်ကူးသစ်စာပေ



"ပင်လယ်ကိုမြင်ဖူးလို့ ဗြိစ္ဆာရာသီဖွား နန်းအိမ်ကြို့ဝတ္ထုရှည်ကြီး ကို ရေးတာပါလား" တဲ့။

"ဟုတ်ကဲ့"

"ဗြိစ္ဆာရာသီဖွား နန်းအိမ်ကြို့ လုံးချင်းဝတ္ထုရှည်ကြီးသည် ဂမ္ဘီရ သက်သက်ဝတ္ထု မဟုတ်ပါဘူးခင်ဗျာ။

ဖက်ဆစ်တော်လှန်ရေးကို ဖော်ကျူးထားတဲ့ ဝတ္ထုရှည်ကြီးပါ။ ဒီ ဝတ္ထုက ပင်လယ်ကို အခြေပြုထားတာမို့ မိုးပြ၊ သံတဲ၊ ဖွဲပါကုန်း စသည့် ပင်လယ်ရွာတွေကို အရောက်သွား၊ ပင်လယ်ရဲ့ သဘာဝကို အသေအချာ မျက်မြင်လေ့လာပြီးမှ ရေးတဲ့ဝတ္ထုဖြစ်သမို့ ပင်လယ်ကိုမြင်ဖူး၊ သိရှိပါကြောင်း ပြောချင်ပါတယ်။

"နောက်ဆုံးမေးခွန်းက ယနေ့ကဗျာများအပေါ် ဘယ်လိုမြင်ပါသလဲတဲ့"

"ကျွန်တော် ကဗျာတို၊ ကဗျာရှည်များစွာ ရေးခဲ့ဖူးပါတယ်။ ဘဝဆုပ်ဖော် ဝတ္ထုတိုပေါင်းချုပ်များ ရေးခဲ့ဖူးပါတယ်။ အကျဉ်းထောင်ကိုယ်တွေ့ ဝတ္ထုတိုတွေ များစွာ ရေးဖူးပါတယ်။

ငြိမ်းဆင်တဲ့လက် ဝတ္ထုတိုပေါင်းချုပ်၊ မျက်ရည်မြစ်ပေါ်မှာ သောင်တင်တဲ့ အပြာရောင်ဇေဒါပန်းတစ်ပွင့် ဝတ္ထုပေါင်းချုပ်၊ နရသိန်ပြန်အိပ်[illegible]များ ဝတ္ထုတိုပေါင်းချုပ် စသည်တို့ကို ရေးခဲ့ဖူးပါတယ်။

ယနေ့တိုင်လည်း 'ဦးနိုက်လို့ မဝနိုင်ပါဘူး အမေ' ဝတ္ထုတို၊ ငြိမ်းဆင်တဲ့လက် ဝတ္ထုတို၊ မြင်းမိုရ်တောင်ကို ခေါင်းအုံးအိပ်သည့်ညများ ဝတ္ထုတို့နဲ့ ဂန္ထဝင်အမေဘွဲ့ကဗျာတို့ဟာ ဝတ္ထုတိုပေါင်းချုပ် စာအုပ်အချို့နဲ့ မြို့နယ်[illegible]င်း အတော်များများမှာ မှတ်မှတ်ရရ လေးလေးစားစား ပြန်သုံးနေတာကို မြင်ရပြီး ဝမ်းသာခဲ့ရပါတယ်။

ကဗျာမှန်ရင် ...

ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့ရဲ့ ကဗျာမှအစ ဆရာ[illegible]င်းနွယ်ဆွေ၊ ဆရာတင်မိုး၊ မောင်လင်းယုန်(ရှမ်းပြည်)ကနေ မျက်မှောက်ခေတ် မော်ဒန်ကဗျာများအထိ နှစ်ခြိုက်စွာ ဖတ်ခဲ့ဖူး၊ ဖတ်နေဆဲပါ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ကဗျာတွေမှာ ခေတ်ပေါ်ကဗျာတွေက နိမိတ်ပုံ လျှမ်းလျှမ်းတောက်တွေနဲ့ ရင်ကို ဆွဲခါကိုင်လှုပ်နေတာမို့ အတွေးရဲ့ နက်နဲသိမ်မွေ့သည့် ကဗျာများဖြစ်သည်မို့ တန်ဖိုးထား လေးစားနေတုန်းပါပဲ ခင်ဗျာ။

သို့သော် . . .

ကျွန်တော့်ရဲ့ ချစ်စွာသော ဂမ္ဘီရစာဖတ်သူတို့က ကျွန်တော့်ကို စေးစေးပိုင်ပိုင် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဝတ္ထုများကို ရေးသားဖို့ လိုလားနှစ်မြို့ကာ အားပေးကြသည်မို့လည်းတစ်ကြောင်း။

ကျွန်တော်ရဲ့ ဒုတိယနှင့် တတိယအရွယ်သက်တမ်းမှာ အံ့ဖွယ်ကောင်းလှတဲ့ ဖြစ်ရပ်ဆန်းကြယ်ကိစ္စတွေ ကြုံနေရတာများနေတော့ . . .

ဖြစ်ရပ်ဆန်းကြယ်တွေကိုပဲ ဦးစားပေးရေးနေရတာကိုက ကျွန်တော်ရဲ့ ဘဝဆန်းဆန်းပဲလား မသိတော့။ ဆန်းပုံများ . . . ကြည့်။

✿ ✿ ✿

[ ၂ ]

❑

''ဟော့ကောင် . . . ထစမ်း''

''ဟော့ . . . ထလို့ ပြောနေတယ်လေကွာ။ တယ်နားလေးတဲ့ ကောင်ကြီး။ ကဲ . . . ကဲ . . . ကဲ . . .''

ကျွန်တော် အိပ်ပျော်နေတာကို တစ်စုံတစ်ယောက်က ကိုင်လှုပ်နေတာ။ ဒါနဲ့ လူးလဲထပြီး မီးခလုတ်ဖွင့်လိုက်ရော . . .

''ဟင် . . .''

မြင်လိုက်ရတာက ရှင်ဘုရင်ဝတ်စုံနဲ့ လူကြီးတစ်ဦး။ ထောင်ထောင်မောင်းမောင်းကြီး။ မျက်နှာက ခပ်ထန်ထန်။ သူ့ညာဘက်လက်ထဲမှာလည်း သွားဖွေးဖွေးလက်နေတဲ့ သန်လျက်နဲ့။

''ဟိုက် . . .''

ငါ့အိပ်ခန်းထဲကို တံခါးပိတ်ထားပါလျက်နဲ့ ဘယ်က ရှင်ဘုရင် [illegible]ပါး ရောက်နေပါလိမ့်။

ဖာတ်ထောင်ထားတဲ့ ကျွန်တော့်မိတ်ဆွေကြီး ကိုသောင်းညွန့်ဦး ရှင်ဘုရင်လိုဝတ်ပြီး ရောက်လာတာလဲ မဟုတ်ဘူး။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ... ခင်ဗျား ဘယ်သူလဲ"

"ဘယ်ကလဲ"

"ကျုပ်အခန်းထဲကို အချိန်မတော် ဘာလို့ ဝင်လာတာလဲ"

"ငါ့နာမည်က နရသူတဲ့ကွ"

"ဗျာ ... နရသူ။ ဘယ် ... ဘယ်က နရသူလဲဗျာ"

"မင်းရေးလိုက်တဲ့ မိုးခေါင်ကျော်စွာ၊ ရှင်အဇ္ဇဂေါဏဝတ္ထုထဲက ပေါက်ကဲ့ဘုရင် နရသူဟာ ငါပဲ"

"မြတ်စွာဘုရား ... ကယ်တော်မူပါဘုရား။ နေပါဦး ... ဘုရင် နရသူ ... ခင်ဗျားက ကုလားသူရဲကောင်းတွေ တိတ်တဆိတ်လာသတ်လို့ သေပြီမဟုတ်လား။ ခင်ဗျားသေခဲ့တာ နှစ်ပေါင်းထောင်ချီလှ မဟုတ်လား ဗျ"

"ဟုတ်တာပေါ့ ...။ မင်းရော၊ ရာဇဝင်ဆရာတွေပါ ရက်ရက် စက်စက်ရေးခဲ့တဲ့ ကုလားကျမင်းပေါ့လေ။ မင်းက ရာဇဝင်ထဲမှာ ပြည်ပုံးကား ချထားတဲ့ ငါ့ကို အဖသတ်တဲ့ဘုရင်၊ အစ်ကိုသတ်တဲ့ဘုရင်၊ ရဟန်းသံဃာကို စော်ကားခဲ့တဲ့ ဘုရင်ဆိုးကြီးဆိုပြီး မင်းက ဖုန်ခါဆေးသုတ် အရောင်ပြန် တင်ပြီး ငါ့ဘဝကို မင်းဆိုးမင်းညစ်အဖြစ် ဝတ္ထုရေးခဲ့တယ်"

"အဲ .... အဲ ... ဟို ... ဗျာ ... ဒါ ... ဒါ ..."

"မင်းတို့ အကြံအဖန်စာရေးဆရာ အချို့ဟာ ရာဇဝင်ထဲက ငါတို့ ရဲ့ ပြီးဆုံးပြီးသားဘဝတွေကို နောက်ကြောင်းပြန်လှန်ပြီး ပုံကြီးချဲ့ကြတယ်။ မဟုတ်တာရော၊ ဟုတ်တာရော မင်းတို့ ဖွဲ့နွဲ့ရေးတယ်။ လူဆိုးလူမိုက်ကို သနားပြီး စုပ်သတ်အောင်ရေးတာလည်း မင်းတို့ပဲ။ ရှင်ဘုရင် မိဖုရားများ တာကို မနာလိုဘဲ အပုပ်ချရေးတာလည်း မင်းတို့ ရာဇဝင်စာရေးဆရာ အချို့ပဲ။ ရာဇဝင်ထဲက ဇာတ်ကောင်တွေကို ပုံကြီးချဲ့ အမွှန်းတင်တာရော၊ နောင်ဘဝ လူ့ဘဝပြန်မဝင်စားရဲအောင် ဖိနှိပ်အပုပ်ချရေးတာရော မသိဘဲ နဲ့ ဖြီးဖြန်းရေးတာရော၊ မင်းတို့ သိပ်တော်တာပဲ စာရေးဆရာ"





"မင်းကြီး ..."

"မင်းမပြောနဲ့ဦး ... စာရေးဆရာ။ မင်းက ရေးလိုက်သေးတယ်။ ငါက ခမည်းတော် အလောင်းစည်သူမင်းနဲ့ နောင်တော်မင်းရှင်စောကိုသတ် ပြီး ကတိလည်းမတည်၊ ရဟန်းသံဃာတို့ကို ညှင်းပန်းတဲ့အတွက် နတ်ရွာ စံပြီးရင် ငရဲကျမှာကြောက်လို့ ငါက ဓမ္မရံကြီးစေတီကို အမြန်တည်တယ်။ မပြီးခင်မှာသေတယ်လို့ မင်းရေးခဲ့တယ်"

"ဒါ ... ဒါ ... ရာဇဝင်ထဲမှာပါတဲ့အတိုင်း ..."

"မင်း ... ငါတို့ရှင်ဘုရင်တွေရဲ့ အတွင်းရေးဘဝကို မင်း ... နား မလည်သေးဘူး စာရေးဆရာ။ ငါ့ရှေ့က အနော်ရထာမင်းရော၊ သထုံဘုရင် မနူဟာမင်းရော၊ ကျန်စစ်သားမင်းရော၊ ငါ့ခမည်းတော် အလောင်းစည်သူ မင်းရော ဘုရားစေတီကြီးတွေ ထည်ထည်ဝါဝါ တည်သွားရတဲ့အကြောင်း မင်း ... ဘာသိလဲ ပြော ..."

"သူတို့ဟာ ဗုဒ္ဓဘာသာဝင် သာသနာပြုမင်းများဖြစ်လို့ ပုဂံ၊ ညောင်ဦးနဲ့ နေရာအနှံ့မှာ ဘုရားပုထိုးစေတီတွေ တည်တာပေါ့ မင်းကြီး"

"ဒါဖြင့် ... ငါ ... ဓမ္မရံကြီးကို တည်ရတာကရော"

"ဟို .... ဟို ... ရာဇဝင်ထဲမှာ ရေးထားတာက ..."

"ဟ ... ရာဇဝင်ဆရာ၊ သမိုင်းဆရာဆိုတာ နီးရာဓားကိုကြောက် ပြီး ရေးခဲ့ရတဲ့ မင်းတွေအကြောင်း ရှိတယ်ကွ။ ရာဇဝင်ဆရာတွေ၊ သမိုင်း ဆရာတွေရေးတိုင်း အမှန်ချည်းပဲလို့ မင်းတို့ ယူဆယုံကြည်နေရင် မင်းတို့ အမှားတွေကို အမှန်လို့ သားအစဉ်မြေးအဆက် ကမ္ဘာတည်သရွေ့ ယူဆ နေကြမှာပဲ။ ဟောကောင် ... တော့်စာရေးဆရာ၊ ငါတို့ရှင်ဘုရင်တွေဟာ ငါ တို့ ဘယ်လိုဘုရင်လဲဆိုတာ ကြွားချင်တာလဲ ပါသေးတာပဲကွ။ သာသနာ ပြုတာ သက်သက်ချည်း မဟုတ်ဘူး ... တော့်ရဲ့"

"မင်းကြီး ... အခု မင်းကြီး ဘယ်လိုအကြောင်းကြောင့် ကျွန်ုပ် ထံကို ရောက်လာရတာပါလဲ ... မင်းကြီ"

"မင်း ... ငါ့ကောင်းမှုတော် ဓမ္မရံကြီးစေတီတော်ကို မြင်ဖူး လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . ."

"မင်း . . . ငါရှင်ဘုရင်လုပ်ခဲ့တဲ့ ပုဂံရွှေနန်းတော်တည်ရာ ပေါက္ကံပြည်ကို မင်းရောက်ဖူးလား"

"အဲ . . . . အဲ . . . ဟို . . . ဟို . . ."

"တယ် . . . . ငါ့လက်ထဲက သန်လျက်နဲ့ ပိုင်းလိုက်ရင်တော့ သေတော့မှာပဲကွာ။ မင်း . . . ပေါက္ကံကိုရောက်ဖူးလား . . . ပြော . . ."

"မ . . . မရောက်ဖူးပါဘူး . . . . မင်း . . . မင်းကြီး"

"ဒါဆို . . . မင်း . . . ငါ့ကောင်းမှုတော် ဓမ္မရံကြီးစေတီဘုရားကို မမြင်ဖူးဘူးပေါ့"

"ဟုတ် . . . ဟုတ်ကဲ့"

"ဟား . . . ဟား . . . ဟား . . ."

"အံ့စရာကောင်းတဲ့ ကောင်ပဲကိုး။ မင်းဇာတ်လိုက်ကြီး ရှင်မထီးခေါ် ရှင်အဖွဲ့ဂါထာရဲ့ကျောင်းလည်း မမြင်ဖူးဘူးပေါ့"

"ဟုတ် . . . ဟုတ်ကဲ့၊ မမြင်ဖူးပါဘူး . . . မင်းကြီး"

"အံ့ပါရဲ့ကွာ။ ပုဂံလည်းမရောက်ဖူး၊ ငါတို့ကောင်းမှုလည်း မမြင်ဖူးဘဲနဲ့များ ငါတို့အကြောင်းကို ခပ်တည်တည် ဖြီးဖြန်းရေးတဲ့ စာရေးဆရာမျိုးဟာ ငတုံးတွေပဲကွ။ အလွန်တုံးတဲ့ ငတုံးတွေပဲ။ မင်းလို မရောက်ဖူးဘဲ ရေးနေတဲ့ စာရေးဆရာ ဘယ်နှစ်ယောက်ရှိလဲ . . . ပြောစမ်း"

"မ . . . မသိ . . ."

"ငတုံးကောင် စာရေးဆရာ၊ မင်း . . . ငါ့ကောင်းမှုတော် ဓမ္မရံကြီး လိုဏ်ဂူတော်ဘုရားကို မရောက်ဖူး၊ မမြင်ဖူးဘဲ ငါပဲ ဒီနေ့တိုင် အစိစိငရဲရောက်နေသလိုမျိုး မဟုတ်ကဟုတ်က ရေးတဲ့ကောင် သေပေရော့ကွာ"

"မင်း . . . . ကြီး . . . မင်းကြီး . . . မလုပ်ပါနဲ့ဘုရား"

"မင်း . . . မင်း . . ."

"ကျွန်တော်မျိုး အနူးအညွတ် တောင်းပန် . . ."

"ကိုင်းဟာ . . ."

---

စိတ်ကူးသစ်စာပေ



"အမယ်လေးဗျ . . ."

နရသူဘုရင်က အသွားမြပြီး အဖျားချွန်နေတဲ့ သန်လျက်နှင့် ကျွန်တော်ရဲ့ဦးခေါင်းကို ခုတ်ချလိုက်ရော ကျွန်တော် မျက်နှာကို လက်ဝါးဆုပ်ပြီး အသံကုန် အော်ပစ်လိုက်တယ်။

ဘုရင်နရသူရဲ့ အသံလည်း မကြားရတော့ဘူး။

ကျွန်တော် ခေါင်းပေါ်ကို စိုးရိမ်ကြီးစွာ လက်နှင့်စမ်းလိုက်တယ်။

နီနီရဲသွေးစက် . . .

စေးစေးထန်းထန်းသွေးစက် . . .

စီးလိမ့်ကျလာတဲ့သွေးစက် . . .

သွေးစေးသွေးစက်ဆိုတာ ပူနွေးစေးထန်းနေရမယ်။

ဘာကြောင့် သွေးမထွက်ရတာလဲ။

ဒါမှမဟုတ် ငါ ဘုရင်နရသူလက်ချက်နဲ့ သေပြီး နောက်ဘဝအသစ်ကို ရောက်သွားလို့များ ငါ့သွေးကို စမ်းလို့မရတာလား။

မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်ရော . . .

ဟာ . . . သောက်ကျိုးနည်း . . .

ဘုရင်နရသူလည်း ရှေ့မှာ မမြင်ရဘူး။

အတိုင်းသား အထင်သားမြင်နေရတာက ရုပ်ရှင်မင်းသမီး စိုးမြတ်သူဇာရဲ့ ကိုယ်လုံးပေါ် ပြက္ခဒိန်ကြီး။

အလို . . . မိုးကလည်း စင်စင်လင်းလို့။

တောက် . . .

တော်တော်ဆိုးတဲ့ ဘုရင်နရသူပါဗျာ။ ရာဇဝင်ထဲမှာ ရက်စက်ရုံသာမကဘူး။ သူ့မကောင်းကြောင်း နည်းနည်းလေးရေးမိတဲ့ ကျွန်တော့်ကို အိပ်မက်ထဲထိ လာသတ်ပုံနှယ်ဗျာ၊

ဗွီ . . .

ဆံပင်မွေးကို ထောင်သွားတာပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

တစ်နေ့တော့ ကျွန်တော် ပုဂံကို ရောက်ခဲ့ရပါရောခင်ဗျာ။ ပုဂံခရီးစဉ်ကိုသွားဖို့ သုံးကြိမ်တိုင်တိုင် ကြိုးစားခဲ့ပေမယ့် အစီအစဉ် လုံးဝပျက်ခဲ့ရဖူးပါတယ်။

ပုဂံနှင့်ငါနှင့် ဇာတ်မတဲ့ဘူး။

ဇလုံနဲ့စားတာ အေးပါတယ်ဆိုပြီး ပုဂံခရီးစဉ်ကို လုံးဝမစဉ်းစားဘဲ မန္တလေးခရီးစဉ်ကို ရောက်သွားခဲ့ပါရောဗျာ။

အဲဒီတုန်းက မန္တလေးခရီးစဉ်ကို ထောင်ပိုင်ကြီးဦးမြဦး (စာရေးဆရာမောင်မြဦး (မြောင်းမြ) ဦးဆောင်ပြီး သွားကြတာပေါ့။

ကျွန်တော်ရယ်၊ ထုတ်ဝေသူ ကိုတင်ထွန်း၊ ထောင်မှူးကြီးသိန်းဝင်း၊ ဆရာနန်းထိုက်စိုး၊ ဝင်းနိုင်(ရွှေပြည်သာ)နှင့် ထောင်ပိုင်ကြီး ဦးမြသိန်းတို့လည်း ပါတာပေါ့။

ထောင်ပိုင်ကြီး ဦးမြဦးကောင်းမှုကြောင့် မန္တလေးအိုးဘိုအကျဉ်းထောင် ညှော်ရိပ်သာမှာ စမတ်ကျကျအိပ်ပြီး မေမြို့၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရ စုံအောင်သွားခဲ့ရတယ်။





မန္တလေးခရီးစဉ်မှ အမှတ်တရ

အဲဒီခရီးစဉ်က ပြန်လာပြီး သိပ်မကြာပါဘူးဗျာ . . .

စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းက သူ့ရဲ့မယားရှိတဲ့ တောင်တွင်းကြီးကို လိုက်ခဲ့ပါ။ ဗိဿနိုးမြို့ဟောင်းလည်း လေ့လာရင်းဆိုလို့ အစာအိမ်ရောဂါနဲ့ ဆေးရုံကဆင်းခါစ ကျွန်တော် တောင်တွင်းကြီးခရီးစဉ်ကို လိုက်[illegible]တော့တယ်။


ဒီခရီးစဉ်မှာ လူသိပ်မများဘူး။

ကျွန်တော်ရယ်၊ ထောင်မှူးကြီးသိန်းဝင်းရယ်၊ စိတ်ကူးသစ်စာပေ [illegible] ထုတ်ဝေသူကိုတင်ထွန်းနဲ့ ကျွန်တော်၊ ကိုဘုန်းနွေလွန်း၊ ကားဒရိုင်ဘာ [illegible]ခေါင်းတုံးရယ်ပဲ ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိဿနိုးမြို့ဟောင်း အမှတ်တရ

တောင်တွင်းကြီး မိဿနိုးမြို့ဟောင်းကိုရော၊ တူးဖော်နေဆဲ ပျူ ခေတ်ယဉ်ကျေးမှုလက်ရာများ၊ ပျူသင်္ချိုင်းများကိုလည်း လေ့လာခဲ့ကြတယ်၊ တောင်တွင်းကြီးဒေသက အတော်ကို ပူတာပဲဗျာ။

ပတ်ဝန်းကျင် ဘယ်နေရာကြည့်ကြည့် ထနောင်းပင်ရယ်၊ ရှားပင် ရယ်၊ ကန္တာရဆူးပင်တွေကို အနှံ့အပြား မြင်ရတယ်ဗျာ။

မိဿနိုးမြို့ဟောင်းဆိုတာ ဒွတ္တဘောင်မင်းကြီး အုပ်စိုးတဲ့ သရေ ခေတ္တရာပြည်နဲ့ ခေတ်ပြိုင်ပါ။

မိဿနိုးမြို့တော်ကို အုပ်ချုပ်တာက ပန်ထွာဘုရင်မ။

ပန်ထွာဘုရင်မအကြောင်းကို ကွယ်လွန်သွားပြီဖြစ်တဲ့ နိုင်ငံကျော် စာရေးဆရာကြီး နိုင်ဝင်းဆွေက မဟူရာမေတ္တာအမည်ရှိ လုံးချင်းဝတ္ထုရှည် ကြီးကို လွန်ခဲ့သည့် အနှစ်(၄၀)ခန့်က ရေးခဲ့တာ အလွန်ကို ကျော်ကြားခဲ့ ပေါ့ဗျာ။





မျက်မှောက်ခေတ်မှာ ထောင်မှူးကြီးသိန်းဝင်းကလည်း တောင် တွင်းကြီးသမိုင်းကို ဖတ်ပြီး မိဿနိုးအိပ်မက်ကို ရေးခဲ့တယ်။

မိဿနိုးရယ်၊ သရေခေတ္တရာရယ်၊ ပန်ထွာဘုရင်မရယ်၊ ဒွတ္တ ဘောင်မင်းကြီးတို့ အကြောင်းရယ်ကို အရှည်မပြောတော့ဘူးဗျာ။

ကျွန်တော် ဂမ္ဘီရမေတ္တာဘွဲ့ မိဿနိုးနောက်ခံဝတ္ထုရှည်ကို သမိုင်း ကွဲလွဲချက်နဲ့ရော၊ ခေတ်အတွေးအမြင် ခံစားချက်နှင့်ရော ရေးထားပါတယ်။ ဆုံဝတ္ထုရှည်ပါ။

'လင်မှန်းဘုရင်မ ပန်ထွာ'ပါတဲ့။

အဲဒီဝတ္ထုကို ဖတ်ကြည့်စေဖန်ပါလို့ မေတ္တာရပ်ခံပါတယ်။

တောင်တွင်းကြီး သမိုင်းစဉ်ကနေ မကွေးမြသလွန်ဘုရားကို ရောက် . . .

ပြီး . . . ပုပ္ပားတောင်မကြီးပေါ်က မိဿနိုးဆရာတော်ကြီးကို ဝင် ဖူးကြတယ်။ အဲဒီမှာ ထောင်မှူးကြီးသိန်းဝင်းကို ဆရာတော်က နောက်ထပ် ကလောင်အမည်ခွဲတစ်ခု ထပ်ပေးလိုက်တယ်။

'ငတုံးကြီး' တဲ့။

ကောင်းလိုက်တဲ့ နာမည်ဗျာ။ တနင်္လာနံနှစ်လုံးကြားမှာ စနေနံ ခံထားတာ။ ပေဒင်စကားနဲ့ဆို ကျားနှစ်ကောင်စိုးတဲ့ နဂါးကြီးလို့ အဓိပ္ပာယ် ရတယ်။ ဟား . . . ဟား . . . ဟား . . . အဖိုးတန်နာမည်ဗျာ။

ကျွန်တော်တို့ စာပေလောကမှာလည်း ကလောင်တူတွေက ရှိ ကြတာကိုး။

သန်လျင်မောင်မောင်ဦး၊ စနိုးပိုက်မောင်မောင်ဦး။

မောင်ညိုမှိုင်း (သန်လျင်)၊ မောင်ညိုမှိုင်း(ဖင်းကျိုက်)။

(မှတ်ချက် ။ ။ ဆရာ မောင်ညိုမှိုင်း(ဖင်းကျိုက်)က ကျွန်တော့် ရှေ့က စီနီယာဖြစ်ပါတယ်)

သန်လျင် မောင်ဥက္ကာ၊ တွံတေး မောင်ဥက္ကာ။



www.burmeseclassic.com

www.burmeseclassic.com



ရေကျော် မောင်မောင်နှင့် မောင်မောင် (ဂမ္ဘီရ) စသည်ဖြင့်ပေါ့။ အကြောင်းကြောင်းကြောင့် ကလောင်အမည်တွေ (ဒေသကွဲ)တွေ ရှိနေတာကိုး။ ဆရာတော်က ကြိုမြင်သနဲ့ တူပါရဲ့လေ။

(ငတုံးကြီး)ဆိုတဲ့ ကလောင်အမည်သစ်ကို ပေးလိုက်တယ်။

အဲဒီအကြောင်းကလည်း ဂမ္ဘီရ အတော်လေး ဆန်တယ်ခင်ဗျာ။ အဲ့ဒီအကြောင်းကိုလည်း သီးသန့် ဝတ္ထုတိုရေးပြီး မှတ်တမ်းတင်ပါမယ်။



မကွေးမြသလွန်ဘုရားကြီး

ကံကောင်းချင်တော့ ...

ကျွန်တော်တို့ မကွေး မြသလွန်ဘုရားကအပြန် ပုဂံညောင်ဦးကို ရောက်ခဲ့ရပြီး ကျွန်တော်နဲ့ မကြာခဏ လွဲခဲ့ရတဲ့ ပုဂံကို ရောက်ခဲ့ရပါရောဗျာ။





ပုဂံရောက်တော့မှ ကျွန်တော့်ဘဝမှာ အံ့ဩစရာကောင်းတဲ့ ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ် ဝတ္ထုဇာတ်ကို ဆန်းကြယ်စွာ ကြုံခဲ့ရတာပါပဲ။

ကြည့်စမ်း ...

မဟာပုဂံ ...

ဟိုး ... လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ရွှေပေါက်ကံရယ်လို့ အစပြုခဲ့ကာ ကြီးပွားကျော်ကြားခဲ့ရတဲ့ ရှေးမင်းနေပြည်တော် ပုဂံ။

တန္တရဝါဒ၊ အရည်းကြီးဝါဒတို့ကို တော်လှန်ဆန့်ကျင်ပြီး ထေရဝါဒ ဗုဒ္ဓသာသနာဘာသာကို စည်ဝေအောင်ပြုခဲ့တဲ့ ဘုန်းရှင်ကံရှင် အနော်ရထာမင်းစောရဲ့ ပထမမြန်မာနိုင်ငံတော် ပုဂံ။

မင်းကောင်းမင်းမြတ်တွေ ပေါ်ထွန်းခဲ့သည့် ပုဂံ။



လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်း



www.burmeseclassic.com


www.burmeseclassic.com



လှည်းဝင်ရိုးသံ တညံညံ၊ ပုဂံဘုရားပေါင်းဆိုတဲ့ စကားနဲ့အညီ ပုဂံကနေ ညောင်ဦးတစ်လျှောက် လက်ညှိုးထိုးမလွဲတဲ့ ရှေးဟောင်းပုဂံဘုရားတွေက သမိုင်းဝိညာဉ်များ ရှင်သန်၍ အကန်တော့ခံနေဆဲ။

ရှင်သန်စိမ်းစိုဆဲ။

ဟော ....ဟို ဧရာမြစ်ကမ်းနံဘေးက လောကနန္ဒာဘုရား။



လောကနန္ဒာဘုရား



သီရိပစ္စယာရွာမှာ ခန့်ငြားလိုက်တာ။

ဘုရားဒါယကာက အနော်ရထာမင်းကြီးတဲ့။

ပြီးနောက် အနောက်ဖက် လိပ်ဘုရားနှင့် အရှေ့ဘက် လိပ်ဘုရား။

ညောင်ဦးကိုရောက်တော့ အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းတို့ရဲ့ကောင်းမှုတော်။ မဟာရွှေစည်းခုံဘုရား၊ ကျန်စစ်သား ဥမင်ဘုရား ဝက်ကြီးအင်းက ဂူပြောက်ကြီးဘုရား။

အဲဒီမှာ သမီးဝှက်ဥမင်နဲ့ မြားသဥမင် အံ့သြစရာပဲ။ ညောင်ဦးမြို့ အရှေ့တောင်ဘက် ငှက်ပစ်တောင် အရှေ့မြောက်ယွန်းယွန်းမှာ အံ့ဖွယ်ရှိနေတာခင်ဗျ။

ပျူစောထီးမင်းနဲ့ ဆက်စပ်တဲ့ ဥမင်လို့ သိခဲ့ရပါပကော။

ပုဂံမှာ ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး ရှူးပျံကြီးနဲ့ ဘူးပင်ကြီးတို့က ပုဂံသူပုဂံသားတွေကို အသက်အန္တရာယ်ပြုနေချိန် ...။

အဲဒီမှာ ငှက်ဆိုးဆင်ငှက်ကြီးကို ပျူစောထီးက လေးမြားနဲ့ ပစ်ခွင်းသတ်ခဲ့လို့ ငှက်ကြီးလည်းသေ။

ဝက်ဆိုး၊ ကျားဆိုး၊ ဘူးနွယ်ဆိုးတို့ကိုလည်း ပျူစောထီးက သုတ်သင်ပစ်လို့ ပုဂံသူ၊ ပုဂံသားတွေ ဥမင်ခေါင်းထဲမှာ ပုန်းစရာမလိုတော့ဘဲ အေးချမ်းစွာ လုပ်ကိုင်စားသောက်နိုင်တာတဲ့။

နောင် ... ဗုဒ္ဓသာသနာ ပုဂံမှာ ထွန်းကားလာတော့ ရဟန်းတော်များ တရားအားထုတ်ရာနေရာ ဖြစ်ခဲ့တယ်။

အဲဒီဥမင်ထဲကနေ (၁၅)ရာစု ကျောက်စာရေးထိုးထားတာကို နောင်အခါ တွေ့ခဲ့ရပြီး ကျောက်စာရဲ့အဆိုအရ အဲဒီဥမင်ကို ပုဂံခေတ်တုန်းက (ဝံပဲကျဥမင်)၊ (ဝမ်းဘဲကျဥမင်)လို့ ခေါ်သတဲ့။


ပုဂံမှာ အံ့သြစရာကောင်းတဲ့ ဘုရားတစ်ဆူက ထီးလိုမင်းလို ဘုရားများ အပေါ်ကို မတ်နေတဲ့ စောင်းတန်းမြင့်ကြီးနဲ့ တက်ရတာ။ အကြီးအကျယ်ကို ရှေးမင်းတွေ ကုသိုလ်ပြုခဲ့တာပဲကိုး။

နောက်ခံရာဇဝင်ကလည်း ဂမ္ဘီရဆန်သားခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ထီးလှိုမင်းလှိုဘုရားအား ဖူးမြော်ရပုံ

ပုဂံမှာ နရပတိစည်သူမင်းကြီး နတ်ရွာစံခါနီးမှာ သားတော်များ အနက် တစ်ဦးကို နန်းရစေချင်တယ်။

သို့ပေမဲ့ . . .





သားတော်များအားလုံး ကျေနပ်သဘောတူစေချင်လို့ သားတော် များအားလုံးအလယ်မှာ ထီးဖြူစိုက်ပြီး မင်းကြီးက သစ္စာဆိုလိုက်တယ်။

"အမှန်တကယ် မင်းဖြစ်ထိုက်သူရှိရာကို ထီးဖြူ ညွှတ်ပါစေ သတည်း"

လို့ အဓိဋ္ဌာန်လိုက်ရော . . .

ထီးဖြူဟာ သားတော် နားတောင်းများမင်း(ဇေယျသိခ်)ရဲ့ ဦးခေါင်း ဘည့်တည့် ညွှတ်ပါရောတဲ့ဗျာ။

နားတောင်းများမင်း ဘုန်းကံကြီးပုံက ဒီလိုခင်ဗျ။

နရပတိစည်သူမင်းဆိုတာ ကုလားကျမင်းနရသူရဲ့ သားတော်အငယ် ပဲ။ နောင်တော် မင်းယဉ်နရသိခ်က နရပတိစည်သူရဲ့ မိဖုရား ဝေဠုဝတီ ကို တပ်မက်ပြီး ညီတော် နရပတိစည်သူကို ဆောင်းချမ်းအရပ် စစ်ထွက် ခိုင်းတယ်။

ဆောင်းချမ်းကို ညီတော် နရပတိစည်သူရောက်နေတုန်းမှာပဲ ချယ်မတော် မိဖုရားဝေဠုဝတီကို နောင်တော်ဘုရင် မင်းယဉ်နရသိခ်က အဓမ္မ နန်းတင်လိုက်တယ်။

ယုတ်မာအကြံပက်စက်တဲ့ နောင်တော်ရဲ့ အပြုအမူကိုကြားသိရော နောင်တော်ကို ပုန်ကန်တိုက်ခိုက်ရာမှာ နရပတိစည်သူရဲ့အမှုထမ်း အောင် ရှာငယ် လုပ်ကြံလို့ မင်းယဉ်နရသိခ် ရေအိမ်မှာ အနိစ္စရောက်ခဲ့ရတယ်။

နရပတိစည်သူမင်းကလည်း စိတ်မြန်ကိုယ်မြန် ဒေါသကြီးတဲ့မင်း ပဲ။

သူမင်းဖြစ်တော့ နောင်တော်ရဲ့ အထိန်းတော်အမတ်ကြီး အနန္တ သူရိယကို သတ်ပစ်တယ်။

အနန္တသူရိယအမတ်က မသေခင် သူသတ်ကုန်းမှာ 'သူတည်း တစ်ယောက် ကောင်းဖို့ရောက်မူ အမျက်ဖြေလက်ာ' ကို ရေးသားဆက်သွင်း ပြီး အသတ်ခံသွားရရှာတယ်။

သို့သော် . . .



www.burmeseclassic.com

www.burmeseclassic.com



နရပတိစည်သူမင်းက တိုင်းကျိုးပြည်ကျိုးကို မမေ့မလျော့ပြုပြီး ကျောက်ဆည် တမုတ်ဆိုးတူးမြောင်းများက ရေဖြာစေပြီး လယ်ယာစပါး ကောက်ပဲသီးနှံများကို ဖြစ်ထွန်းစေတယ်။

ဘုရားတွေ အများကြီးတည်ရာမှာ ထင်ရှားတဲ့ဘုရားများကတော့ ပုဂံမှာ လိုက်နှစ်ဆင့်ရှိ စူဠာမဏိဘုရား၊ ဂေါတော့ပလ္လင်ဘုရား၊ ငါးမျက်နှာရှိ ဓမ္မရာဇိကဘုရား၊ ရွှေဘိုမြို့မှာ ရွှေတန်းဆာဘုရား၊ သရက်မြို့မှာ မြသိန်းတန်ဘုရား၊ စွယ်တော်ဘုရား၊ မုံရွာမှာ စေတီလှဘုရား၊ ကျောက်ဆည်မှာ ဖောင်တော်ဦးဘုရား၊ မြိတ်မြို့မှာ ဇေတဝန်ဘုရားများကို တည်ခဲ့တဲ့မင်းပါ။

ပြီး . . . နရပတိစည်သူမင်းဟာ သီဟိုဠ်ကျွန်းမှာ သာသနာညစ်နွမ်းနေလို့ သာသနာတော်ကို သန့်စင်သုတ်သင်ပေးခဲ့တယ်။

ဒီနေရာမှာ မှတ်သားစရာတစ်ခုကို ပြောပြချင်ပါတယ်ခင်ဗျာ။

သူ့နောင်တော် မင်းယဉ်နရသိင်္ခ၏ အထိန်းတော်သား သုတ်သင်ခံရတဲ့ အမတ်အမည်ကလည်း အနန္တသူရိယပဲ။

အခု ညီတော် နရပတိစည်သူရဲ့ သူရဲကောင်း အမတ်ကြီးကလည်း အနန္တသူရိယအမတ်ဆိုတာပါပဲ။

ဘုရင် နရပတိစည်သူဟာ သူ့ရဲ့အမတ် အနန္တသူရိယအမတ်ကို နှစ်သက်တော်မူလွန်းလို့ သူ့ရဲ့ မိဖုရားငယ်က ဖွားမြင်တဲ့ ဇေယျသိင်္ခရဲ့ နမတော် မင်းသမီးနှင့် စုံဖက်ပေးစားပြီး သက္ကရာဇ် (၅၆၆) ခုမှာ ဆွာချောင်းကမ်းပါးပေါ်က ကမ်းပါးမြင့်ရွာကို အပိုင်စားပေးတော်မူတယ်။

နရပတိစည်သူမင်းမှာ သားတော်ငါးပါးရှိတယ်။ သားတော်အငယ် ဇေယျသိင်္ခကို နန်းစောင့်ထားတယ်။

အခု ထီးဖြူကလည်း သားတော်ဇေယျသိင်္ခ(နားတောင်းများမင်း) ပေါ်ကို ညွတ်တာကြောင့် ထီးလိုမင်းလိုမင်းလို့ နောင်အခါ အမည်တွင်သွားခဲ့သတဲ့။

ထီးလိုမင်းလိုဘုရားဟာ ဉာဏ်တော်မြင့်ပေ (၁၅၀)ရှိပြီး ဘေးတစ်ဖက်စီရဲ့အကျယ်က ပေ(၁၄၀)ရှိပြီး လိုဏ်ဂူတော်ဂူဘုရား အကြီးစားပါ။





အဲ့ဒီကနေ မြင်းကပါရွာရှိ မနူဟာဘုရား၊ မနူဟာဘုရင်နေခဲ့တဲ့ နန်းဘုရား၊ အပယ်ရတနာဘုရား၊ စိမ်းညက်ညီအစ်မဘုရားတို့ကို ကျွန်တော်တို့ ရောက်ခဲ့ကြတယ်။

ဒီမှာ ထူးခြားနေတာက ကျွန်တော်တို့ရောက်လေရာ ဘုရားများမှာ ခေတ်ပေါ်မျက်မှန်အမည်းကြီးတပ်ပြီး မျက်နှာကို ပဝါအကောင်းစားသိုင်းထားတဲ့ အသားဖြူဖြူ၊ တောင့်တောင့်ဖြောင့်ဖြောင့်၊ အမျိုးသမီးတစ်ဦးပဲခင်ဗျာ။

သူမရဲ့အဖော် အမျိုးသမီးတစ်ဦးကလည်း ဖြူဖြူဖွေးဖွေး၊ သန့်သန့်ချောချောလေးပဲ။ ကြည့်ရတဲ့ပုံကတော့ လူကုံထံအသိုင်းအဝိုင်းကလို့ ဆင်ရတာပဲ။ ရွှေတွေကလည်း ညွတ်နေတာပဲ။

ဝတ်စားထားပုံတွေကလည်း အဖိုးတန် အကောင်းစားတွေ။

စကားပြောရင် ခပ်တိုးတိုး ပြောကြတယ်။

လှုပ်ရှားမှုတွေက အားလုံး ညင်သာသိမ်မွေ့ကြတယ်။

သူတို့သဏ္ဌာန်က ဆွေမျိုးညီအစ်မဖွား သဏ္ဌာန်ပဲ။ ရုပ်ရည်နဲ့ ကိုယ်လုံးကိုယ်ပေါက်တွေကအစ ဆင်ဆင်တူသူတွေရယ်။

အဲဒီထဲက ခေတ်ပေါ်မျက်မှန်အမည်းတပ်ပြီး ခေါင်းစီးပုဝါ မျက်နှာပါသိုင်းချည်ထားတဲ့ အမျိုးသမီးတစ်ဦးက ကျွန်တော့်သူငယ်ချင်း ဘုန်းနွေလွန်းရဲ့နံဘေးမှာ တစ်ထွာသာသာကပ်ပြီး ဘုန်းနွေလွန်းနဲ့ ဘုရားယှဉ်တွဲနိုးနေတဲ့ပုံပဲ။

ကျွန်တော့်သူငယ်ချင်း ဘုန်းနွေလွန်းက မိုးကုတ်က ကျောက်တွင်းပိုင်ရှင်ရဲ့ တစ်ဦးတည်းသောသားပါ။

အသားဖြူဖြူ၊ အရပ်မနိမ့်မမြင့်၊ သွယ်သွယ်သန့်သန့်။ မိန်းမချောချောတဲ့ ယောကျ်ားတစ်ဦးလေ။ ခေတ်ပညာတတ်၊ စာအုပ်စာပေလည်း အလွန်မြတ်နိုးတဲ့သူပါ။

ပြီး . . . သူက ခေတ်ပေါ်အဆိုတော်တစ်ဦးလည်း ဖြစ်တယ်။ သူ့ရဲ့ 'လရောင်နမ်းတဲ့ပါး'သီချင်းခွေက ပေါက်သွားတယ်။ အဲ့ဒီသီချင်းကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com




တိုင်ဆိုထားသလို နိုင်ငံကျော် မော်ဒယ်ချောချောလှလှလေးတွေနဲ့ တွဲဖက် သရုပ်ဆောင်ထားတော့ သူ့ကို အတော်များများကမြင်ရင် သိကြတာများ တယ်ကိုး။

ခုလည်းကြည့် ....

မကွေးမြသလွန်ဘုရားပေါ်မှာကတည်းက တွေ့ခဲ့ရတဲ့ အမျိုးသမီး နှစ်ဦးဟာ အခု လောကနန္ဒာဘုရားရောက်လည်း မျက်မှန်အမည်းရောင်နဲ့ ပဝါအဝါရောင်ခေါင်းစည်း အမျိုးသမီးက ဘုန်းနွေလွန်းရဲ့ နံဘေးမှာကပ် ပြီး ဘုရားကို ရှိခိုးနေတာပဲ။

မသိရင် လင်မယားအတွဲ၊ သမီးရည်းစားအတွဲလို့ ထင်ရလောက် ပေရဲ့ခင်ဗျာ။ သို့သော် အမျိုးသမီးက ကန်တော့ပြီးတာနဲ့ ရုတ်တရက် ထ သွားတာပဲ။



ရွှေစည်းခုံဘုရား





အဲဒါ ရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရား ရောက်သည်အထိ ကျွန် တော်တို့ကိုလည်း ရင်းနှီးဟန်မပြဘူး။

ကျွန်တော်တို့လူ ဘုရားရှိခိုးရာ နံဘေးဝင်ကပ်ပြီး ဘုရားရှိခိုးတာ ပဲ၊ သူမရဲ့အကျႌပေါ်က ပန်းစံပယ်ရနံ့ ရေမွှေးရနံ့ကတော့ ဘုရားဝတ်ပြုနေ သူများကို လွှမ်းမိုးသွားတာပဲ။

ပြီးရင် ... ကိုဘုန်းနွေလွန်းကို မသိမသာ တစ်ချက်စောင်းကြည့် ပြီး ရုတ်ခနဲ ပြန်ထသွားတယ်။ စံပယ်ပန်းရနံ့ ရေမွှေးရနံ့က ဝေ့ဝဲကျန်ရစ်။

"ကိုလွန်း ..."

"ခင်ဗျာ ... ဆရာမှိုင်း"

"ကိုလွန်းနံဘေးမှာ ဘုရားတွေရောက်တိုင်း ခင်ဗျားဘေးလာ ကပ်ထိုင်ပြီး ဘုရားရှိခိုးတဲ့ အမျိုးသမီးကို သတိပြုမိရဲ့လား"

"ကျွန်တော်လည်း ဘုရားပဲ အာရုံစိုက်ရှိခိုး၊ မေတ္တာပို့၊ အမျှဝေ လုပ်နေရလို့ သိပ်သတိမထားမိဘူး ... ဆရာမှိုင်း။ ဒါပေမဲ့ မွှေးကြိုင်နေတဲ့ စံပယ်ပန်းရနံ့ကတော ကျွန်တော့်အကျႌမှာ စွဲကျန်ရစ်နေတာပဲ။ ဘာဖြစ် လို့လဲ"

"မကွေးမြသလွန်ဘုရားကနေ ရွှေစည်းခုံဘုရားအထိကို ခင်ဗျား ဘုရားဝတ်ပြုတိုင်း အဲ့ဒီအမျိုးသမီးက ခင်ဗျားဘေးမှာ ကပ်ပြီး ဘုရားရှိခိုး နေတာ ထူးခြားနေလို့ဗျ"

"တိုက်ဆိုင်လို့နေပါလိမ့်မယ် ဆရာမှိုင်းရာ"

"တိုက်ဆိုင်ပုံကလည်း ဆန်းသလိုလိုရှိလို့ပါ။ မယုံရင် ထောင်မှူး ကြီးသိန်းဝင်းနဲ့ ကိုတင်ထွန်းကို မေးကြည့်"

ဒီမှာ ထောင်မှူးကြီးသိန်းဝင်းက ...

"ဟုတ်တော့ ဟုတ်တယ်ဗျာ။ အမျိုးသမီးရဲ့မျက်နှာကို အသေ အချာ မမြင်ရဘူး။ ပဝါစီးပြီး နေကာမျက်မှန်အမည်းတပ်ထားတော့ သူ့မျက် နှာအချောအလှကို အသေအချာ မမြင်ရဘူး။ ဒါပေမဲ့ ...."

"ဒါပေမဲ့ ဘာဖြစ်တုံး ... ဆရာထောင်မှူးကြီး"

"ကိုယ်လုံးကိုယ်ပေါက် အရမ်းမိုက်ပြီး အသားက ဝင်းဝါစိုပြေ နေ့အဆင်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မဟာရဋ္ဌသာရလို ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်တို့ ဘာတို့ စာဖွဲ့မနေနဲ့။ ဟိုမှာ သူတို့ကားထွက်သွားပြီ။ ဒီတစ်ခါကြုံရင် ကျုပ် ဝင်မိတ် ဆက်မယ်"

"အမ်မယ် ․․․․ မောင်တင်ထွန်း ․․․ မင်းက ․․․"


"ဟုတ်တယ်လေဗျာ။ ခင်ဗျားတို့ ညှိနေကြပေမယ့် ကျုပ် မညှိ ချင်ဘူး။ ကိုယ်ဦး ကိုယ်ယူပဲ"

"ဟား ․․․ ဟား ․․․ ဟား ․․․ မောင်တင်ထွန်း၊ ငါ့လူ ․․․ ကိုယ် တို့က မောင်ရင့်ကို သက်နိုးဝတ်ပြီး တောထွက်မယ်မှတ်နေတာ။ ခုတော့ လည်း ငါ့လူမှာ ဒီစိတ်ဒီဆန္ဒလေး ရှိသေးသကိုးဟ ․․․․ ဟား ․․․ ဟား ․․․ ဟား ․․․"

ထောင်မှူးကြီးသိန်းဝင်းက ကိုတင်ထွန်းကြည့်ပြီး အားရပါးရ ရယ် ပါရောဗျာ။ ကိုတင်ထွန်းက ရင်ကော့ပြတယ်ဗျာ။

"ကိုင်း ․․․ ငါတို့ ရှေ့ဆက်ရအောင်ဟေ့"

ဒီလိုနှင့် ကျွန်တော်တို့ကားလေးဟာ မင်းနန်သူရွာကို ဝင်ပြီး သမ္ဗျူလဘုရား၊ ဘုရားသုံးဆူတို့ကို ဝင်ဖူးလိုက်ကြတယ်။




ကန်ဆယ်ရင် ကံကောင်းတဲ့ မင်းနန်သူ့ကန်



မင်းနန်သူရွာရှေ့ ရားပင်၊ ကန္တာရပင်တွေကြားမှာ ရေကန်တစ်ကန် ကို ရှားရှားပါးပါး မြင်ခဲ့ရလေရဲ့။ ရှေးတုန်းကတည်းက ရှိခဲ့တဲ့ ရေကန်ပဲ၊ ယခု မင်းနန်သူ ရွာသူအလှတွေ ရေခပ်ဆင်းကြလို့။ နွေမှာတော့ ရေခန်း သတဲ့။ ကံကောင်းချင်ရင် ရေကန်ကို အလျှင်အဦး ဆယ်ရတယ်တဲ့။ ဆယ် ပြီးရင် လုပ်ငန်းတွေ အဆင်ပြေရောတဲ့ဗျာ။

မင်းနန်းသူကန်ရဲ့ ဒီဘက်မှာ ဘုရားသုံးဆူ ရှိတယ်ဗျ။



ဘုရားသုံးဆူဘုရားများ

ဘုရားသုံးဆူဆိုတာ ဂူဘုရားသုံးဆူ ယှဉ်တွဲပြီးဆောက်ထားတာ။ ဘစ်ဆူနဲ့တစ်ဆူကို ပေါင်းကူးစကြန်လမ်းကျဉ်းကျဉ်းနဲ့ ဆက်ထားတယ်။ ဂူ ဘုရားသုံးဆူစလုံး ဂူနံရံမှာ ပုဂံခေတ် ဆေးရေးပန်းချီများဟာ ခေါင်မိုးတိုင် အောင် ရေးထားတာ အံ့ဖွယ်မြင်ခဲ့ရတယ်။ လမ်းပြလုပ်တဲ့ ကိုမောင်ဖော်လင်း ရဲ့ ရှင်းပြချက်အရ နံရံပေါ်က ဆေးရေးတွေက ဗုဒ္ဓဝင်ရှစ်ခန်း၊ နှစ်ကျိပ်ရှစ်ဆူ



www.burmeseclassic.com

www.burmeseclassic.com




ဘုရားများ၊ သံဗုဒ္ဓေဘုရားများ၊ ငါးရာ့ငါးဆယ်ဇာတ်တော်၊ ပန်းကနုတ်များ၊ နတ်ကိန္နရာများ၊ ဘီလူး၊ သားရဲ၊ မြွေ၊ နဂါး၊ ဆင် စသည်တို့ကို ရေးဆွဲထားပုံများဟာ လက်ရာမြောက်လွန်း အနုစိတ်လွန်းသလို . . .

ယနေ့တိုင် ခိုင်ခိုင်ခန့်ခန့် ရှိနေတာကို အံ့ဖွယ်မြင်ရတာပဲ။

သို့သော် တတိယမြောက်ဂူမှာတော့ နံရံပန်းချီဆေးရေး လုံးဝ မတွေ့ရတော့ဘူး။ အချို့က နံရံဆေးရေးပန်းချီကို ခွာခိုး ရောင်းစားကြ သတဲ့ဗျာ။

ယဉ်ကျေးမှုတန်ဖိုး မသိနားမလည်တဲ့ ကိုယ်ကျိုးရှာသမားတွေပဲ။



ဓမ္မရာဇိကဘုရား၌ ယခုထက်တိုင် စောင့်ရှောက်နေသော ဓမ္မပါလစစ်သူကြီး

ပြီး . . . ဖွားစောရှာက ဓမ္မရာဇိကစေတီကို ဝင်ဖူးလိုက်ရော။ အဲဒီမှာ သစ်မထီးကျောင်းတိုက်ကြီးကို အုတ်ဂူမြင့်မြင့်ကြီး ဆောက်ထားတာ မြင်လိုက်ရလို့ အံ့ဩသွားရပါရောဗျာ။



ပိုပြီး အံ့ဩရတာက . . .

ပုဂံမြို့ရဲ့ တောင်ယွန်းယွန်းအရပ်၊ ပုဂံမြို့ နန်းဟောင်းနဲ့ဆို အလွန်ဝေးလွန်းလှတဲ့အရပ်မှာ နာမည်ကျော် ဓမ္မရံကြီးလိုဏ်ဂူတော်ဘုရားကို အံ့ဖွယ်လေးစားဖွယ်၊ ဂုဏ်ယူဖွယ်မြင်လိုက်ရရော။

ကျွန်တော် ပေါက္ကံ(ပုဂံ)ပြည့်ရှင် နရသူမင်းကို အားနာလိုက်ရတာ။

ဒါနှင့်အတူ ကျွန်တော့်နားထဲမှာ ဘုရင်နရသူ အိပ်မက်ပေးပြီး ပြောသွားခဲ့တဲ့ စကားတွေကို နားနဲ့မဆန့် ကြားနေရတယ်။

"ဟေ့ . . . ငတုံးကောင် စာရေးဆရာရဲ့ . . . မောင်မင်းက ငါ့ရဲ့ ကောင်းမှုတော်ဖြစ်တဲ့ ပုဂံအရပ်က ဓမ္မရံကြီးလိုဏ်ဂူတော်ဘုရားကို မရောက်ဖူး မမြင်ဖူးဘဲနဲ့ ငါပဲ ဒီနေ့အထိ အဝီစိငရဲကိုရောက်နေသလိုမျိုး မဟုတ်က ဟုတ်က ရေးချင်တဲ့ကောင် . . . သေရောကွာ"

"အမယ်လေး . . ."

ပြန်တွေးပြီး ကြက်သီးထလိုက်တာဗျာ။

အလို . . . ဒါ . . . ပုဂံဘုရင် နရသူရဲ့ ကောင်းမှုတော် ဓမ္မရံကြီးတဲ့လား ဟရို့။

ဘုရား . . . ဘုရား . . . ကြီးမားကျယ်ပြန့် ထုလိုက်တဲ့ထုဗျာ။ အင်း . . . . ဘုရားရှေ့မှာရေးထားတဲ့ စာကဗ္ဗည်းကို ဖတ်လိုက်တော့မှ ပုဂံမှာ ရှိရှိသမျှ ဘုရားထုထည်အကြီးဆုံးဘုရားလို့ ဆိုရလောက်ပါပေရော့ ကလား။

အုတ်စီပုံက ဓားစီခုတ်ခေါ် အုတ်ကျောက်ကို ဓားနဲ့ရွေခုတ်ပြီးမှ သွေတ်၊ အင်္ဂတေ သပ်စီပြီး လုပ်ထားတာ။

အပ်ထိုးမရအောင် စေ့စပ်တဲ့ လက်ရာပါကလား။

စတုရန်းပုံ လေးမျက်နှာပေါ်မှာ အာရုဏ်ခံမုခ်တွေနဲ့ ဒီဘုရားကို ဘုရင်နရသူ အပြီးအစီးတည်သွားတာ မမြင်လိုက်ရဘူး။

နရသူမင်းဟာ (၁၁၆၃)မှ (၁၁၆၅) နှစ်နှစ်ပဲ ပုဂံထီးနန်းကို စိုးစံလိုက်ရရှာတယ်။


---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com





နရသူမင်းအကောင်းမှုတော် ဓမ္မရံကြီးဘုရားပေါ်၌

သူဟာ အလောင်းစည်သူမင်းရဲ့ သားတော်နှစ်ပါးအနက်က အငယ်ပါ။ သူ့နောင်တော်က မင်းရှင်စောလို့ ခေါ်တယ်။ မင်းရှင်စောကို အလောင်းစည်သူမင်းကြီး အမျက်တော်ရှိလို့ ထွန်တုံးပုတက် အရပ်ကို နှင်လိုက်တယ်။

မကြာဘူး ‥ အလောင်းစည်သူမင်းကြီး နာမကျန်းဖြစ်ပြီး သလွန်စက်ရာမှာ လဲလျောင်းနေတုန်း သားတော်နရသူက လုပ်ကြံပြီး ပုဂံထီးနန်းကိုသိမ်းလို့ ဘုရင်လုပ်ပါရော။

ဒီသတင်းကို နောင်တော်မင်းရှင်စော ကြားသိတော့ အလုံးအရင်းနဲ့ ချီတက်လာစဉ်မှာပဲ နရသူက မဟာပံ့သကူမထေရ်ကတစ်ဆင့် နောင်တော်ကိုပင့်ပြီး ပုဂံထီးနန်းကို မနက်မှာအပ်တယ်။





ညနေရောက်ရော မင်းရှင်စောကို အစာထဲမှာအဆိပ်ခတ်ပြီး သတ်လိုက်ပါရော။ ပံ့သကူမဟာထေရ်လည်း နရသူ ကတိမတည်ဘူးဆိုပြီး စိတ်ဆိုးလို့ ပုဂံမှာမနေဘဲ သီဟိုဠ်ကို ကြွသွားတော်မူတယ်။

မကြာဘူး ဖခမည်းတော် အလောင်းစည်သူမင်းရဲ့ ကျန်ရစ်တဲ့ မိဖုရား ပဋိက္ကယားမင်းရဲ့ သမီးတော်ကို နရသူ အမျက်ရှပြီး ကွပ်မျက်ခဲ့ပြန်တယ်။

ဒီရန်ငြိုးကြောင့် နရသူကို ကုလားသူသတ်တို့ စေလွှတ်ပြီး လုပ်ကြံလို့ နတ်ရွာစံရော။ သမိုင်းမှာ ကုလားကျမင်းလို့ တွင်သွားရော။

အိန္ဒိယပြည်၊ ပဋိက္ကယားမင်း စေလွှတ်လိုက်တဲ့ ကုလားသူသတ်သမားရှစ်ယောက်က ပုဏ္ဏားယောင်ဆောင်ပြီး လုပ်ကြံတယ်။ နရသူကိုသတ်ပြီး သူတို့ရှစ်ယောက်လည်း ကိုယ့်ကိုယ့်ကိုယ် အဆုံးစီရင်သွားတယ်လို့ သမိုင်းမှာ သိလိုက်ရတယ်။

နရသူ လုပ်ကြံမခံရခင်မှာ နောင်တတရားတွေရလို့ ဓမ္မရံကြီး လိုဏ်ဂူတော်စေတီတော်ကို ပုဂံလက်မှု ပန်းရံဗိသုကာပညာရှင် အလုပ်သမားများစွာနှင့် စိုးရိမ်ကြီးစွာ တည်ခဲ့သော်လည်း မပြီးခင်မှာ ကုလားလက်ချက်နဲ့ သေခဲ့ရတယ်လေ။

ဟုတ်ပေပေါ့ဗျာ။

မင်း ‥‥ နရသူ၊ ပဉ္စာနန္တရိယကံထိုက်မှာ ကြောက်လွန်းလို့ အလွန်အထည်လည်း ကြီးမားတဲ့ ဓမ္မရံကြီးကို အမြန်တည်စေခဲ့တာပေါ့ဗျာ။ ပန်းရံပညာရှင်နဲ့ အလုပ်သမားတွေလည်း နှောင့်နှေးကြန့်ကြာရမလားဆိုပြီး သတ်တာ မနည်းဘူးတဲ့။ ဘုရားစေတီကြီးပြီးရင် သူ့အမှား၊ သူ့နောင်တများအတွက် အဖနှင့်အစ်ကိုကို ရည်စူးပြီး ရေစက်ချအမျှဝေမယ်ပေါ့။

သူ ကြောက်ရွံ့စိုးရိမ်စိတ်တွေ များနေတယ်လေ။

ဘုရားမပြီးခင် နတ်ရွာစံပြီး အပါယ်လားရမှာကို ရင်ထိတ်နေတာကိုး ဒီမှာ ကုလားမင်းသမီးကို သတ်လိုက်တဲ့ အမှားဒဏ်ကို ပြန်ခံလိုက်ရပြီး ဓမ္မရံကြီး မပြီးခင်မှာ နတ်ရွာစံခဲ့ရတယ်။


အင်း ‥‥ အကယ်၍သာ ဓမ္မရံကြီး လိုဏ်ဂူဘုရားကြီး ပြီးများပြီးခဲ့ရင်တော့ နရသူရဲ့ ကောင်းမှုတော်ဟာ ကမ္ဘာကျော်ဦးမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com





ဓမ္မရံကြီးဘုရား ညနေခင်းအလှကို ဓာတ်ပုံရိုက်ရော
အံ့ဖွယ်အနီးအငွေ့တွေ ပုံပါအတိုင်း မြင်လိုက်ရသည်။

စိတ်ကူးသစ်စာပေ



အမှန်က ပန်းရံ၊ ပန်းပုလုပ်သားတို့ရဲ့ ပညာပိုင်းအရ ...

ကျွန်တော်တို့ ဓမ္မရံကြီးရဲ့ အပြင်လိုဏ်ငယ် ပတ်လမ်းကိုသာ ဝင်နိုင်ခွင့်ရခဲ့တယ်။ အတွင်းလိုဏ်ပတ်လမ်းကို မည်သည့်အကြောင်းကြောင့်မှန်း မသိဘူး ဝင်မရအောင် ပိတ်ဆို့ထားတာကို မြင်၊ ကြုံခဲ့ရတယ်။

အတွင်းမှာ ဘယ်လိုလျှို့ဝှက်ချက်တွေ ရှိနေလဲ မသိရဘူး။

အချို့ကတော့ ဓမ္မရံကြီးတည်တဲ့ နရသူမင်းလက်ထက်ကတည်းက ပိတ်ခဲ့တယ်လို့လည်း ရေးကြတယ်။

အချို့ကတော့ နရသူမင်း နတ်ရွာစံပြီးနောက်မှ ပိတ်ဆို့ထားခဲ့တယ်လို့ ဆိုကြတာရှိတယ်။

အရှင်မင်းကြီး နရသူ ...

မင်းကြီးပြောတာ မှန်ပါပေရဲ့။

ပုဂံကို အရင်ရောက်ပြီးမှသာ အရှင်မင်းကြီးအကြောင်း ရေးခဲ့ရသုံ အရှင်မင်းကြီးရဲ့ ကြိုးစားပမ်းစားတည်ခဲ့တဲ့ ကောင်းမှုတော် ဓမ္မရံကြီးဘုရားရဲ့ ကြီးကျယ်ခမ်းနားပုံကို ကျွန်တော် အားပါးတရ ရေးဖွဲ့မိမှာ အမှန်ပါ အရှင်မင်းကြီး။

မည်သို့ပင် အမှားတွေရှိခဲ့ပါစေလေ။

မင်းကြီးရဲ့ ကောင်းမှုတော် ဓမ္မရံကြီးဘုရားကိုကြည့်ပြီး ဒီနေရာကိုရောက်လာကြသူ ပြည်တွင်းပြည်ပက လူအမျိုးမျိုးတို့သည် အရှင့်နှင့်အရှင့်ပညာရှင်များရဲ့ ကောင်းမှုတော် ဗိသုကာလက်ရာ ပြိုင်စံမဲ့ကိုကြည့်ပြီး ချီးမွမ်းတာ ဖြစ်ခဲ့ရတာကို အရှင့်ရဲ့ဝိညာဉ်က ကျေနပ်စွာ ခံယူပေးပါတော့။

✿ ✿ ✿


www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

ကိုတင်ထွန်းက ကင်မရာတစ်လုံးနဲ့ ဓာတ်ပုံမှတ်တမ်း တင်နေတယ်။ ဒီမှာ ညနေစောင်းလာတော့ မှောင်ရီပျို့လာလို့ ကိုဇော်လင်းက လျှပ်စစ်မီးအုပ်ဆောင်းနဲ့ နံရံတွေက ထူးခြားလက်ရာတွေကို ထိုးပြရှင်းပြတယ်။



ဓမ္မရံကြီးဘုရားရှေ့က ရွှေဝင်ပေါက် တံတိုင်းလက်ကျန်များ




ဓမ္မရံကြီးစေတီဘုရားရဲ့ရှေ့က ကွက်လပ်မှာတော့ နိုင်ငံခြားသား ခရီးသွားလေ့လာသူများရဲ့ ကားအချို့နဲ့ သူတို့ကို မြင်နေရတယ်။

“အစ်ကိုကြီး ...”

ဒီအချိန်မှာ ဆယ့်သုံးနှစ်အရွယ်ခန့် ကလေးမလေးတစ်ဦးက ကိုဘုန်းနွေလွှန်းရဲ့ရှေ့မှာ လာရပ်တယ်။ သူ့လက်ထဲမှာလည်း ပန်းရောင် စာအိတ်ကလေး ကိုင်လို့။

“ညီမလေး ... ဘာလဲဟင်”



ပုဂံတစ်ပိုက်က ကလေးငယ်လေးများ

ကျွန်တော်တို့ထင်တာက ပုဂံဘုရား ဓာတ်ပုံပို့စကတ်ပြရောင်းတဲ့ ကလေးလို့ ပထမထင်တာ။

“အစ်ကိုကြီးက အဆိုတော် ကိုဘုန်းနွေလွှန်းလားဟင်”

“ဟုတ်ပါတယ် ... ညီမလေး၊ အစ်ကို ဘုန်းနွေလွှန်းပါ။ ညီမလေး ဘာပြောချင်လို့လဲကွယ်။ ပြောပါ”

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာရှင့် . . ."

"ဟင် . . . . စာ . . . ဘယ်ကစာတုံး ညီမလေးရဲ့"

"ဟို . . . . ကားကြီးတစ်စီးပေါ်က အစ်မကြီးတစ်ယောက်က ပေးခိုင်းလို့ပါရှင့်။ အစ်ကိုကြီးကို လက်ညှိုးထိုးပြပြီး ဒီစာပေးခိုင်းတာပါ"

"ဟော . . ."

"စာပေးခိုင်းတဲ့ အစ်မကြီးနာမည်ကရော ဘယ်သူတဲ့တုံး ကလေးရယ် . . . ဟင် . . ."

"မသိဘူးရှင့်။ ကျွန်မကို စာသွားပေးဖို့နဲ့ မုန့်ဖိုးပါပေးသွားလို့ လာပေးတာပါ။ ကျွန်မကို သွားခွင့်ပြု . . ."

"နေ . . . နေပါဦး ညီမလေးရယ်။ စာပေးခိုင်းတဲ့ အစ်မကြီးရဲ့ ပုံပန်းသဏ္ဌာန်ကရော ဘယ်လိုလဲဆိုတာ ပြောပါဦးကွယ့်။ အစ်ကိုကြီးကလည်း ညီမလေးကို မုန့်ဖိုးပေးမှာပေါ့။ ပြောပါဦး . . . ကလေးရဲ့"

"လှတယ်"

"ဟော . . ."

"အရမ်းကို လှတာပဲရှင့်။ ညာဘက်ပါးပေါ်မှာ မှဲ့နက်လေးတစ်လုံးနဲ့ တစ်ကိုယ်လုံးလည်း မွှေးကြိုင်နေတာပဲ"

"ဟာ . . . တယ်စာဆိုပါလားကွယ်။ နေဦး . . . ညီမလေးရယ်။ အဲဒီအမျိုးသမီးက ခေတ်ပေါ်မျက်မှန် အမည်းရောင်တပ်ထားလားဟင်"

"မတပ်ထားဘူးရှင့်"

"လွဲပဟ ကိုလွန်းရ"

"ဟိုကွယ် . . . ဦးခေါင်းကနေ မျက်နှာကို အဝါရောင်ပန်းပဝါလေး စည်းထားသေးလားဟင် ညီမလေး"

"မစည်းထားဘူးရှင့်"

"သေဟ . . . ကိုလွန်းရ ကော်ပေါက်နဲ့ ဝေးပဟေ့"

"ဟိုလေ . . . အသားကတော့ ဖြူဝါဝါရှင့်"

"ဟုတ်လား"

"ရယ်လိုက်ရင် ဘယ်ဘက်မှာ သွားတက်ဖွေးဖွေးလေးနဲ့ ချစ်စရာလေး"





"အခု သူတို့ ဘယ်နားမှာရှိလဲ . . . ညီမလေး"

"မရှိတော့ဘူးရှင့်။ ဟိုလေ . . . ကားအဆန်းကြီးနဲ့ ပြန်ထွက်သွားပြီရှင့်"

"ကြာပြီလား ညီမလေး"

"အစ်ကိုကြီးတို့ ခမ္မရုံကြီးလိုဏ်ထဲဝင်နေတုန်း အဲ့ဒီအစ်မကြီးက ကျွန်မကို ကားခေါင်းခန်းကနေ လှမ်းခေါ်ပြီး ပြန်ထွက်လာရင် ဒီစာလေး သွားပေးပါလို့ပြောပြီး ကားထွက်သွားတာပဲရှင်"

"ကျေးဇူးပါပဲ နှမလေးရယ်။ ရော့ . . . ရော့ . . . ညီမလေး စားချင်တာဝယ်စား။ မုန့်ဖိုး"

"ဟင့်အင်း . . . မယူပါရစေနဲ့ရှင်"

"အစ်ကိုကြီးက စေတနာနဲ့ပေးတာပါ ညီမလေးရယ်"

"ဟိုအစ်မကြီးက ပေးရင် မယူနဲ့တဲ့ရှင့်"

"ဟော . . ."

ကလေးမလေးက ပြောပြီး ချာခနဲ လှည့်ပြေးသွားတော့တယ်။ ဒီမှာတောင်ထွတ်နဲ့ ထောင်မှူးကြီးသိန်းဝင်းတို့ပါ အနားကိုရောက်လာပြီး . . .

"ဘာတွေဖြစ်နေတာတုံးကွ . . . မောင်မှိုင်းရ"

"ဒီမှာ ထောင်မှူးကြီးရေ . . . နိုင်ငံကျော်အဆိုတော်ကြီး ကိုဘုန်းနွှေလွန်း ကံစမ်းမဲလက်မှတ် တစ်ခုရလို့"

"ဘာကံစမ်းမဲတုံးကွ။ အမေရိကန် အလည်ခရီးသွား ကံစမ်းမဲလားဟော့"

ဒါနဲ့ ကျွန်တော်က အကျိုးအကြောင်းကို ပြောပြလိုက်ရော . . .

"ဘုန်းနွှေလွန်း အသိထဲကနဲ့ တူပါတယ်ကွာ"

"အသိဆိုလည်း ပြောင်မေးမှာပေါ့ဗျ"

"ဒါမှမဟုတ်လည်း မိတ်ဆက်စာနေမှာပေါ့ကွာ"

"ငါ့ကိုမိတ်ဆက်တဲ့စာရော ပေးသွားသေးလားကွ . . . မောင်မှိုင်းရ . . . ဟော . . . ."



www.burmeseclassic.com

www.burmeseclassic.com



"စာတော့ ပေးမသွားဘူး ... ထောင်မှူးကြီး။ မိန်းမတစ်ယောက်ကတော့ မေးသွားတာပဲ ရှိတယ်ဗျာ"

"ငါ့ကိုလားဟ"

"ဟုတ်တယ်ဗျာ"

"ဘယ်လိုမေးတုံးဟ ... မောင်မှိုင်းရ။ မြန်မြန်ပြောစမ်းပါဟ။ ပုဂံမှာ အိမ်ထောင်ကျချင်လို့ပါဟ။ ဘယ်လိုများ မေးတုံးဟ"

မေးပုံက ...

"မြန်မြန်ပြောစမ်းပါကွာ။ ဖိတ်စာရိုက်ထားချင်လို့ပါ။ အရေးထဲကြာနေကွာ ..."

"ငတုံးကြီးတစ်ယောက်များ ပါလာသေးလားတဲ့ဗျာ"

"ဟာ ... ရှာရိုးမသား ညိုမှိုင်းကွာ။ ထွီ ... ဒါ ... မင်းလက်ချက်ကွ ... ညိုမှိုင်းရ"

"ဟား ... ဟား ... ဟား ... ဟား ..."



'ပွင့်မာလာ' စားသောက်ဆိုင်မှ ဆိုင်ရှင်ညီအစ်မများ



"အဟတ် .... အဟတ် .... အဟတ် ..."

"ပြောသွားသေးတယ်ဗျာ"

"တော်ကွာ ..."

ဒီမှာ ကိုတင်ထွန်းက ...

"ဘယ်လိုပြောသွားသေးလို့တုံး ... ဆရာမှိုင်းရ လုပ်ပါဦး"

"ကျွန်မတို့က တုံးမှ ကြိုက်တယ်တဲ့"

"ဟား ... ဟား ... ဟား ... ဟား ..."

"အဟီး ... အဟီး ... အဟတ် ... အဟတ် ..."

"ကိုငတုံးကြီးတို့ကတော့ ပုပ္ပားကနေ ပုဂံ ဓမ္မရံကြီးရှေ့ရောက်တဲ့အထိ နာမည်အရှိန် မသေသေးဘူးဗျာ"

ကျွန်တော်တို့ လူပျော် ခရီးသွားလူစုဟာ ပုဂံမြို့သစ်က 'ပွင့်မာလာ' အမည်ရှိ ဘူဖေးထမင်းဆိုင်မှာ အညာရိုးရာဟင်းမျိုးစုံ (၂၀) ကျော်နဲ့ အားရပါးရစားရင်းမှာလည်း ငတုံးကြီးအကြောင်းပြောပြီး တဝါးဝါး ပွဲကျနေကုန်းပါပဲဗျာ။




အညာရိုးရာ ဟင်းမျိုးစုံ (၂၀)ကျော်နဲ့ ဧည့်ခံကျွေးမွေးသော ပွင့်မာလာထမင်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ပွင့်မာလာထမင်းဆိုင်၌ ခေတ်ပေါ်နှင့် အညာလက်ရာ ပေါင်းစပ်ထားတဲ့ ဟင်းပွဲဟင်းရံများကလည်း စားကောင်းမြိန်ကောင်းပါဗျာ။ 'ပွင့်'ဆိုတဲ့ မိန်းမချောလေးကလည်း သူမတို့ဆိုင်မှာ လာစားကြတဲ့ ရုပ်ရှင်မင်းသားများ၊ အဆိုကျော်များနှင့် သူမ အမှတ်တရတွဲရိုက်ထားတဲ့ ဓာတ်ပုံတွေ လက်ညှိုးထိုးပြပြီး ပျော်လို့ဗျာ။ မိပွင့်တို့အဖေရော၊ ညီမ၊ အစ်မ၊ မောင်ဘွားများနှင့် အလုပ်သမကလေးများကလည်း သဘောသဘာဝ ကောင်းမှကောင်းဗျ။ စားရတာ တန်လွန်းလို့ ဟိုဘက်ကျော်သေးဗျာ။ အချောလှ သဘောမနောကောင်းလေးများ ဝိုင်းရံယပ်ခတ်ပေးတာလေး ဖိမ်ခံပြီး စားပိုးနင့်အောင်စားနေသူကတော့ ကျွန်တော်တို့ ဦးငတုံးကြီး (ထောင်မှူးကြီး သိန်းဝင်း) ပေါ့ခင်ဗျာ။

အံ့မယ် ...ပွင့်တို့အဖေ တရုတ်ပေါက်ဖော်ကြီး မျက်နှာကျနဲ့ ဦးကျော် (အန်ကယ်ကျော်)က သူနဲ့လည်း သိဟောင်းကျွမ်းဟောင်းတွေ ဖြစ်ခဲ့လို့ ဓာတ်က ပုဂံမာလာပေါင်းရော။ 'ငါ့အမျိုးတွေကွ'လို့ ပြောပြီး တီးလိုက်တာဗျာ။ စားပြီး ထတော့ တွဲယူရတယ်ခင်ဗျာ။

နောင် အလျဉ်းသင့်လျှင် ထောင်မှူးကြီးသိန်းဝင်း၏ နောက်ထပ် အမည်ခွဲသစ် ငတုံးကြီးအကြောင်းကို စာတစ်စောင်ပေတစ်ဖွဲ့ ကြီးကျယ်ခမ်းနားစွာ ဖြစ်ရပ်မှန်ဂန္ထဝင်အဖြစ် ရေးဖွဲ့မည်ဖြစ်ပါကြောင်း ...။



လောကနတ်ဟိုတယ်မှ ဂရုတစိုက် လိုက်လံပြသနေပုံ

[ ၅ ]

❑

ကျွန်တော်တို့ လောကနတ်ဟိုတယ်ကို ပြန်ရောက်တော့ ကိုဘုန်းနွေလွန်းက ရေမွှေးရနံ့သင်းနေတဲ့ ပန်းရောင်စာအိတ်လေးကို ဖွင့်ဖတ်လိုက်တယ်။

သို့/

မောင်ကြီး ဘုန်းနွေလွန်းရှင့် ...

ကျွန်မက မောင်ကြီးသီချင်းတွေကို နားစွဲပြီး အိပ်ပျော်နိုင်ခဲ့ရသူပါ ... မောင်ကြီးရှင့်။

မောင်ကြီးရဲ့ 'ညာဘက်ပါးလေး လရောင်နဲ့မွှေးလိုက်ချင်တယ်' သီချင်းကို ခံစားပြီး မောင်ကြီးကို ခင်မင်ရင်းနှီးချင်သူပါ။ စာရေးဆရာတွေပါ ပါနေတော့ မိတ်ဆက်ရမှာ စိုးရွံ့ရွံ့ဖြစ်နေလို့ စာရေးပြီး မိတ်ဆက်ရတာပါ။ မောင်ကြီး ပြည်မြို့တန်ဆောင်တိုင်မှာ ရွှေရင်သိမ်းသစ် ဂီတအဖွဲ့နဲ့ ညှိခံမယ်လို့ ကြားသိထားရပါတယ်။ အဲဒီကျမှ မောင်ကြီးနဲ့ကျွန်မ ပြည်ရွှေဆံတော်ဘုရားမှာဆုံပြီး ကျွန်မ မောင်ကြီးရဲ့သီချင်းတွေကို ဘယ်လိုခံစားရတယ်ဆိုတာ ပြောပြချင်ပါတယ်။ နားဆင်ပေးပါနော်။

မောင်ကြီးဘုန်းနွေလွန်း ရှင်လန်းချမ်းမြေ့ပါစေနော် ...

မရွှေအင်းဝလှိုင် ..

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မရွှေအင်းဝလှိုင် ..."

"မရွှေအင်းဝလှိုင် ..."


"နာမည်က ဆန်းလိုက်တာ"

"ကိုလွန်း ..."

"ဗျာ ... ဆရာမှိုင်း"

"ရေစက်များ ဆုံမလား မသိဘူးနော်"

"ကျွန်တော့်သီချင်းတွေကို ခံစားပြီး ကျွန်တော့်ကို ပြန်ရင်ဖွင့်ပြချင်ပုံမျိုးပါ။ ရေစက်ဆုံဖို့ မဖြစ်နိုင်ပါဘူး ဆရာမှိုင်းရာ"



လောကနတ်ဟိုတယ်တွင် အမှတ်တရ

[မှတ်ချက်။ ။ ယခုမှစ၍ ရေးသားသွားမည့် ဖြစ်ရပ်မှန်ဝတ္ထုဇာတ်လမ်းမှာ ကိုဘုန်းနွေလွန်းက ကျွန်တော့်ကို ရင်ဖွင့်ပြသော ဖြစ်ရပ်များနှင့် ကျွန်တော်ကိုယ်တိုင် ညီလေးလို ချစ်ခင်ခဲ့ရသည့် ကိုဘုန်းနွေလွန်းရဲ့ ဂမ္ဘီရဆန်းကြယ်ဖြစ်ရပ် ဘဝကို သင့်တော်သလို ပြန်ရေးပြခြင်းသာ ဖြစ်ပါသည်။]

စိတ်ကူးသစ်စာပေ



နောက်နေ့မှာ ကျွန်တော်တို့ ပြည်မြို့ရောက်ခဲ့ပြီး ထောင်ပိုင်ကြီး (ငြိမ်း) ဦးမြင့်အောင်အိမ်မှာ တည်းကြတယ်။ သူ့ချွေးမ ရှမ်းမလေးရဲ့လက်ရာ ထမင်းဟင်းများကို မြိန်ရှက်စွာ စားကြတယ်။

သည့်နောက် ပြည်မြို့ထဲက 'နေစေးစာအုပ်ဆိုင်'ကို ရောက်ခဲ့ပြီး အဲဒီမှာ ကျွန်တော်တို့ရဲ့ စာဖတ်ပရိသတ်များ ဆန္ဒကိုလည်း ကြားသိခဲ့ရတယ် ခင်ဗျ။

"ဆရာမှိုင်းကို တွေ့တုန်း ပြောရဦးမယ်ခင်ဗျ"

"ပြော ... ကိုကျော်ကြီး ... ပြော ..."

နေစေးရဲ့ညီ ပြည်မြို့ဆိုင်ထိုင် စောအောင်သန်းကျော်ကရော၊ သံလမ်းဂိတ်မှာဖွင့်ထားတဲ့ စေတနာစာပေပိုင်ရှင် မယမုံဝေဆိုတဲ့ အမျိုးသမီးလေးကရော ပြောတယ်။



ပြည်မြို့က နေစေးစာအုပ်ဆိုင်


စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပြည်မြို့မှာရှိကြတဲ့ ဆရာ့ ဂမ္ဘီရစာဖတ်ပရိသတ်က ဂမ္ဘီရပါးပါး လုံးချင်းရေးတာကို အားမလိုအားမရ ဖြစ်နေကြတာဗျ။ ပြီး မောင်ညိုမှိုင်း စီစဉ်သော ဂမ္ဘီရဝတ္ထုတိုပေါင်းချုပ်ထဲက ဆရာရဲ့ ဝတ္ထုတိုအသစ်တွေကို ကြိုက်နှစ်သက်ပေမယ့် သူတို့ဆန္ဒက အရင် ဆရာရေးနေကျ ဂမ္ဘီရလုံးချင်း ဝတ္ထုရှည်ကြီးမျိုးကို အားရပါးရ မျှော်လင့်နေကြတာ ... ဆရာမှိုင်းရဲ့ ဝတ္ထုရှည်ကြီးတွေ ရေးပါဦးဗျာ"




ပြည်မြို့ နေစေးစာအုပ်ဆိုင်က စောအောင်သန်းကျော်နှင့်
ဝတ္ထုရှည်တွေ ရေးပေးဖို့ပြောတဲ့ မယမုံဝေ

"အေးဗျာ ... ရေးနေပါတယ်ဗျာ။ ဝတ္ထုရှည် လုံးချင်းကြီးတွေ တန့်သွားရတာက ကျွန်တော့်ကျန်းမာရေးလည်း ပါလို့ပါဗျာ။ ပြီး ... တန်ဖိုးနည်းနည်းနဲ့ ဝယ်ဖတ်လို့လွယ်တဲ့ ဝတ္ထုအပါးလေးတွေကို ကြားညှပ်ရေးပေးပါဦးလို့ ခင်ဗျားတို့ဘော်ဒါ ကိုတင်ထွန်းက မေတ္တာရပ်လို့ အပါးလေးတွေ ရေးရတာပါဗျာ။ အခု ကျွန်တော် ကျန်းမာရေး ကောင်းသွားပါပြီ ကိုနေစေး





ခရ ...။ ကျွန်တော် ပန်ထွာဘုရင်မအကြောင်း အငြင်းပွားရနိုင်တဲ့ ဝတ္ထုရှည်ကြီး ရေးနေပါတယ်။ စိတ်ဝင်စားဖွယ် ဖတ်ရပါလိမ့်မယ်ဗျာ"



ပြည်မြို့ရှိ သရေခေတ္တရာတည်းခိုခန်း

"ဟုတ်ကဲ့ ... ကျေးဇူးပါဆရာ။ ဒါနဲ့ ဆရာ့ကို မိတ်ဆက်ပေးရဦးမယ်ခင်ဗျ ဟောဒီ အမျိုးသမီးနာမည်က ...... တဲ့။ ပြည်မှာ ကိုယ်ပိုင်စာအုပ်အငှားဆိုင်ဖွင့်ဖို့ ကြိုးစားနေတယ်။ မ ....... ဒါ ... စာရေးဆရာ မောင်ညိုမှိုင်းပါ"

"တွေ့ရတာ ဝမ်းသာလိုက်တာ ဆရာမှိုင်းရယ်။ ဆရာ့ရဲ့စာအုပ်တွေကို အတော်များများ ဖတ်ခဲ့ရပါတယ်။ ဝတ္ထုရှည်ကို ပိုကြိုက်ပါတယ် ခင်ဗျား"

"ကိုင်း ... ဆရာမှိုင်း၊ ကြားတယ်နော်"

"ဟုတ်ကဲ့ပါ ... ဝတ္ထုရှည်တွေ ရေးနေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ထောင်မှူးကြီးသိန်းဝင်း၊ ထုတ်ဝေသူကိုတင်ထွန်း၊ အဆိုတော် ဘုန်းနွေလွန်းတို့နှင့်ပါ မိတ်ဆက်ကြပြီး စာအုပ်များအကြောင်းကိုဘုန်းနွေလွန်းရဲ့ သီချင်းများအကြောင်း၊ ရင်းနှီးပွင့်လင်းစွာ ပြောကြတယ်။

ကျွန်တော်တို့ကို ကိုနေစေးညို ကိုကျော်ကြီးက ညှော်ဝတ်ပြုချင်ပါသော်လည်း ကိစ္စတွေရှိနေသေးလို့ ပြန်လှည့်ထွက်ခဲ့ကြတယ်။

✿ ✿ ✿

| ၆ |

❑

ဆရာမှိုင်းရေ ... နဖူးစာရွာလည်တာနဲ့ တူပါရဲ့ဗျာ။ ပြည်တန်ဆောင်တိုင်ပွဲတော်မှာ ကျွန်တော်တို့ ရွှေရင်သိမ်းသစ် ခေတ်ပေါ်တေးဂီတအဖွဲ့ကြီးဟာ နိုင်ငံကျော် အဆိုတော်များ၊ ခေတ်ပေါ်အကများနှင့် ပြည်ပရိသတ်ကို အားရပါးရ ဖြေဖျော်ကြတာ ဝက်ဝက်ကွဲကို စည်ကားတာပေါ့ ဆရာမှိုင်းရာ။

ကျွန်တော် သီချင်းသုံးပုဒ် သီဆိုဖျော်ဖြေခဲ့တယ်။ ကျွန်တော်ရဲ့ ပရိသတ် အားအပေးဆုံးသီချင်းတွေဖြစ်တဲ့

ညာဘက်ပါးလေး လရောင်နဲ့ မွှေးလိုက်ချင်တယ်သီချင်း၊ နှစ်ယောက်တည်း ကမ္ဘာတည်မည့်နွေ၊ တိတ်တိတ်ခိုးမကြည့်နဲ့ သီချင်းသုံးပုဒ်ကို





အားရပါးရ ဖြေဖျော်ပြီး သရေခေတ္တရာ တည်းခိုရိပ်သာကို ပြန်နားမလို့လုပ်တုန်းမှာပဲ ....

"မောင်ကြီး ...."

"အင်း ..."

"အလိုလေး ... လေး ..."

ကျွန်တော့်မျက်စိရှေ့မှာ ကောင်းကင်ကကျလာတဲ့ နတ်မိမယ်တစ်ပါး ရောက်လာသလားဗျာ။ နဖြူသန့်စင်ခြင်း၊ ပြေပြစ်ချောမောခြင်း၏

ပြီး ... စွဲမက်ရင်ခုန်ဖွယ် အလှတို့နှင့် ထုဆစ်ထားတဲ့ အလှနတ်မိမယ်မိန်းကလေးတစ်ဦး။ သူမကို အခြားအလှတွေက ဝိုင်းရံကြည့်ကြတယ်။

အလို ...

မောင်ကြီးလို့ခေါ်လိုက်တဲ့ လေသံမျိုး ဘယ်အရပ်မှာ နားထဲစီးဝင်ခဲ့ဖူးပါလိမ့်။ ကျွန်တော်လေ အလှပိုင်ရှင်မလေးရဲ့ အသံမှာ စီးမျောမိန်းမောသွားတုန်းမှာပဲ ...

ဒီမှာ သူမက ပြုံးရယ်ပြလိုက်ရော ...

ဟယ် .... ဘယ်ဘက်သွား အပေါ်ဘက်မှာ ဖြူဖွေးသေးသွယ်တဲ့ သွားတက်လေးပါလား။ ဖြုန်းခနဲ သတိတစ်ခု ရလိုက်မိတယ်။ ပြီး ... ညာဘက်ပါးပေါ်က စံပယ်တင်မှဲ့၊ ဓမ္မရုံကြီးမှာ အညာသူကလေးမလေး ပြောတဲ့စကား။

"အဲဒီအစ်မကြီးက အရမ်းချောတယ်ရှင့်"

"ပြီး ... ဘယ်ဘက်သွားပေါ်မှာ သွားတက်ဖွေးဖွေးလေးက ချစ်စရာလေး။ ပါးပေါ်မှာလည်း မှည့်နက်လေးနဲ့ ... အစ်ကိုကြီးရဲ့။ ကျွန်တော်လက်က အမှတ်မဲ့လိုလို သတိတရလိုလိုနဲ့ အင်္ကျီအိတ်ထဲကို လက်နှိုက်မိသွားသလိုဖြစ်ရင်းက ...

"မင်း ... မင်းက ... ဟိုလေ ... မရွှေအင်းဝလှိုင်လားဟင်"

"ဟုတ်ကဲ့"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီး . . . ကျွန်မကို မမြင်ဖူးဘဲနဲ့ မှတ်မိနေတယ်နော်"

"ကျွန်တော်က အင်္ကျီအိတ်ထဲမှာ သွားလေရာ သိမ်းထားပါရှိတဲ့ မရွှေအင်းဝလှိုင်ရဲ့ စာလေးကို ထုတ်ပြလိုက်ရော သူမ မျက်လုံးနှစ်လုံးဟာ ကြည်နူးရိပ်နဲ့ ရွှန်းစိုဝင်းလဲ့သွားခဲ့တယ်။

"မောင်ကြီး . . ."

"ပြောပါ . . . မရွှေအင်းဝလှိုင်"

"အင်းဝလို့ပဲခေါ်ပါ . . . မောင်ကြီး"

"အင်းဝ . . ."

"ဟုတ် . . ."

"တစ်မျိုးပဲနော်"

"ရာဇဝင်ထဲက မြို့နာမည်မို့လားဟင်"

"ခေါ်ရတဲ့နာမည်က အမည်ထပ်တူစရာမရှိလို့ ခေါ်လို့ကောင်းပါတယ်ဗျာ"

"ဟင်း . . . ဟင်း . . . ဟင်း . . ."

"ကျွန်မက မောင်ကြီးရဲ့ သီချင်းတွေကို ဖွင့်နားထောင်ပြီးမှ အိပ်ပျော်ရတာ . . . မောင်ကြီးရဲ့။ မောင်ကြီးကိုလည်း ခင်မင်ရင်းနှီးစွာ စကားပြောချင်လွန်းလို့ ခုတော့ မျှော်ရကျိုး နပ်သွားပြီပေါ့။ ဒါနဲ့ မောင်ကြီးရှင် . ."

"ပြောလေ . . . အင်းဝ"

"နက်ဖြန်နံနက်စာကို ကျွန်မ ညှိဝတ်ပြုပါရစေရှင်"

"ဗျာ . . . အဲ . . . အဲ . . . ဟို . . . ဟို . . . ကျွန်တော် . . ."

"မငြင်းပါနဲ့လို့ မေတ္တာရပ်ခံပါရစေ . . . မောင်ကြီးရယ်"

"ကျွန်မ မောင်ကြီးကို မျှော်လင့်စောင့်စားခဲ့ရတဲ့ ရက်တွေ မနည်းခဲ့ပါဘူး။ မောင်ကြီးနဲ့ စပ်လျဉ်းပတ်သက်တာတွေလည်း အင်းဝ အများကြီး ပြောစရာရှိလို့ပါ။ လက်ခံပါနော် . . . . နော်လို့ . . ."

"လက်ခံလိုက်လေကွာ . . . ကိုလွန်းရ"

"အေးကွာ . . . တစ်ဖက်သား အားနာစရာကြီး . . ကိုလွန်းရာ"

စိတ်ကူးသစ်စာပေ



"ငါတို့သာဆို ခုချက်ချင်းလိုက်"

"ဟား . . . ဟား . . ."

"ခစ် . . . ခစ် . . ."

ကဲ . . . ကြည့်တော့ . . . ဆရာညိုမှိုင်းရေ . . . ကျွန်တော်က ခေါင်းညိတ်ရသေးဘူး။ တေးသံရှင် ကိုမိုးမြင့်ခေါင်ရယ်၊ ကိုဒီပါတိုးရယ်၊ အသံတုအစ်ကိုရဲမြင့်လေးရယ် ကျွန်တော့်နောက်ကနေ အားရပါးရ တိုက်တွန်းနေကြတာကို အသံကြားမှ ကျွန်တော် ခေါင်းနားပန်းကြီးပြီး ရှိုးတိုးရှန့်တန့် ဖြစ်သွားတာပဲခင်ဗျာ။

ကိုရဲမြင့်လေးတို့အပြောကို မရွှေအင်းဝလှိုင်ဆိုသူက သဘောကျလို့ ထင်ပါရဲ့။ ခစ်ခနဲ ရယ်လိုက်သံဟာ . . .

ကျွန်တော့်ရင်ထဲကို တသိမ့်သိမ့် စီးမျောသွားပါရောဗျာ။

ဒီမှာ အာသွက်လျှာသွက် အစ်ကိုရဲမြင့်လေးက . . .

"ကဲ . . . ညီမလေး စိတ်ချသာနေပေါ့။ ငါ့ညီဘုန်းနွေလွန်းက မိန်းမချော၊ မိန်းမလှ နုတ်မိမယ်လေးများနဲ့ စကားပြောရရင် အ,သလိုလို၊ ဆွံ့သလိုလို ဖြစ်ဖြစ်သွားတယ်။ ဒါနဲ့ တို့ညီမလေး ဘယ်သူ . . . မရွှေအင်းဝလှိုင်နော်။ ညီမလေးကကော သီချင်းဆို ဝါသနာပါလားဗျ"

"နားထောင်အားပေးရတာကို ဝါသနာ ပိုပါတယ်ဆရာ"

"ကိုင်း . . . မောင်ဘုန်းနွေလွန်း ဟောဒီက ငါတို့နှမအသစ်ကလေးကို သူအကြိုက်ဆုံးသီချင်းနဲ့ မောင်ရင် တစ်ကိုယ်တော် ဖျော်ဖြေပြရမယ်နော်။ ပြောလိုက်လေ ကျွန်တော် လက်ခံပါတယ်လို့"

"အဲ . . . အဲ . . . ဟုတ်ကဲ့ . . . မအင်းဝ၊ ကျွန်တော် လက်ခံပါတယ်ဗျာ"

"ဒီလိုမှပေါ့"

"ကျွန်တော်တို့ကလေးက လိမ်မာပါတယ် . . . ဆရာရဲ့ရ"

"နို့ဘူးစို့တုန်းမို့ စကားမပြောတတ်တာပါ။ ညီမလေး ရွှေအင်းဝရေ . . . ခွင့်လွှတ်နော် ညီမလေး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ . . . ကိုမိုးမြင့်ခေါင်တို့ကတော့ဗျာ"

"ဟုတ်ကဲ့ . . . ကျေးဇူးဆယ်ကမ္ဘာရှင်။ ဒါနဲ့ အစ်ကို ဘယ်မှာ တည်းမှာလဲဟင်"

"သရေခေတ္တရာသစ် ညေ့ရိပ်သာမှာပါခင်ဗျာ"

"အိုကေ . . . နက်ဖြန်မနက် ဆယ်နာရီ လာကြိုမယ်နော်"

"ဩော် . . . အစ်ကိုကြီးတို့ နာမည်ကရောရှင်"

"ဟုတ်ကဲ့ . . . ကျွန်တော်က အသံတု ရဲမြင့်လေးပါ။ လူပျိုကြီးပါ"

"ဟာ . . . လုပ်ပြန်ပြီ"

"ခစ် . . . . ခစ် . . ."

"ဒီ . . . အရပ်မြင့်မြင့် အဆိုတော်က ကိုမိုးမြင့်ခေါင်တဲ့။ ကလေး ခြောက်ယောက် အဖေပါကွယ်"

"ခစ် . . . ခစ် . . . ."

"ကိုရဲ . . . ခင်ဗျားဗျာ . . . ကျွန်တော်က"

"နေ . . . . နေ . . . လူကြီးတွေစကားပြောရင် ဝင်ဝင်မပါနဲ့။ ငါ လုပ်လိုက်ရင်ကွာ . . . ဟင်း။ ဟိုဂျပုလေးက အဆိုတော် ဒီပါတိုးတဲ့။ ကိုယ် မကောင်းဘူး"

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ခစ် . . . . ခစ် . . . ခစ် . . . . အဟွတ် . . . အဟွတ် . . ."


"ကိုရဲမြင့်လေး . . . တော်ပါတော့ . . . အသံတုကြီးရယ်၊ ဒါ စတိတ် ခုံပေါ်မှာ မဟုတ်ဘူးဗျ။ ကျုပ်တို့ ကိုဘုန်းနွေလွှန်းရဲ့ အထူးဧည့်သည်ပါ ဗျာ"

"အစ်ကိုတို့က ရယ်စရာ သိပ်ပြောတာပဲနော်"

"ကိုင်း . . . ညီမလေးရေ . . . ရှေးရေစက်ကြောင့်ပဲ ထင်ပါရဲ့ ကွယ် ငါ့ညီမလေးကိုမြင်တာနဲ့ ကိုယ့်ညီမ အရင်းအခြာလိုခင်ပြီး ရယ်စရာ ပြောရတာကွယ်။ မနက်ကို စိတ်ချနေ။ ညီမလေး ရောက်တဲ့အချိန် မောင် လွှန်း မနိုးသေးဘူး"

စိတ်ကူးသစ်စာပေ





ပြည်ထောင်ပိုင်ကြီးဦးမြင့်အောင်၏သားပိုင် တစ်ရွာချူထမင်းဆိုင်

"ကိုရဲရေ . . . တောင်းပန်ပါတယ် . . . ကိုရဲရာ"

"ခစ် . . . . ခစ် . . ."

"အစ်ကိုတို့ပါ လိုက်ခဲ့ကြပါ။ ညီမလေး ညေ့ဝတ်ပြုချင်လို့ပါရှင်"

"နေ . . . နေ . . . ညီမလေး သူများသားသမီး ကောင်းစားတာ ကို မနာလိုလို့ လိုက်နှောင့်ယှက်တာလို့ အပြောခံစွပ်စွဲခံရမယ်။ နှစ်ယောက် တည်းပဲ စားကြ။ လူပျောက်မှုနဲ့ ရဲမတိုင်ရရင် တော်ပါပြီကွယ်"

"ခစ် . . . ခစ် . . . ခစ် . . . ခစ် . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . . ကိုရဲ . . . ကိုရဲ . . . ့လိုက်ပုံကတော့ အဝီစိကို တန်းရောက်တယ် ကိုလွှန်းရေ . . ."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

အဲဒီညတုန်းက သရေခေတ္တရာသစ် ညှိအိပ်သာမှာ မရွှေအင်းဝ လှိုင်ရဲ့ ပုဂံမြို့ ဓမ္မရံကြီးမှာ လူကြုံပါးလိုက်တဲ့စာလေး ရင်ဘတ်မှာကပ်ပြီး အိပ်ပျော်သွားခဲ့တယ်။

အနာဂတ်မှာ မျက်ရည်နဲ့ ရင်နင့်ရမည့်ဇာတ်ကို မတွေးမိဘဲ ကျွန် တော် အိပ်ပျော်သွားခဲ့တယ်။

တစ်နေ့မှာ မရွှေအင်းဝက ကျွန်တော့်ကို ရွှေအတိပြီးတဲ့ လိုဏ် ဂူတစ်ခုထဲကို လက်ဆွဲခေါ်သွားခဲ့တယ်။

လိုဏ်ဂူထဲမှာ ရွှေရောင်ငွေရောင် ပြောင်ပြောင်လက်လက် အဝတ် အစားတွေနဲ့ အမျိုးသမီးချောတွေက ကျွန်တော်တို့နှစ်ဦးကို ဝမ်းသာအားရ ကြိုဆိုနေကြတယ်ဗျ။

ရွှေရောင်လိုဏ်ဂူကျယ်ကြီး တစ်ခွင်လုံးဟာ စံပယ်ပန်းရနံ့တွေ ကြိုင်လိုက်၊ ခရေပန်းရနံ့တွေကြိုင်လိုက်၊ နှင်းဆီပန်းရနံ့တွေ သင်းလိုက်နဲ့ ဗျ။

ကျွန်တော်တို့နှစ်ဦးရဲ့ ခြေဖဝါးအောက်မှာ ပန်းချပ်ပွင့်ချပ်ကြွေတွေ က ပန်းကော်ဇောခင်းထားသလိုပဲ နူးညံ့မွတ်စင်လို့။





ဒီမှာ ကျွန်တော် အံ့သြစရာကို မြင်လိုက်ရတယ် ဆရာမှိုင်းရေ။

ရွှေရောင်ငွေရောင် နန်းဆန်ဆန် အဝတ်အစားတွေဝတ်ပြီး ဦးခေါင်း ပေါ်မှာ သိုက်နန်းရှင်တွေဆောင်းတဲ့ နတ်နဖူးစီးလို နဖူးစည်းထားတဲ့ မိန်းမသား အယောက်ငါးဆယ်ခန့်ရဲ့ မျက်နှာတွေဟာ ကျွန်တော့်လက်ကို ဆွဲမြဲဆွဲစွာ ဆုပ် ကိုင်ထားတဲ့ မရွှေအင်းဝရဲ့မျက်နှာနဲ့ တစ်ထပ်တည်း တူနေကြတာပဲဗျာ။ ညှို့နှင့်သွားတက် မပါတာဘဲ ကွာတယ်ခင်ဗျာ့။

ဘယ်မိန်းမပျိုကိုကြည့်ကြည့် . . .

မရွှေအင်းဝရဲ့ မျက်နှာပဲ (ရွှေအင်းဝလို့ပဲ ပြောမယ်နော်ဆရာ)။

မရွှေအင်းဝရဲ့ ကိုယ်လုံးကိုယ်ပေါက်ပဲ။ ဒီမှာ သူမက ကျွန်တော့် ကို အရောင်ဖိတ်ဖိတ်လက်နေတဲ့ သလင်းကျောက်လှေကားထစ်များစွာကို ...ဘက်ခေါ်သွားလိုက်တာ နောက်ဆုံး . . . .

သလွန်လိုလို၊ ညောင်စောင်းလိုလို ကျောက်မျက်ရတနာများ စီ ခြယ်ထားတဲ့ ခုတင်ပေါ်မှာ အတူတွဲထိုင်ကြတယ်။

သလွန်ပုံသဏ္ဌာန်က နန်းတွင်းမိဖုရားများ လျောင်းစက်တဲ့ ခုတင် ...ခင်ဗျ။

ခုတင်ပေါ်မှာရှိတဲ့ ရနံ့သင်းကြိုင်တဲ့ မွေ့ရာကြီးဟာ အိစက်ညက်ညော ... နွေးနွေးထွေးထွေးရှိတယ်။

"မောင်ကြီး . . ."

"အင်းဝ . . ."

"ကျွန်မနဲ့အတူနေရတာ ပျော်ရဲ့လားဟင်"

"ပျော်ပါတယ် . . . အင်းဝ"

"မောင်ကြီး . . . ဒီရွှေဂူမှာ ကျွန်မနဲ့အတူနေမှာလားဟင် . . . ဟင်"

"အင်းဝ . . ."

"ရှင် . . . . မောင်ကြီး"

"ဟိုး . . . နန်းတွင်းသူ၊ အဲလေ . . . အမျိုးသမီးတွေက အင်းဝ ...ဘစ်ပုံစံတည်းပဲနော်။ ရွေးလို့ခွဲလို့ မရနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ ကျွန်မဆွေတော်မျိုးတော် ညီအစ်မတွေပါ ... မောင်ကြီးရဲ့"

"မင်းကိုတော့ မှိမယ်မထင်ဘူး ... အင်းဝ"

"ခစ် ... ခစ် ... ခစ် ..."

"မောင်ကြီးကလေ သီချင်းဆိုတဲ့အသံသာ ကောင်းတာမဟုတ်ဘူး။ စကားပြောလည်း ကြွယ်တာပဲ"

"မေးစရာရှိသေးတယ် ... အင်းဝ"

"မေးလေ ... မေး ... ကြိုက်တာမေး"

ဒီမှာ ကျွန်တော်က မလှမ်းမကမ်းမှာ တွေ့နေရတဲ့ ကျောက်သလင်းအုတ်ဂူ ဆင်တစ်ရပ်ခန့် အမြင့်ကြီးကို လက်ညှိုးလှမ်းထိုးပြလိုက်တယ်။

အဲဒီကျောက်သလင်းအုတ်ဂူကြီးရဲ့ ဘေးဝဲယာပတ်လည်မှာ ကျွန်တော်မခေါ်တတ်တဲ့ ပန်းတွေနဲ့ပြုလုပ်ထားတဲ့ လွမ်းသူ့ပန်းခွေတွေ အများကြီးချိတ်ထားတာကို မြင်ရတာကိုးဗျ။

ဂူကြီးရဲ့ ရှေ့မျက်နှာစာကို အနက်ရောင် ကတ္တီပါစလိုက်ကာလိုင်းတွန့်နဲ့ ကာထားတယ်။

"ဟောဟိုက မြင်ရတဲ့ အုတ်ဂူကြီးမျိုးကို ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး။ သလင်းရောင် လက်နေတာပဲ။ အဲဒါ ဘယ်သူ့အုတ်ဂူလဲဟင်"

"မောင်ကြီး ..."

"အင်းဝ"

"မောင်ကြီး ဒီရွှေဂူမှာ ကျွန်မနဲ့ တစ်သက်လုံး အတူနေသွားပါလား ဟင်။ နေမယ်လို့ ကတိပေးရင် ကျွန်မ အဲဒီဂူ ဘယ်သူ့ဂူလည်း သိရအောင် ကျွန်မ ဂူရှေ့က လိုက်ကာကို ဖွင့်ပြမယ်လေ"

"ဟာ ..."

"ဘာလဲ ... မောင်ကြီးက ကျွန်မကို နှစ်နှစ်ကာကာမချစ်လို့ ကတိမပေးနိုင်တာ မဟုတ်လား"

"ချစ်ပါတယ် ... အင်းဝရယ်"

"ကျွန်မကလေ ... မောင်ကြီးကို ... ဟိုး ... ဘဝများစွာကတည်းက ချစ်ခင်စွဲလမ်းခဲ့ရတာ တစ်နေ့မှ မေ့လို့မရပါဘူး မောင်ကြီးရယ်။ အတူ





ယှဉ်တွဲနေခွင့်ရလို့ ကျွန်မ အရမ်းဝမ်းသာနေတာ။ မောင်ကြီး ... မပြန်ဘဲ ကျွန်မနဲ့ ဒီရွှေဂူမှာ အတူနေပါနော်။ ကတိပေးနော် ... မောင်ကြီး"

ကျွန်တော် ဘာပြောရမှန်းမသိဘူး။

မိုးကုတ်မြို့မှာ အဖေနဲ့အမေ ရှိသေးတယ်။

တက္ကသိုလ်တက်နေတဲ့ ညီမလေး 'ချစ်ခင်ရောင်စုံ' ရှိသေးတယ်။ သူတို့ကို အသိမပေးဘဲ ဒီမှာနေရင် သူတို့ ဘာပြောကြမည်လဲ။ ရွှေအင်းဝကိုလည်း ကျွန်တော်က စွဲနှင့်နေအောင် ချစ်နေမိပြီ။

"အင်းဝ ..."

"ရှင် ... မောင်ကြီး"

"မောင်ကြီး ... ရေတစ်ခွက် သောက်ချင်တယ်ကွယ်"

"သောက်ရေ ... ဟုတ်ပြီ ... မောင်ကြီးကို ကျွန်မ 'သုခသိတာကျောက်စက်ရေ'ဆိုတာ ခပ်ပေးမယ်။ လူတစ်သိန်းမှာ တစ်ယောက် သောက်ခွင့်မရဘူး ... မောင်ကြီးရဲ့။ မောင်ကြီးတောင် ကျွန်မနဲ့ အတူနေမယ်လို့ ယုံကြည်ပြီး တိုက်မှာနော်"

"အဲဒီ 'သုခသိတာကျောက်စက်ရေ' က ဘယ်လိုအစွမ်းအာနိသင်ကောင်းလို့တုံး ... အင်းဝရဲ့။ ရှင်းစမ်းပါဦးဗျာ"

"ဒီ သုခသိတာကျောက်စက်ရေဟာ ကျွန်မတို့ မိဘဘိုးဘွားများအဆိုအရ ... ဟိုး ... အနော်ရထာရေအိုင်ကြီးကနေ ခု ကျွန်မတို့နေတဲ့ ရွှေဂူ ရွှေဂူရှိရာကို တစ်စက်ချင်း ကျောက်ကြားကနေ စီးကျနေတာတဲ့။ အဲဒီ သုခသိတာကျောက်စက်ရေကို သောက်ပြီးရင် သောက်မိသူဟာ အိုမင်းရင့်ရော်ခြင်းမရှိဘူး။ (၁၆) နှစ်သားအရွယ်က သောက်မိရင် သေသည့်တိုင်(၁၆) နှစ်သား။ အသက် (၈၀)အရွယ်မှာ သောက်မိရင် ကွယ်လွန်သည့်တိုင် အသက်က ရှစ်ဆယ်အရွယ်ပဲ။ သည့်ထက်ပိုကြီးရင် ရင့်ရော်တွဲကျမရှိဘူး။ နောက်ပြီး ရင်ထဲမှာ ရေဆာတော်မွတ်ခြင်း အလျဉ်းမရှိဘူး။ ဒီကျောက်စက်ရေကို သောက်မိတာနဲ့ လက်ရှိဘဝမှာ အပူသောကငြိမ်းပြီး လူဟာ ခွန်အားပြည့်ဖြိုးလို့ ပျော်ရွှင်ခြင်းနဲ့ ကြည်နူးချမ်းမြေ့နေရော"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... အင်းဝရဲ့ နုပျိုလှပနေတာဟာ ဒီကျောက်စက်ရေကို သောက်ထားလို့ပေါ့နော်"

"ဟုတ် ..."

"အိုမင်းရင့်ရော်ခြင်း ဇရာဒုက္ခကင်းဝေးမယ်ဆိုရင် ခုချက်ချင်း သောက်ချင်ပါဘိ ... အင်းဝရယ်။ မောင်ကြီးပါ လိုက်ခဲ့ရမလားဟင်"

"အိုး ... အို ... မောင်ကြီး မလိုက်ခဲ့ပါနဲ့။ မောင်ကြီး ဒီသလွန်ပေါ်မှာပဲ ထိုင်နေပါ။ ကျွန်မ ခပ်ခဲ့ပါမယ်။ တစ်စက်ချင်းကျတဲ့ရေမို့ နည်းနည်းစောင့်ရတယ် ... မောင်ကြီးရယ်။ အိပ်ရင်း စောင့်နေနော်"

"လိုက်ကြည့်ချင်တယ် ... အင်းဝရယ်။ မမြင်ဖူးလို့ပါကွာ"

မရွှေအင်းဝက ပျာပျာသလဲ တောင်းပန်တယ်။ ဘာလို့ မလိုက်စေချင်ရတာလဲလို့ ဖွတ်မေးတော့ ...

"ဒီကျောက်စက်ရေကို ခပ်ချင်တိုင်း ခံယူချင်တိုင်း မရဘူးမောင်ကြီး။ အဲဒီ ကျောက်စက်လိုဏ်ဝန်းကျင်မှာ အလွန်အန္တရာယ်ကြီးတဲ့ အစောင့်တွေရှိတယ်။ ခိုးယူဖို့လာသူဆိုရင် အစပျောက်သွားအောင် သူတို့က ရက်ရက်စက်စက် ပြစ်ဒဏ်ခတ်တာ ... မောင်ကြီးရဲ့။ မောင်ကြီးနဲ့ကျွန်မ ဒီရွှေဂူမှာ လက်ထက်ထိမ်းမြားပြီးမှ မောင်ကြီးကို အဲဒီ သုခသီတာ ကျောက်စက်ရေလိုဏ်ကို ခေါ်သွားပြပေးမယ်။ ကဲ .... ခဏလေး စောင့်နေနော် ... မောင်ကြီး"

မရွှေအင်းဝဟာ အလွန်ထူးဆန်းတဲ့ စကားတွေပြောပြီး လှုပ်လီလှုပ်ခါနဲ့ ပြေးထွက်သွားတော့တယ်။ သူမက ကျွန်တော့်ကို လျှို့ဝှက်လွန်းလှတဲ့ ဒီရွှေဂူမှာ သူမနဲ့အတူနေဖို့ ကတိစကားကိုပဲ ရေလာမြောင်းပေး၊ လိုရာဆွဲသွင်း ပြောနေတာပဲ။

သူမတို့အားလုံးဟာ လျှို့ဝှက်လွန်းတဲ့ သဏ္ဍာန်ဟန်ပန်တွေ ရှိနေကြတယ်။ မရွှေအင်းဝလည်း ထွက်သွားရော စောစောတုန်းက ဒီဂူဟာ ဘယ်သူ့ဂူလဲလို့ ကျွန်တော်မေးတုန်းက သူမနဲ့အတူနေမှ ဒီဂူရဲ့ရှေ့မျက်နှာပြင်က လိုက်ကာကို ဖွင့်ပြမယ်လို့ ပြောတယ်လေ။

သို့သော် ...





ကျွန်တော်ဟာ ဒီဂူရဲ့လျှို့ဝှက်ချက် အရမ်းသိချင်နေမိတော့ သူမလည်း မျက်စိရှေ့က ပျောက်ကွယ်သွားရော။

ခပ်သွက်သွက် ထသွားလိုက်ပြီး ဆင်တစ်ရုပ်ခန့်မြင့်တဲ့ သလင်းကျောက်လိုဏ်ဂူကြီးရဲ့ မျက်နှာစာရှေ့ကို ရောက်သွားတယ်။

မရွှေအင်းဝမလာခင် အမြန်သိချင်လွန်းလို့ ဂူရှေ့က ကတ္တီပါခန်းစီးလိုက်ကာကို ဖွင့်လိုက်ရော ...

"ဟင် ..."

ကျွန်တော် မြင်လိုက်ရတာက သလင်းကျောက်ဂူမျက်နှာပြင်က စာသားပါ။ ဟုတ်မှ ဟုတ်ရဲ့လား။ မျက်လုံးကို ပွတ်သပ်ပြီး ပြန်ဖြေလိုက်တယ်။ ဟုတ်နေတယ်။ မမှားဘူး။

မရွှေအင်းဝလှိုင် . . .
၁၂၄၀ ခုနှစ်၊ အသက်(၃၀) အရွယ်မှာ
ကွယ်လွန်အနိစ္စ ရောက်ရှိသည်။

"မြတ်စွာဘုရား ... ဟုတ်ရဲ့လား၊ ဟုတ်မှဟုတ်ရဲ့လား"

၁၂၄၀ ခုနှစ်ဆိုတာ မင်းတုန်းမင်းတရားကြီး နတ်ရွာစံသည့်နှစ်ပဲ။ မင်းတုန်းမင်းတရားကြီးက မန္တလေးရတနာပုံရွှေနန်းမြို့မှာ ၁၂၁၄ ကနေ ၁၂၄၀ အထိ စံတော်မူခဲ့တာ။ ပါတော်မူတာက ၁၂၄၇ ခုနှစ်။

ဘုရားရေ ...

ဒါဆို ကွယ်လွန်သူ မရွှေအင်းဝရဲ့အသက်က ကွယ်လွန်သည့်နေ့ကနေဆို အသက် (၁၃၀) ကျော် ရှိနေပြီ။ ဟိုဘက်ရှင်စဉ်တုန်းက အသက်ပေါ်သေး။

"ကျွီ .... ကျွီ ... ကျွီ ...."

"ဟင် ... ဟင် ..."

"အလို ... ဂူတံခါး ပွင့်သွားပါလား။ ငါ ... ငါ ... ဘာမှမလုပ်ဘဲနဲ့ ဘာကြောင့် ဂူတံခါး ပွင့်သွားပါလိမ့်။ ဟယ် .... ငါ့ခြေဖဝါးအောက်



www.burmeseclassic.com

www.burmeseclassic.com



က ကျောက်ချပ်ကြီး နည်းနည်းနိမ့်သွားကလား။ ဘုရား . . . ဘုရား . . . ငါ ဂူရှေ့မှာရပ်လိုက်လို့ ဂူတံခါးပွင့်သွားသည်နဲ့ တူပါရဲ့''

အလွန့်ကို အံ့သြစရာပါပဲ . . . ဆရာမှိုင်းရာ။

တကျိုကျို တကျိုကျိုမြည်ပြီး တံခါးလည်းပွင့်သွားရော အထဲမှာ ကျောက်တလားနှစ်ခုကို မြင်လိုက်ရပြီး ကျောက်တလားပေါ်မှာ အလွန်နက်မှောင်တောက်ပြောင်တဲ့ သစ်သားနဲ့လုပ်ထားတဲ့ ခေါင်းတလားကြီးနှစ်လုံးကို မြင်လိုက်ရတယ်။

ဂူတစ်ခုလုံးဟာ ဒေါနပန်းရနံ့တွေနဲ့ မွှေးကြိုင်နေပြီး အံ့သြစရာကောင်းတာက သလင်းကျောက် ဂူနံရံနဲ့ အမိုးရဲ့အလင်းရောင်နဲ့ ဂူထဲမှာ လင်းထိန်နေတာကို အံ့ဖွယ်မြင်လိုက်ရတယ်။

ကျွန်တော့်ရင်ထဲမှာ ကြောက်စိတ်အနည်းငယ် ဖြစ်ပေါ်နေတယ်၊ သို့သော် ကျွန်တော့်စိတ်က စူးစမ်းချင်စိတ် ပိုကဲနေတော့ . . .

ဦးစွာမြင်ရတဲ့ ခေါင်းရဲ့အဖုံးလက်ကိုင်ကို မ,ပြီး ဖွင့်ကြည့်လိုက်တော့ အထဲမှာ လူသေကောင်မရှိဘူး။ ကြည့်ရတာ နောင် ကွယ်လွန်အနိစ္စရောက်မည့်သူအတွက် ကြိုတင်ပြုလုပ်ထားပုံပဲ။ ရုပ်ကလာပ်မရှိပေမယ့် အထဲမှာ ဖဲမွေ့ယာအခင်းနှင့် ပန်းပွင့်ပုံပါတဲ့ ခေါင်းအုံးကြီးတစ်လုံးကို မြင်ရတယ်။

ထူးဆန်းတာက ခေါင်းလုပ်ထားတဲ့ သစ်သားရဲ့ရနံ့ဟာ မွှေးကြိုင်နေတာပဲဗျ။ နံ့သာဖြူရနံ့မျိုးလည်း မဟုတ်ဘူး။ သင်းသင်းကြိုင်ကြိုင်လေ။

ဒါနဲ့ နောက်တစ်ခေါင်းထဲမှာ ကွယ်လွန်သူ မရွှေအင်းဝလှိုင်ဆိုတာ ရှိမှာပဲ။ ဒီ မရွှေအင်းဝလှိုင်က မင်းတုန်းမင်းကြီး လက်ထက်တုန်းက အနိစ္စရောက်ခဲ့တဲ့ မရွှေအင်းဝနေမှာပဲ။ မိဖုရားပဲလား၊ ရံရွှေတော်လား မသိ။

ကျွန်တော်နဲ့ ခင်မင်ရင်းနှီးနေတဲ့ မရွှေအင်းဝလှိုင် မဖြစ်နိုင်ပါဘူးဗျာ။ ခု မရွှေအင်းဝက အသက်ငယ်ငယ်ရွယ်ရွယ်၊ ပျိုပျိုမျစ်မျစ်ဥစ္စာ။

ဒါနဲ့ ကြေးလက်ကိုင်ကိုကိုင်ပြီး ခေါင်းဖုံးကို ဖွင့်လှန်ကြည့်လိုက်ရော။

''ဟင် . . .''





''ဟာ . . . .''

အထဲမှာ ပက်လက် ရင်ပတ်ပေါ် လက်နှစ်ဖက်ယှက်ပြီး သေ (လျောင်း) နေတဲ့ မိန်းမဟာ . . . ဘုရားရေ . . .။

ခု . . . ကျွန်တော်နဲ့ စကားပြောဖြစ်တဲ့ မရွှေအင်းဝရဲ့မျက်နှာနဲ့ ဘစ်ထေရာတည်း တူနေတာပဲ။ အရွယ်ကလည်း ရွယ်တူပဲ။

ဟုတ်ရဲ့လား။

ဒီခေါင်းထဲက မရွှေအင်းဝလှိုင်က အသက်တစ်ရာကျော်ရှိရမှာ ဘာကြောင့် ကျွန်တော့်ရဲ့ မရွှေအင်းဝလှိုင်နဲ့ အသက်ရွယ်တူ၊ မျက်နှာတူ ဖြစ်နေရတာလဲ။ ပါးပေါ်မှာလည်း မှဲ့နက်လေးတစ်လုံး ရှိနေတယ်။

အမှန်တကယ် သေနေတာရော ဟုတ်ရဲ့လား။

အနီးကပ်ကြည့်တော့ အိပ်နေသလိုပဲ။

ကျွန်တော့်အထင် အသက်ရှူပြီး အိပ်နေတယ်လို့ ထင်နေတာပဲ၊ အချိန်သိပ်မရှိဘူးဗျာ။ ဒါနဲ့ ခေါင်းဖုံးကို ပြန်ပိတ်မလို့ ကြေးကွင်းကို ကိုင်လိုက်ရော . . .

''ဟင် . . .''

''ဟာ . . . ဟာ . . .''

''အမလေး . . . လွှတ် . . . လွှတ် . . . လွှတ်ပါ . . . ကဲဟာ''

''ဝုန်း''

ဆရာမှိုင်းရယ် . . . ကြောက်စရာ ကောင်းလိုက်ပါဘိဗျာ။ ခေါင်းထဲမှာ သေလျောင်းနေတဲ့ မရွှေအင်းဝလှိုင်ဆိုသူ မိန်းမရဲ့ ညာလက်ဟာ ရုတ်ဘရက် မြောက်တက်လာပြီး ကျွန်တော့်ရဲ့ ခေါင်းဖုံးကိုင်လက်ကို ဆုပ်ထားဘာ . . .

ကျွန်တော် အရမ်းအံ့သြကြောက်လန့်ပြီး ဘယ်လက်နဲ့ သူ့ရဲ့ဆုပ်ထားတဲ့လက်ကို တအားဖြည်ချတယ်။ မရဘူး။ သေသူမိန်းမရဲ့လက်က အလွန့်ကိုသန်မာနေတာကို ထူးဆန်းစွာ သိလိုက်ရရော။

ကျွန်တော်က ဘယ်လက်နဲ့ပြောင်းပြီး ခေါင်းဖုံးကိုကိုင်ရင်း သိုင်းသမားများလို ညာလက်ကို အတွင်းလိမ် အားစိုက်ဖြည်ချလိုက်မှ သူမရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်က ပြေပြီးပြန်ကျတုန်းမှာပဲ ... အလိုလေးဗျာ သူမရဲ့ ဘယ်လက်က မြောက်လာပြန်ပါရော။ ကျွန်တော် ကြောက်ရွံ့အံ့သလွန်းလို့ ခေါင်းဖုံးကို တအားပစ်ချပိတ်ပြီး အပြင်ကို ပြေးထွက် ...

ဒီမှာ ကျွန်တော့်ခြေနှုန်းမီတဲ့ ကျောက်ပြားက အလိုလို ပြန်ကြွ ပြီး မျက်နှာပြင်ညီသွားရော။ ကျောက်သလင်းဂူတံခါးကလည်း ဟရာကနေ တကျွီကျွီအသံပြုပြီး ပြန်ပိတ်သွားတော့တယ်။

ဒါနဲ့အတူ ခြောက်ခြားစရာ မိုးခြိမ်းသံလိုမျိုးတွေ အနှံ့အပြားက ကြားလာပါရောဗျာ။

ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေ စိုရွှဲနေပြီ။

ကျွန်တော် စောစောက မအောင်းဝနဲ့ဝင်လာတဲ့ လမ်းအတိုင်း တ ဖွတ်ထိုး ပြေးထွက်လိုက်တယ်။

''မောင်ကြီး ... မောင်ကြီးရေ ...''

''မောင်ကြီး ... ရပ်ပါဦး ... မပြေးပါနဲ့''

''မောင်ကြီး ... မပြေးနဲ့ ... မပြေးပါနဲ့''

နောက်ဘက်ကနေ မရွှေအင်းဝရဲ့ စိုးရိမ်ကြီးစွာ ထွက်ခေါ်တားမြစ် သံကို လိုဏ်ဂူပဲ့တင်သံနှင့် ထပ်ကာတလဲလဲ ကြားနေရတယ်။

ကျွန်တော် အရမ်းကြောက်နေပြီဗျာ။

''မောင်ကြီး ... ရပ်ပါဦး ... နေပါဦး''

''မောင်ကြီး ... ကျွန်မကို မထားခဲ့ပါနဲ့ ... ရပ်ပါ''

မရပ်ဘူး ... ကျွန်တော် လုံးဝ မရပ်ဘူး။ အခု ကျွန်တော့်ကို လှမ်း ခေါ်ရပ်နိုင်းနေတာ။ ကျွန်တော်သိတဲ့ မရွှေအင်းဝလှိုင် ဟုတ်ချင်မှ ဟုတ် မှာဗျ။

မင်းတုန်းမင်းတရားကြီးနဲ့ တစ်နှစ်တည်း ပြိုင်တူသေသွားတဲ့ ခေါင်း ထဲက သက်တော်ရှည် ဒေါ်ရွှေအင်းဝလှိုင် အသက်ဝင်ပြီး တရွှေဘဝနဲ့ ကျွန်တော့်ကိုသတ်ပြီး ... ဟို ... လွတ်နေတဲ့ခေါင်းထဲကို ထည့်ဖို့ တအား ပြေးလိုက်နေတာနေမှာ။

''မရပ်ဘူး''

စိတ်ကူးသစ်စာပေ



''ပြေးရမယ် .... ဂူပြင်ရောက်အောင် ပြေးရမယ်''

''ဝုန်း ..''

''ဝေါ ... ဝေါ ... ဝေါ ...''

''အား ... အား .... အား ...''

ကျွန်တော် ပြေးနေတုန်းမှာပဲ ခြေဖဝါးအောက် ကျောက်သားတွေ ကြွကျပြီး ဝေါခနဲမြည်သံနဲ့အတူ ကျွန်တော် နက်ရှိုင်းမှောင်မည်းနေတဲ့ ချောက်တွင်းနက်ကြီးကို အရှိန်ပြင်းစွာ ထိုးကျသွားတယ်။

''အား ...''

''အား ... ဘုရား ... ဘုရား ... ဘုရား ...''

''အမလေး ...''

''ဖောင်း ...''

''ဝုန်း ....''

''အား ....''

ကျွန်တော် အသံကုန်ဟစ်အော်ရင်း ကုန်းထလိုက်ရော ...

''ဟာ ...''

''ဟင် ...''

ကျွန်တော် နက်ရှိုင်းပိန်းပိတ်မှောင်မည်းနေတဲ့ အသူရာတွင်းနက် ကြီးရဲ့အောက်ခြေကြမ်းခင်းမှာ ပြုတ်ကျ၊ အရိုးတွေ စိစိညက်ညက်ကြေ၊ ကျွဲအလူးလူးနဲ့ သေလုမြောပါး ဖြစ်နေတာမဟုတ်ဘူးဗျာ။

ကျွန်တော် မွေ့ရာပေါ်မှာ ငုတ်တုတ်။

အင်္ကျီတစ်ထည်လုံး ချွေးတွေအိုင်စိုရွှဲ။

ရင်ထဲမှာ ရထားတွေ အပြိုင်မောင်းနေသလို တုန်ခါလှုပ်နေ။

ဟူး ...

''အိပ်မက်စစ်စစ်သာလျှင် ဖြစ်ပါစေတော့ မရွှေအင်းဝလှိုင်ရယ်''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၈ |

❑

ကျွန်တော် ပြည်မြို့မှာ ရက်အတန်ကြာနေရစ်ခဲ့တယ် ဆရာမှိုင်းရဲ့။ ကိုရဲတို့ကတော့ တောင်ငူမှာပွဲစဉ်ရှိလို့ ဆက်သွားကြတယ်။

ကျွန်တော်နဲ့ မရွှေအင်းဝတို့နှစ်ဦးဟာ သာယာကြည်နူးဖွယ်ကောင်းတဲ့ ပြည်ရွှေဆံတော်ဘုရားပေါ်မှာ ဘုရားတွေဖူးပြီး ဘုရားပေါ်ကနေ ဧရာဝတီမြစ်ရဲ့အလှ။

ဟိုအဝေးက တောင်တန်းတွေရဲ့အလှကိုကြည့်ပြီး ကျွန်တော့်ရင်ဟာ ချမ်းမြေ့နေတယ်။

ကျွန်တော့်အနီးမှာလည်း ကြည့်မဝရှုမဝ လှချင်တိုင်းလှတဲ့ နှုတ်ခမ်းအိ အလှဘုရားမလေးကလည်း တူမကွာရှိနေတော့ ပျော်နေတာပေါ့ဆရာမှိုင်းရာ။


"မောင်ကြီး . . ."

"ပြောပါ . . အင်းဝ"

"မောင်ကြီး . . . ပြည်မြို့ကိုရောက်တာ ပျော်ရဲ့လားဟင်"

"အရမ်းပျော်တာပေါ့ဗျာ"





ပြည်ရွှေဆံတော်ဘုရားပေါ်ရှိ
ဒြေရာတစ်တောင်မောင်မဲခေါင်အောင်မြေ

"ဘာလို့ . . ."

"ပြည်ရွှေဆံတော်ဘုရားကို နတ်မိမယ်မရွှေအင်းဝနဲ့ အတူဖူးရလို့ပေါ့"

"ဘုရားမှာ ဆုရောတောင်းခဲ့သေးလားဟင်"

"မဖြစ်မနေ တောင်းခဲ့ရတာပေါ့ အင်းဝရယ်။ ဒါမှလည်း ဆုတောင်းပြည့်ဖို့ ကူညီကြမှာကိုး"

"ခစ် . . . ခစ် . . . ခစ် . . . အင်းဝလေ အစ်ကိုတို့ရဲ့ဆုတောင်းကို ကြားလို့ရမှာလားဟင်"

မရွှေအင်းဝက လှသလိုပဲ စကားပြောကလည်း ကြွယ်ပါပေရဲ့ဗျား။

"ကြားခွင့်ရှိတာပေါ့ ဒါပေမဲ့"

"ဒါပေမဲ့ . . . ဘာဖြစ် . . . ပြောလေလို့ . . . ဟွန်း"

"ကျွန်တော့်ရဲ့ ဆုတောင်းစကားက တစ်ယောက်ပဲ ကြားခွင့်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"ကြားခွင့်ရှိသူကလည်း ကျွန်တော့်ရဲ့ဆုတောင်းစကားကို စိတ်ဆိုးခွင့်မရှိဘူးဗျ"

"အလို ... ဘယ်လိုကြောင့်များပါလိမ့် ... မောင်ကြီးရယ်။ ပြောပါဦးရှင့်"

"စိတ်ဆိုးသွားတာနဲ့ ခုဘဝကနေ နောင်ဘဝဆက်တိုင်း ရုပ်ဆိုးသွားရော။ အဲဒီလို အရုပ်ဆိုးမလှတော့ရင် ဆုတောင်းရှင်ဖြစ်တဲ့ ကျွန်တော်က ပြန်ဖြေ(ဖြည်)ပေးမှ နဂိုမူလအတိုင်း ပြန်လှမှာနော"

"ဘုရား ... ဘုရား ... ဘုရား ... ဒါဆို ကျွန်မ ကြားနာပြီးရင် စိတ်ဆိုးရမှာ မဝံ့မရဲတော့ဘူး မောင်ကြီးရဲ့ ဟင် ..."

"စိတ်မဆိုးရင်တော့ မွေးရာပါအတိုင်း လှနေမှာပါဗျာ"

"ကဲလေ ... စိတ်မဆိုးဘဲ နားထောင်ကြည့်မယ် ပြော ..."

"ကျွန်တော်ကလေ ဟောဒီက ပြည့်ရွှေဆံတော်ဘုရားမှာ ဘယ်လိုဆုတောင်းခဲ့သလဲဆိုတော့ အရှင်မြတ်ကြီးဘုရား .... ဘုရားတပည့်တော်သည် ဘုရားတပည့်တော်ရဲ့ သီချင်းများကို နားထောင်ပြီးမှ အိပ်ပျော်တယ်ဆိုတဲ့ ကျွန်တော်ရဲ့နံဘေးက နတ်မိမယ်လေးကို ဘဝဆက်တိုင်း ညအိပ်ရာဝင်တိုင်း တပည့်တော်ရဲ့ သီချင်းများဖြင့် ချော့သိပ်အိပ်စေရမည့် ဘဝပိုင်ရှင်ဖြစ်ရပါစေသားလို့ ဆုတောင်းခဲ့လိုက်တယ်။ ကဲ ... ကြားပြီလားဟင်"

ကျွန်တော့်စကားဆုံးတော့ ရွှေအင်းဝက ကျွန်တော့်မျက်နှာကို အံ့သြကြီးစွာနဲ့ ငေးမောကြည့်နေတယ်။

ကျွန်တော့်ရင်ဟာ သူမ အရုပ်ဆိုးသွားမှာကို အလွန်စိုးရိမ်ပူပန်နေဆဲမှာပဲ ...

သူမက ဆင်စွယ်နှစ်ရောင် လက်ချောင်းသွယ်သွယ်လေးတွေနဲ့ ကျွန်တော့်ရဲ့ညာဘက်ကို ဖွဖွလေး ဆုပ်ကိုင်ရင်း ...

"မောင်ကြီးရယ် ... ကျွန်မကလည်း မောင်ကြီးရဲ့ သီချင်းသံကို နားဆင်ပြီး ကြည်နူးချမ်းမြေ့စွာ အိပ်ပျော်ချင်လျက်ပါရှင်"






"အို ... အင်းဝရယ်"

ကျွန်တော်တို့ရဲ့ ရွှေလက်နှစ်ခုဟာ ဆုပ်ကိုင်ဖျစ်ညှစ်ရင်း မေတ္တာ...ည်တွေ စီးမျှောသွားခဲ့ကြတယ်။

ပြည့်ရွှေဆံတော်ဘုရားပေါ်မှာ ကျွန်တော်နှစ်ဦး သစ္စာတိုင်ရတာတွေ ...ခဲ့ကြတယ်။ ရောက်ရင် ဖတ်ကြည့်ကြစမ်းပါဗျာ။ နှလုံးသားနဲ့ ဖတ်ကြည့်ပါနော်။



ဘိုးဘိုးအောင်ဘုရားနှင့် ဘိုးဘိုးအောင်ရုပ်တု

သည့်နောက် ...

တစ်ဦးလက်ကိုတစ်ဦး လေတိုးရင် လွင့်သွားမှာစိုးသည့်အလား ဆုပ်ကိုင်ထားကြပြီး အဘဘိုးဘိုးအောင်ရုပ်တုကို ဝင်ရောက်ဂါရဝပြုခဲ့ကြတယ်။

အဲဒီထဲမှာ ခြေရာတစ်တောင် မောင်မဲခေါင်ရဲ့ ခြေဖဝါးကျောက်ရုပ်တုကြီးနှစ်ဖက်ကို တွေ့ခဲ့ရတယ်။

"မောင်ကြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်းဝ"

"ရှေးစကားတစ်ခုရှိတယ် ... မောင်ကြီးရဲ့"

"ဘာများပါလိမ့် ... မိန်းမရယ်"

"ဟွန်း ... မောင်ကြီးနော် ... ဘုရားပေါ်မှာနော် ... ဟွန်း"

"ကဲ ... ကဲ ... ပြော ... ဘာလဲ"

ခြေရာတစ်တောင် မောင်မဲခေါင်ရဲ့ ခြေဖဝါးကျောက်ရုပ်တုပေါ်မှာ ထိုင်ပြီး ဆုတောင်းရင် ကျိန်းမာတယ်တဲ့"

"ဟုတ်လား ... ဒါဆို ... မောင်ကြီး ... မောင်ကြီး ... ထိုင်ပြီး ဆုတောင်းမယ်လေ။ ဘာလို့လဲဆိုတော့ ကျန်းမာမှ ဟောဒီက မရွှေအင်းဝ လေးနဲ့ ဆံဖြူသွားကျိုး ပါးရေနားရေတွန့်သည်အထိ ပေါင်းရမှာကိုးဗျ"

"ကဲလာပြီနော် ... မောင်ကြီး"

"ဟား ... ဟား ... ဟား ... ဟား ... မိန်းမစကားနားထောင် ငြားက သံပြားသံတုံးကျိုးသော် အရည်ဖြစ်၏ ... ကဲ ... ကဲ ..."

အင်းဝက တခစ်ခစ်နဲ့ ရယ်ကောင်းလို့။

ကျွန်တော် ခြေရာတစ်တောင် မောင်မဲခေါင်ရဲ့ ခြေဖဝါးရုပ်ထုကြီး ပေါ်မှာထိုင်ပြီး ကျွန်တော်တို့နှစ်ဦးအတွက် အသက်ရှည်ရာ အနာမဲ့ကြောင်း ဆုမွန်ကောင်းများ တောင်းခဲ့လိုက်မယ်ဗျာ"

ကျွန်တော်တို့နှစ်ဦးဟာ တနင်္ဂနွေဒေါင့်က ရွှေဆံတော်ဘုရားသမိုင်း ကျောက်စာကို အတူဖတ်ရှုလေ့လာပြီးနောက် လှည့်ပတ်လိုက်ကြသေး။

အရှေ့ဘက် စောင်းတန်းဘက်လည်းရောက်ရော ဗုဒ္ဓရုပ်ပွားတော် ကြီးတစ်ဆူကို မြင်လိုက်ရပါရောဗျာ။

ဗုဒ္ဓရုပ်ပွားတော်ကြီးဟာ အလွန်ကြီးမားမြင့်မားစွာနဲ့ အမိုးအကာ မရှိဘဲ နေပူထဲမှာ စံနေတာကို မြင်လိုက်ရတာပဲ။

"အင်းဝရေ ..."

"ရှင် ... မောင်ကြီး"

"ဘုရားရုပ်ပွားတော်ကြီးက အကြီးကြီးပဲနော်။ အမိုးအကာလည်း ရှိဘူး။ မိုးရွာရင်ကော ဟင်"






"မိုးရွာလည်း ဒီအတိုင်းပဲ ... မောင်ကြီးရဲ့။ သူ့သမိုင်းနောက်ခံ ကလည်း ဆန်းကြယ်တယ်။ မောင်ကြီး ... နားထောင်ချင်လားဟင်"

"နားထောင်ရမှာပေါ့ ဆန်းသလို ရှိနေတာဥစ္စာ"

"အဲ့ဒီရုပ်ပွားတော်ကြီးရဲ့ ဉာဏ်တော်အမြင့်ဟာ (၅၃) ပေနဲ့ (၇) လက်မရှိတယ် ... မောင်ကြီး။ ပြည်ရွှေဆံတော်ဘုရားသမိုင်းရဲ့ အဆိုအရ ဆိုးဘုန်းက ဒီဆယ်ထပ်ကြီးဘုရား ရုပ်ပွားတော်ငယ်နေရာမှာ ဆင်ချည်တိုင် ဘုရားဆိုတာ ရှိခဲ့ဖူးသတဲ့။



ပြည်မြို့ ဆယ်ထပ်ကြီးဘုရား



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဆင်ချည်တိုင်ဘုရား ပြိုပျက်သွားလို့ အနီးအနားမှာရှိတဲ့ ဆရာတော် ဦးတေဇာဝန္တက ဘုရားအသစ်တည်မည်ဆိုပြီး အလှူငွေ ကောက်ခံဆုတောင်းခဲ့လိုက်တာ။ စုစုပေါင်း ရွှေငွေလက်ဝတ်လက်စားနဲ့ ငွေသားချည်းသုံးသိန်းခုနစ်ထောင်ကျော် ရရှိခဲ့တယ်။ အဲဒီအလှူငွေများနဲ့ အရင် ဆင်ချည်တိုင်ဘုရားနေရာမှာပဲ အခုမြင်ရတဲ့ ဆယ်ထပ်ကြီးရုပ်ပွားတော်ကို တည်ခဲ့တာတဲ့ . . . မောင်ကြီးရဲ့"

"အဲဒီမှာ ထူးဆန်းတာက ဆင်ချည်တိုင်ဘုရားပျက်ကို ရှင်းလင်းတူးဆွလိုက်ရော အဲဒီ ဘုရားပျက်အတွင်းကနေ သရေခေတ္တရာရာဇဝင်နဲ့ ဗုဒ္ဓဝင်ကြေးရုပ်တုတွေ၊ ရွှေဆင်းတုနဲ့ ဘုရားဓာတ်တော်များအပြင် အခြားပစ္စည်းမျိုးစုံကို မမျှော်လင့်ဘဲ ရရှိခဲ့ပါရောတဲ့"

"အဲဒီပစ္စည်းတွေရယ် အခြားစေတနာရှင်တွေ လှူဒါန်းကြတဲ့ ရွှေငွေရတနာပစ္စည်း ယှူနီဖောင်းသေတ္တာဆယ်လုံးတိတိနဲ့ ထည့်ပြီး ဆယ်ကြိမ်တိတိ ဌာပနာခဲ့လို့ ၁၂၈၁ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့လိုက်တာ ၁၂၉၁ ခုရောက်မှ ဘုရားကြီးပြီးစီးခဲ့တယ်။

သေတ္တာဆယ်လုံးနဲ့ ဆယ်ကြိမ်တိတိ လှူဒါန်းဌာပနာခဲ့တာမို့ ဒါကို အစွဲပြုပြီး ပြည်လုံးချမ်းသာ ဆယ်ထပ်ကြီးဘုရားလို့ ဘွဲ့တော်မှတ်ခဲ့တာ ဒီဆယ်ထပ်ကြီးဘုရားကို ဦးဆောင်တည်ခဲ့တဲ့ ဆရာတော်ဘုရားကြီးဦးတေဇဝန္တ အရှင်သူမြတ်ကတော့ ဝါတော် (၄၇) ဝါမှာ ပျံလွန်တော်မူခဲ့တယ်တဲ့ရှင့်"

တော်လိုက်တာ။ ဗဟုသုတ လေ့လာလိုက်စားမှုကလည်း ကြွယ်ဝလိုက်တာ။ ကျွန်တော်တို့ ဆယ်ထပ်ကြီး ရုပ်ပွားတော်မြတ်ကြီးကို ဝင်ရောက်ဖူးမြော်ပြီးတော့ . . .


"မောင်ကြီး . . ."

"အင်းဝ . . ."

"ဟိုး . . . ရောဝတီတစ်ဖက်ကမ်းက တောင်ပေါ်က ရွှေရောင်ဝင်းဝင်းနဲ့ စေတီကို မြင်လား"

"အင်း . . . မြင်တယ်၊ အဲဒါ ဘာစေတီလဲဟင်"

စိတ်ကူးသစ်စာပေ



ရွှေဘုံသာမုနိစေတီတော်ပုံ

"ရွှေဘုံသာမုနိစေတီတဲ့။ အဲဒီမှာ အလွန်လှတဲ့ မိန်းမချောတစ်ယောက်ရှိတယ်ရှင့်"

"ဘယ်သူများပါလိမ့်ဗျာ"

"မမြစိမ်းတဲ့ရှင့်။ ဟောဒီ သရေခေတ္တရာ ပြည်မြို့သာမက ရွှေဘုံသာမုနိဘုရားရှိရာ ပန်းတောင်းမြို့များမှာလည်း မမြစိမ်းရဲ့အလှကိုမှီတဲ့ မိန်းမချောသလောက်ရှားတယ် . . . မောင်ကြီးရဲ့"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား ... မရွှေအင်းဝရယ် ... မကြွားနဲ့နော်"

"ဟုတ် ..."

"မင်းနဲ့ယှဉ်ရင်ကော"

"အို ... မောင်ကြီး ... ဖွ ... ဖွ ... သခင်မဘုရား ... ဗွေမယူနဲ့ ဘုရား။ ကျွန်မမောင်ကြီးက မမြင်ဖူးသေးလို့ ပြောမိတာပါ သခင်မ"

"အင်းဝ ... မင်းညွှန်းလွန်းတဲ့ မမြစိမ်းကို မောင်ကြီးမြင်ချင်တယ်။ လိုက်ပို့ပေး"

"ဟုတ်"

ဒါနဲ့ ကျွန်တော်တို့ ဧရာဝတီမြစ်ကူးတံတား (နဝဒေး)ကို ကားနဲ့ ဖြတ်ကျော်ခဲ့ပြီး ပန်းတောင်းမြို့ကို ဝင်ခဲ့ကြတယ်။

ပြီး ... တောင်မြင့်ကြီးတစ်လုံးရဲ့ ကွေ့ကောက်မြင့်တက် တောင်ပတ်လမ်းကို အချိန်ကြာကြာတက်ပြီးနောက်မှာ ရွှေဘုံသာမုနိဘုရားကို ရောက်ခဲ့ကြတယ်။

ကြည့်စမ်း ...

တောကြီးခေါင်ခေါင်မှာ ရွှေတောင်ကြီး ပေါက်နေဘိသည့်အလား ရွှေဘုရားကြီးကို ဖူးမဝအောင် ဖူးခဲ့ရတယ် ... ဆရာမှိုင်းရေ။

ရွှေဘုံသာမုနိဘုရားသမိုင်းကို ပြန်ပြောပြရင်လည်း ကျမ်းစာအုပ်တစ်အုပ်မျှ ပြောမှရမယ်ဗျ။

အဲဒီမှာ ကျွန်တော်တို့ဘဝနဲ့ နွယ်ရတဲ့ ဂမ္ဘီရဆန်ဆန်အကြောင်းပဲ ပြောပါရစေ ဆရာရယ်။

ကျွန်တော်တို့ ရွှေဘုံမုနိဘုရားကို တစ်ပတ်ပတ်ပြီးရော နတ်နန်းဆောင်တစ်ခုရှိတဲ့ ထောင့်တစ်နေရာကို ရောက်သွားတယ်။

အဝင်ဝမှာ သိုက်နန်းရှင် မမြစိမ်းလို့ ဆိုင်းဘုတ်ရေးတာကို မြင်ရပြီး မီးရောင်လက်လက်အောက်မှာ မမြစိမ်းကို မြင်လိုက်ရရော ကျွန်တော် အံ့ဩပြီး ကြက်သေသေ ငိုင်သွားပါရောလားဗျာ။

"မောင်ကြီး ... အဲ့ဒါ မမြစိမ်းပဲ"

"မ ... မြ ... စိမ်း ..."





မေတ္တာကြီးတဲ့ မမြစိမ်း


အလို ... ကျွန်တော့်ချစ်သူ မရွှေအင်းဝက မမြစိမ်းလို့ပြောလိုက်လို့သာ ကျွန်တော် မမြစိမ်းလို့ မှတ်လိုက်ပါသော်လည်း အံ့ဩဖို့ကောင်းတာက မမြစိမ်းရဲ့မျက်နှာဟာ မရွှေအင်းဝရဲ့မျက်နှာနှင့် တူနေတာကို အံ့ဖွယ်မြင်လိုက်ရပြီး မျက်တောင်မခတ် စိုက်ကြည့်နေတုန်းမှာ ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com





အမျိုးသမီးလေးများချစ်တဲ့ မမြစိမ်း

မရွှေအင်းဝက သိုက်နန်းရှင် မမြစိမ်းရဲ့ လက်ထဲက အလှူရှင်များလှူထားတဲ့ ပိုက်ဆံကန်တော့ချွန်ဆင်ထားတဲ့အပေါ်ကို ငါးထောင်တန်တစ်ရွက် ကန်တော့ထိုးပြီး လှူနေတုန်းမှာပဲ . . .

ကျွန်တော် မျက်စိရှေ့မှောက်မှာ မရွှေအင်းဝ ရုတ်ခြည်းပျောက်ကွယ်သွားသလို ခံစားလိုက်ရပြီး . . .

"အင်းဝ . . . အင်းဝ"

"အင်းဝရေ . . . အင်းဝ . . . မင်း . . . ဘယ်ရောက်သွားလဲဟင်"

"မောင်ကြီး"

"အင်းဝ . . . မင်း ဘယ်မှာလဲ၊ ဘယ်မှာလဲ"

"မောင်ကြီး . . . ကျွန်မ မောင်ကြီးရှေ့မှာလေ"

"ဟင် . . ."

နောက်ကျိသွားတဲ့ အာရုံကိုစုပြီး သတိအမှတ်နဲ့ ကြည့်လိုက်ရော ချစ်သူ မရွှေအင်းဝကို သိုက်နန်းရှင် မမြစိမ်းရဲ့နံဘေးမှာ မြင်လိုက်ရတယ်။

ဟုတ်ရဲ့လား။







အမျိုးသမီးလေးများ ခွင့်တောင်း၍ ဒါန်းစီးစဉ်
ဘေးဒါန်းမှ လူမရှိဘဲ လူပေါ်နေသောပုံ

ရွှေအင်းဝမှ ဟုတ်ရဲ့လား။

ဟုတ်တယ်။ မမြစိမ်းနံဘေးမှာရပ်နေတာ ကျွန်တော့်ချစ်သူ မရွှေအင်းဝပဲ။ ကျွန်တော့်ချစ်သူ မျက်နှာပါးပြင်မှာက စံပယ်တင်မှဲ့တစ်လုံးပါတယ်။ ပြုံးလိုက်တော့ သွားတက်ဖွေးဖွေးလည်း ပေါ်နေတာဥစ္စာ။

ကျွန်တော် အမြင်မှောက်သွားတာနဲ့တူတယ်။

"မောင်ကြီး . . . ဘာဖြစ်လို့လဲဟင်"

"ဟို . . . ဟို . . ဘာ . . . ဘာမှ မဖြစ်ပါဘူး။ သွားစို့ အင်းဝ"

ကျွန်တော် ဒီနေရာက အမြန်ဆုံး သွားချင်နေတယ်။ ပြီး . . . သိုက်နန်းရှင်မမြစိမ်းကို လေးလေးစားစား အသိအမှတ်ပြုပြီး ချစ်သူရဲ့လက်ကိုဆွဲလို့ ခပ်သုတ်သုတ် ထွက်လာခဲ့လိုက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ကျွန်တော်တို့နှစ်ဦး သက်တမ်းတစ်ထောင်နီးပါးရှိတဲ့ မန်ကျည်းပင်ကြီးအရိပ်အောက်မှာ ခဏထိုင်လိုက်ကြတယ်။

“မောင်ကြီး . . .”

“အင်းဝ”

“သိုက်နန်းရှင် မမြစိမ်းက အလွန်သနားစရာကောင်းတယ် မောင်ကြီးရဲ့။ သူကလေ လူ့ဘဝတုန်းက သူ့ယောက်ျား ကိုဘုန်းကြွယ်ကို အရမ်းချစ်ခဲ့တာတဲ့။ မမြစိမ်းကလည်း လူစင်စစ်တော့ မဟုတ်ဘူး။ သိုက်ထဲကနေ လူ့ဘဝထဲကို ခဏလာနေတာတဲ့။ အဲ . . . သိုက်ကလည်း အမိန့်ချပေးလိုက်တယ်။ လူ့ဘဝမှာ ကလေးတစ်ယောက်ရပြီးရင် သိုက်ထဲကို ပြန်လာရမယ်လို့ပေါ့။ အဲဒီမှာ ကိုဘုန်းကြွယ်နဲ့ ချစ်ကြိုက်ပြီး သားယောက်ျားလေးတစ်ယောက် ရခဲ့ကြတယ်။

ဒီမှာပဲ သိုက်ထဲက အကြီးအကဲတွေက ပြန်ခေါ်နေပါရော မောင်ကြီးရယ်။ မမြစိမ်းခမျာ လူ့ဘဝမှာ လင်နဲ့သားကို သံယောဇဉ်ဖြတ်ပြီး သိုက်ထဲကို မပြန်ချင်ရှာဘူး။ နောက်ဆုံး မလိုက်မနေရ၊ မပြန်မနေရလာခေါ်လို့ သားလေးကိုရှင်ပြုပြီးမှ ပြန်လိုက်ပါရစေလို့ ကတိပြုပြီး သားရှင်ပြုဖို့ လင်လုပ်သူ ကိုဘုန်းကြွယ်ကို ပရိက္ခရာပစ္စည်းများ မြို့ပေါ်တက်ဝယ်ခိုင်းလိုက်တယ်ရှင့်။

ကံဆိုးချင်တော့ . . .

မြစိမ်းသိုက်ကိုရှာနေတဲ့ သိုက်တူးဆရာအဖွဲ့နဲ့ ကိုဘုန်းကြွယ်တွေ့ပြီး ကိုဘုန်းကြွယ်က သိုက်ဆရာမှန်းမသိဘဲ အိမ်ကို ခေါ်လာမိပါရော . . . မောင်ကြီးရယ်။

အဲဒါကို ဘုရားသိုက်ကို စောင့်နေတဲ့ မမြစိမ်းရဲ့ အစ်ကိုလုပ်သူက သိုက်နန်းရှင်တို့တန်ခိုးနဲ့ မြင်သွားပြီး ငါ့ညီမနဲ့ သိုက်ဆရာတွေ့သွားရင် မမြစိမ်းကို ချည်မန်းကွင်းစွပ်ပြီး ဘုရားသိုက်ရတနာသိုက်ကို နှိပ်စက်မေးတော့မယ်မှန်း သိသွားရော မမြစိမ်းရဲ့အသက်ဝိညာဉ်ကို ဥစ္စာသိုက်နတ်တန်ခိုးနဲ့ နှုတ်ယူသွားလိုက်တာ မမြစိမ်း သူသားနဲ့သူ့လင် ရှင်ပြုပွဲကို ကိုယ်တိုင် မပါဝင်ရဘဲ မျက်ရည်စက်နဲ့ ပြန်လိုက်သွားရရှာတယ်။

စိတ်ကူးသစ်စာပေ



နောက်ဆုံး ကိုဘုန်းကြွယ်က သားလုပ်သူကို ရှင်ပြု၊ ကိုရင်ဝတ်ပေးပြီး သွားလေသူ မမြစိမ်းကို အမျှပေးဝေလိုက်ရရှာတယ်။

ဒီနေရာကိုရောက်ရင် ချစ်သူသက်ထားတွေဟာ အချစ်သခင်မ မမြစိမ်းရဲ့ သိုက်နန်းကိုလာပြီး အုန်းပွဲထိုးလို့ အချစ်မေတ္တာတွေ အခွန့်ရှည်ရန် ဆုတောင်းသစ္စာပြုကြဟယ် . . . မောင်ကြီးရဲ့”

“မောင်ကြီး”

“အင် . . .”

“မောင်ကြီးရော . . . မမြစိမ်းကို မသနားဘူးလားဟင်”

“မမြစိမ်းကိုလည်း သနားပါတယ်။ ကျန်ရစ်ခဲ့တဲ့ ကိုဘုန်းကြွယ်ကိုလည်း သနားတယ် . . . အင်းဝ”

“အကယ်လို့ မောင်ကြီးသာ ကိုဘုန်းကြွယ်ဖြစ်ခဲ့ရင် မမြစိမ်းနောက်ကို လိုက်မသွားချင်ဘူးလားဟင်”

“ဗျာ . . .”

ကျွန်တော် ကြားရသည့်စကားကြောင့် ကြက်သီးမွေးညင်း ထသွားတယ်ဗျာ။

“ပြောလေ . . . မောင်ကြီး”

“အင်းဝရယ် . . . . ဘဝမတူ ဇာတ်ခြားသွားကြပြီဥစ္စာ။ မမြစိမ်းက ဥစ္စာစောင့်လေ။ သူတို့နှစ်ကိုယ်တူ အချစ်တွေကို မျှဝေ ပေးဆပ်ချစ်ခဲ့ကြပြီးဥစ္စာ။ ဘဝမတူ ဇာတ်ခြားနေတဲ့ မမြစိမ်းရဲ့နောက်ကို အချစ်ဦးစားပေးပြီး လိုက်သွားရင် ကိုဘုန်းကြွယ်ဟာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ဦးမဖြစ်ဘဲ အယူမှားတဲ့ မိစ္ဆာဒိဋ္ဌိဖြစ်ပြီး အပါယ်ကို လားသွားမှာပေါ့ကွယ်။ လူ့ဘဝမှာ ကိုဘုန်းကြွယ် ကျန်ရစ်ခဲ့ပြီး ချစ်သူ မမြစိမ်းအတွက် ကောင်းမှုကုသိုလ်ပြုပြီး အမျှအတမ်းပေးဝေစေတာက နှစ်ဦးစလုံးအတွက် အကျိုးရှိတာပါ”

“ဟင့်အင်း . . . ကျွန်မသာ မမြစိမ်း နေရာမှာဆိုရင်တော့”

မရွှေအင်းဝက ကျွန်တော့်လက်ကို ခပ်တင်းတင်းလေး ကိုင်ဆုပ်ရင်း ပြောလိုက်သည့်စကားကြောင့် ကျွန်တော် သူမမျက်နှာကို စူးစမ်းသလို

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ရော သူမက ကျွန်တော့်မျက်နှာကို ပြုံးပြုံးလေး ကြည့်နေတာကို မြင်လိုက်ရတာနဲ့ . . .

"အင်းဝက မမြစိမ်းလို နေရာမှာဖြစ်နေရင် ဘယ်လိုလုပ်ချင်လို့တုံး"

"ကျွန်မကတော့ ကျွန်ရစ်ခဲ့တဲ့ ချစ်သူလင်သားကို လုံးဝစိတ်မချနိုင်ပါဘူး မောင်ကြီးရယ်။ ကျွန်မက သိုက်ထဲမှာ သတိရပြီး လွမ်းဆွေးမျက်ရည်ကျချိန်မှာ ကျွန်ရစ်ခဲ့သူ လင်သားက ကျွန်မကိုမေ့ပြီး အခြားချစ်သူတစ်ယောက်နဲ့ ပါးချင်းအပ်ပြီး ချစ်ရည်လူးနေမှာကို မရှုရက်ဘူး . . . မောင်ကြီးရဲ့"

"ဒီတော့ ဘယ်လိုလုပ်မှာတုံး"

"ကျွန်မသာဆိုရင် ကျွန်ရစ်ခဲ့တဲ့ ချစ်သူရဲ့အသက်ကိုနုတ်ပြီး သိုက်ထဲမှာ အတူဒါန်းစီးပြီး ပျော်ပစ်လိုက်မှာပဲ"

ဘုရား . . . ဘုရား . . . ။

မရွှေအင်းဝ အချစ်ကြီးလှပါတကား။

သူမက သူမအချစ်ရဲ့ အဆုံးစွန်ဆုံးလုပ်ရပ်ကို ရဲရဲကြီး ရင်ဖွင့်ပြနေပါကလား။။

မဖြစ်ပါစေနဲ့။

မဖြစ်ပါရစေနဲ့။

သူမရဲ့ ချစ်ခြင်းမေတ္တာကို ယုံကြည်ပါတယ်။

သို့သော် . . .

မရွှေအင်းဝသည် မမြစိမ်း မဖြစ်ပါစေနှင့်။

မမြစိမ်းထက် ပိုလွန်သာကဲသည့် အချစ်မျိုးကို မှတ်တိုင်စိုက်ထူချင်တဲ့ ဥစ္စာစောင့်သိုက်နန်းရှင် မရွှေအင်းဝ မဖြစ်ပါစေနှင့်လို့ ကျွန်တော်ရင်ထဲမှာ ကြိတ်ဆုတောင်းနေမိတယ်။

မချစ်လို့ မဟုတ်ပါဘူး။

မိစ္ဆာဒိဋ္ဌိအယူများမှာ စိုးလို့ပါ။

ဒါနဲ့ ကျွန်တော်က စကားကို လမ်းလွှဲလိုက်တယ်။





"အင်းဝရေ . . ."

"ရှင် . . . မောင်ကြီး"

"အင်းဝက ဘယ်မြို့သူလဲဟင်"

"ကျွန်မလား . . . မောင်ကြီး"

"ဟုတ်ကဲ့ ခင်ဗျ"

"ကျွန်မက ရွှေကူမြို့သူပါ . . . မောင်ကြီး"

"ဟင် . . . ရွှေကူမြို့သူ"

ကျွန်တော့်နားထဲမှာ ရွှေကူမြို့သူလို့ ကြားလိုက်ရလို့ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်ဗျာ။ ဒါနဲ့အတူပဲ ဟိုးတစ်ခါ မက်ခဲ့တဲ့ ရွှေဂူကြီးရယ်၊ သလင်းကျောက်ဂူနဲ့ ထူးဆန်းတဲ့ ခေါင်းနှစ်လုံးအနက် ရွှေအင်းဝရဲ့ မျက်နှာနဲ့တူတဲ့ ခေါင်းတစ်လုံးထဲက မျက်နှာကို ပြေးမြင်သတိရပြီး တုန်လှုပ်သွားခဲ့ပါရောဗျာ။

"မောင်ကြီးရဲ့ ရွှေဂူမဟုတ်ပါဘူး။ ရွှေကူပါ။ ဗန်းမော်ဘက်က ရွှေကူမြို့သူပါ . . . မောင်ကြီးရယ်"

"ရွှေကူလား . . . ဟုး . . . တော်ပါသေးရဲ့ဗျာ"

"မောင်ကြီး . . ."

"အင် . . ."

"မောင်ကြီးရဲ့မျက်နှာဟာ ကျွန်မနဲ့စကားပြောနေရင်းကနေ တစ်ချက်တစ်ချက် အံ့သြသွားသလို၊ ကြောက်ရွံ့တုန်လှုပ်သွားသလိုမျိုး ဖြစ်ဖြစ်နေတာကို ကျွန်မ မြင်နေသလိုပဲ။ မောင်ကြီး ဘာဖြစ်နေတာလဲဟင် . . . ဟင်လို့"

"အဲ . . . အဲ . . . ဟို . . . ဟို . . . ဘာမှမဟုတ်ပါဘူး အင်းဝရယ်။ ကျွန်တော်က မရောက်ဖူး၊ မကြားဖူးလို့ ရွှေကူနဲ့ရွှေဂူ နားကြားလွဲသွားတာပါ။ အင်းဝရေ . . . . ဒါထက် ဟောဒီ ရွှေဘုံသာမှန်အကြောင်း ကျွန်တော့်ကို ရှင်းပြပါလားဟင်"

သူမ သိပ်မရိပ်မိခင် စကားကို လမ်းလွှဲလိုက်တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ကျွန်မသိသလောက်ပေါ့နော်။ ဟောဒီ ရွှေဘုံသာမုနိဘုရားကို အမရပူရမြို့နန်းတည် ဘိုးတော်မင်းတရားကြီးလက်ထက်မှာ ရခိုင်ပြည်အလုံးကို အောင်မြင်တော်မူလို့ မုနိလေးဆူကို ပင့်တော်မူခဲ့တယ်တဲ့။

ရပုံကတော့ သက္ကရာဇ် (၁၁၄၆)ခုနှစ် တန်ဆောင်မုန်းလဆန်း (၄)ရက်နေ့မှာ အလောင်းမင်းတရားကြီးက အိမ်ရှေ့မင်း သိရိမဟာဓမ္မဘိဇယ ဘွဲ့တော်ခံ သားတော် သီဟသူကို ရခိုင်ချီစေပြီး မဟာမုနိကို ပင့်စေတာပဲ။

အိမ်ရှေ့ဥပရာဇာဟာ တပ်ဖွဲ့ကြီးချီပြီး မြောက်ဦးမြို့ကို သိမ်းပိုက်လို့ သစ်တောဝန်နဲ့ အတွင်းဝန်တို့က လူအင်အားတစ်သောင်းကို ကြီးကြပ်ပြီး မဟာမုနိကို သယ်ယူပင့်ဆောင်ခဲ့ကြတယ်တဲ့။

မဟာမုနိ ရုပ်ပွားတော်ကြီးနဲ့အတူ ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိ၊ မာန်အောင်မြင်မုနိတို့ကိုပါ ပင့်ဆောင်ခဲ့ကြတယ်။

မုနိလေးဆူကို အခက်အခဲအမျိုးမျိုးနဲ့ သယ်လာကြတော့ ကုလားတန်မြစ်ကိုရောက်ခဲ့တယ်။ ကုလားတန်မြစ်ကနေ ဖောင်နဲ့ မုနိလေးဆူကို ပင့်လာလိုက်ကြတာ တိုတိုပြောရရင် ပန်းတောင်းမြို့ကိုရောက်ပြီး အဲဒီကနေ ပြည်မြို့ကို ဖောင်နဲ့ဆန်ကြမယ်။

ဒီလိုနဲ့ ပြည်မြို့တစ်ဖက်ကမ်းက အခု ကျွန်မတို့ရောက်နေတဲ့ ရွှေဘုံသာမုနိအရပ်မှာ စခန်းချကြတယ်။

ဒီမှာ နောက်ကနေလိုက်လာကြတဲ့ ရခိုင်လူမျိုးဘို့က သူတို့ကိုးကွယ်ကြည်ညိုနိုင်ရန် မုနိတစ်ဆူထားရစ်ခဲ့ပါလို့ တောင်းပန်ကြတာပေါ့လေ။ အိမ်ရှေ့ဥပရာဇာ မိန့်တော်မူလိုက်သည်က . . .

"ဒီမုနိရုပ်ပွားတော်ကို မင်းတို့နိုင်ငံကိုတော့ ပြန်မသယ်ယူသွားကြနဲ့။ ဒီအရပ်မှာ ထားခဲ့မည်။။ မင်းတို့လည်း လာဖူးလို့ရနိုင်သလို၊ ဒီအရပ်ဒီဒေသဝန်းကျင်မှာရှိတဲ့ လူအပေါင်းတို့လည်း ဖူးမြော်နိုင်ကြမည်"

လို့ မိန့်တော်မူလိုက်တယ်။

---

စိတ်ကူးသစ်စာပေ



အဲဒါ မုနိတစ်ဆူကို ဒီ ရွှေဘုံသာစခန်းချရာမှ ထားခဲ့လိုက်တယ်။ ရွှေဘုံသာအရပ်မှာ သီတင်းသုံးလို့ ရွှေဘုံသာမုနိလို့ အမည်တွင်ခဲ့ရတယ်ပါ။

ရွှေဘုံသာမုနိဘုရားသမိုင်းမှာ ရေးထားတာ သက္ကရာဇ် ၁၁၄၆ ခုနှစ်၊ ခူးလပြည့်ကျော် (၁၄) ရက်မှာ အိမ်ရှေ့မင်းတို့ ပြည်မြို့ကနေ အမရပူရ ဆန်တက်သွားကြတယ်တဲ့။

ကျန်ရစ်တဲ့ ရွှေဘုံသာမုနိဆင်းတုတော်ကြီးကို ပြည်ဘုရင် သတိုး ရာဇာတည်ခဲ့တဲ့ မြတ်မုနိစေတီတော် ဌာပနာပြီး ယခုမြင်တွေ့ရတဲ့ ရွှေ သာမုနိစေတီတော်ကြီးကို တည်ခဲ့တာပဲရှင့်။

နောက်ဆုံးတော့ နှစ်ပေါင်းများစွာ ဒီစေတီတော်ကြီးထံမှာ ကိန်း ာင်းနေရာက နောက်တော့ ချုံနွယ်ပိတ်ပေါင်းများဖုံးပြီး ပြိုပျက်ခဲ့ရတဲ့ ကို ရောက်ခဲ့ရာက . . .

၁၉၉၇ ခုနှစ်ရောက်တော့မှ ဒုတိယဗိုလ်ချုပ်ခင်ညွန့်ရဲ့ စီမံခန့်ခွဲ ယခုမြင်ရတဲ့အတိုင်း ကြည်ညိုသပ္ပာယ်စရာဖြစ်ပြီး ဘုရားဖူးများနဲ့ မပြတ် ကားနေတာ မောင်ကြီးမျက်မြင်ပါပဲရှင်"

"ဟုတ်တယ်နော် . . . ရောဝတီတစ်ဖက်ကမ်းကို ကြည့်ရတာ ည်း အရသာရှိလိုက်တာ . . . အင်းဝရယ်"

"မောင်ကြီးရယ် . . . တစ်ချိန်တစ်ခါတုန်းက ရွှေဘုံသာ တောနက် ထဲ မျက်စိလည်နေကြတဲ့ ပုလိပ်နှစ်ယောက်ရယ်၊ အမဲသားသည်တစ် ာက်ရယ်၊ အရှုးမတစ်ယောက်ရယ် စုစုပေါင်း (၄)ယောက်တို့ဟာ နတ်တို့ ကွယ်ထားတဲ့ ရွှေဘုံသာမုနိဘုရားကြီးကို ဦးစွာ ဖူးမြော်ရပြီးနောက်မှာ မြို့တစ်ဖက်ကမ်းက ဖိုးဦးတောင်၊ ဖိုးဖြူတောင်၊ ပဥ္စူတောင်နဲ့ တန့် ည့်တောင်တို့မှာ သာသနာထွန်းကားပြီး ဖူးမြော်ရမည်လို့ ကျေးဇူးတော် လတက္ကသိုလ်ဆရာတော်ဘုရားကြီးက ကြိုတင်မိန့်ကြားခဲ့တာ။

ခုတော့ ဖိုးဦး၊ ဖိုးဖြူ၊ ပဥ္စူနဲ့ တန့်ကြည့်တောင်တန်းတွေပေါ်မှာ သနာ နေလိုလလို ထွန်းလင်းတောက်ပနေပါပြီ . . . မောင်ကြီး"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၄ ]

❑

ဒါက ကိုဘုန်းနွေလွန်း ကျွန်တော် (မောင်ညိုမှိုင်း) ကို ပြောပြတဲ့ ပုဂံဘုရားဖူးက စလိုက်တဲ့ ဇာတ်လမ်းပါ။

ကျွန်တော်ထင်တာက ပျော်ရွှင်ဖြောင့်ဖြူးစရာကောင်းတဲ့ အချစ်ဇာတ်လမ်းတစ်ခုလို့ မူလက ထင်မြင်ခဲ့တာပေါ့ဗျာ။

တစ်နေ့ . . .

ကျွန်တော့်ရဲ့ကျေးဇူးရှင် ဘတိုက်ပုံဦးရာကျော်ရဲ့ ညီတပည့် ဦးရေချမ်းအိုးကြီး ရောက်လာခဲ့တယ်။

''ဘရေချမ်းပါလား။ လာဗျို့ . . . လာ . . . လာ . . . ဒါနဲ့ ဘတိုက်ပုံကြီး မပါဘူးလားဗျ . . . ဘရေချမ်းရ''

''မင်းအဘတိုက်ပုံကြီးက အလုပ်တွေများနေတယ်ကွ။ ဟော့ကောင် မောင်မှိုင်း . . .''

''ဗျာ . . . ဘရေချမ်း . . . ဘာတုံးခင်ဗျ''

''မင်းတို့ ဗိဿနိုးကို သွားခဲ့တယ်ဆို''

''အဘတို့ကို ဘယ်သူပြောလို့တုံးဗျာ''





''ဟ . . . ငတုံးလေးရ၊ ငါတို့က လာပြောမှ သိရမှာလားကွ ဟင်။ မင်းဆရာ ဘတိုက်ပုံကြားရင်တော့ မင်း အတွယ်ခံရဦးမှာပဲ။ မင်းတို့အုပ်စု ...ရုံကြီးရှေ့မှာ ဘာတွေပြောနေ ဖတ်နေတာကအစ မင်းအဘက သိနေ ...ဘာကွ''

''ဗျာ . . .''

''အဘရေချမ်း''

''ဘာတုံးကွ''

''အဘတို့ မသိတာ ဘာရှိသေးတုံးဗျာ . . . ဟင်''

''နည်းနည်းပါးပါးပါကွာ။ မင်းတို့အိပ်ရာထဲမှာ ဘာလုပ်နေတာလဲ ...တော့ မသိဘူးပေါ့ကွာ။ ငါတို့က စီ. အိုင်. အေ လောက် အကြားအမြင် မရ ...သေးပါဘူး . . . ငါ့လူရာ။ ဒီမှာကွ . . . မောင်မှိုင်းရဲ့ . . .''

''ပြော . . . အဘ''

''မင်း အဘတိုက်ပုံကြီးက မင်းအတွက် စာတစ်စောင် ပေးလိုက် ...တယ်ကွ။ ရော့ . . . ဖတ်ကြည့်''

ဘရေချမ်းအိုးက ပင်နီအင်္ကျီအိတ်ထဲမှ စာတစ်စောင်ထုတ်ပြီး ...ကျွန်တော့်လက်ထဲကို ပေးတယ်။

ဒါနဲ့ စာအိတ်ကိုဖောက်ပြီး ဖတ်လိုက်တော့ . . .

...သို့ . . .

*မောင်မှိုင်း . . .*

*စာရေးဆရာငတုံးကလေး*

*ဟော့ကောင် . . . ငါ အလွန်အရေးကြီးတဲ့ လူနှစ်ယောက်နောက် ...ကို ခြေရာခံပြီး လိုက်စရာရှိတယ်။ အန္တရာယ်လည်း များတယ်။ ဘယ်နေ့ ...ဘယ်ရက် ကိစ္စပြီးမယ်လို့ မပြောနိုင်ဘူး။ အရေးကြီးတာက လူယုံပဲကွ။ ...စိတ်ချရတဲ့ လူယုံတပည့်လိုနေလို့ မင်းကို ငါအလိုရှိတယ်။ မင်းအတွက်လည်း...*



www.burmeseclassic.com

www.burmeseclassic.com



မသေရင် ရေးစရာ ဝတ္ထုရှည်ကြီး ရမှာပေါ့ကွာ။ လိုက်မယ်လို့ ဆုံးဖြတ်ပြီးရင် သရဏဂုံတင်ပြီးလိုက်ခဲ့။ ငါ ပုဂံဘုရားရေစပ်က မလုံးတင်ရဲ့အကြော်ဆိုင်မှာ နတ်တော်လဆန်း(၁)ရက်နေ့ မွန်းမတည့်မီအထိ စောင့်နေမယ်။ မွန်းလွဲသွားရင်တော့ ငါ့ကို လိုက်မရှာနဲ့။

ရာကျော်

ကြောက်စရာကောင်းလိုက်တဲ့ အရေးအသားဗျာ။ ဖတ်ရင်းနဲ့ကိုကျောထဲမှာ စိမ့်ခနဲ ဖျန်းခနဲ ဖြစ်သွားတာပဲ။

''ဘရေချမ်း''

''အေး . . . ပြော''

''ဘရေချမ်းက လိုက်မသွားဘူးလား''

''မင်းဆရာက လမ်းကြောင်းတစ်ခု၊ ငါက လမ်းကြောင်းတစ်ခုကွ။ လူခွဲပြီး လိုက်ရှာရမှာလေ။ မင်းဆရာကတော့ မင်းကို အတော်အားကိုးတာပဲ။ လိုက်တာမလိုက်တာ မင်းသဘောပဲ''

''မလိုက်လို့တော့ မဖြစ်ဘူးလေဗျာ။ လိုက်ရတော့မှာပေါ့။ အဘက အသက်ကြီးနေပြီဥစ္စာ''

''ငါယုံပါတယ် မောင်မှိုင်းရာ။ မင်းဟာ မင်းဆရာနဲ့မှား အတူသွားရမယ်ဆိုရင် ရဲပြည်တောင် မီးကာအင်္ကျီမဝတ်ဘဲ ခုန်ချမဲ့ကောင်မှန်း ငါသိပြီးသားပါကွ။ ဩော် . . . မောင်မှိုင်းရေ နောက်တစ်ခု မှာလိုက်သေးသကွ။ ငါမေ့နေလို့ဟ ငါ့လူရ''

''ဘာမှာလိုက်သေးလို့တုံး . . . ဘရေချမ်းရ''

''အကယ်၍ မင်းမိန်းမရနေရင်တော့ မလိုက်ခဲ့နဲ့တဲ့။ ညီတော်မင်းနန့်လို နောက်ဆံတတင်းတင်း ဖြစ်နေရင် နှစ်ယောက်စလုံး မာလကီးယားမှာ စိုးလို့တဲ့။ ဘယ်နဲ့ ငါ့လူရော ဖနီးမယားနဲ့ သမီးသားနဲ့ ကြီးပွားနေလား အကြွေးထူနေလား''

''ကျွန်တော့်မှာ မိန်းမ မရှိပါဘူးဗျာ''





''ဟား . . . ဟား . . . ဟား . . . မောင်မှိုင်းရာ . . . ငါ့လူရာ . . . မင်းတို့၊ သိန်းဝင်းတို့၊ ဝင်းနိုင်တို့၊ လေးမောင်တို့ဟာ ဘယ်အချိန်မေးမေး မိန်းမ မရှိဘူး။ လူပျိုကြီးတွေပါ။ အမေအိုကြီးကို လုပ်ကျွေးနေတာပါနဲ့ အိမ်ထောင်စုစာရင်း ဖတ်ကြည့်မှ မြေးတောင်မှ အပျိုကြီး လူပျိုကြီး ဖြစ်နေပြီဆိုတဲ့ ကောင်တွေပါ . . . မောင်မှိုင်းရာ''

''ကျွန်တော့်မှာတော့ မူးလို့တောင် ရှုစရာ မရှိပါဘူးဗျာ''

''ရှုစရာ . . . ဟုတ်လား၊ မင်းက ဘယ်နေရာ ရှုချင်လို့တုံး။ ဖွီ . . . မင်းတို့ရုပ်တွေလားကွာ။ ဟိုကောင် . . . တရုတ်တင်ထွန်းရော မိန်းမ ရသွားပြီလား''

''မရသေးပါဘူးဗျာ။ တရုတ်မောင်တင်ထွန်းက သူ့အမေကို တကယ်လုပ်ကျွေးနေတာ . . . ဘရေချမ်းရာ။ တစ်လောတုန်းက မိုးကုတ်သူဌေးညီမက တိုက်တစ်လုံး၊ ကားတစ်စီးနဲ့ ရွှေဆိုင်တစ်ဆိုင် တင်တောင်းတာတောင် မောင်တင်ထွန်းက ငြင်းလိုက်တယ်ဗျ''

''ကားတစ်စီးဆိုတာ ဘာကားတုံး။ သာယာဝတီမှာ ပြေးဆွဲနေတဲ့ ကွန်ဒေါင်းလား''

''အဘတို့ကလည်းဗျာ . . . စကားကောင်းပြောရင် သိပ်ဖောက်တာပဲ၊ ပါဂျဲရိုးမှ အသစ်ကြီးဗျ''

''အဲဒါ မင်းကောင်က ဘာလို့ငြင်းနေတာတုံး။ ပဲခူးဆေးလိပ်ခုံဒိုရမည့် စာအုပ်တွေထုတ်ပြီး စွပ်ကျယ်ကျိုင်းပြတ်နဲ့ နေသွားချင်လို့လား။ ဟုတ်လား။ မိုးကုတ်သူဌေးညီမဆို နည်းရောလားကွာ''

''မိုးကုတ်သူဌေးရဲ့ ညီမကို မြင်ပြီးမှ မယူဖြစ်တာခင်ဗျာ''

''ဟာ . . . ကောင်မလေးက မချောလို့လား''

''မဟုတ်ဘူး အဘရ . . . သတို့သမီးလောင်းက အသက်က (၉၇)နှစ်ရှိနေတာဗျ။ သွားတောင် မရှိတော့ဘူး''

''ဟေ . . . ''

''ဒီကြားထဲက ဘယ်ခြေထောက်က လေဖြတ်ပြီး လမ်းလျှောက်ရင် ဘဲရမ်းယမ်းနေသေးတယ်ဗျ''



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့လေ ... ဒါမျိုးကျတော့လည်း မိန်းမယူတာ မဖြစ်ဘဲ မသာလောင်းယူတာဖြစ်ပြီး မြန်မြန်သေသွားကိစ္စမရှိဘူးကွ။ ကိုယ့်လက်ထဲ ရောက်မှ နောက်ထပ် အနှစ်လေးဆယ် ဆက်အသက်ရှင်နေရင် ကိုယ်ကျိုး နည်းရောကွ။ ဟုတ်တာပေါ့။ ဒါနဲ့ မင်းကရော မိန်းမ ..."

"တော်စမ်းပါ ... အဘရာ၊ မိန်းမအကြောင်း လုံးဝမကြားချင်ဘူး ဗျာ"

"အမ်မယ် ... ငါ့လူက မိန်းမမုန်းတီးလို့လား ... အဟုတ်"

"မဟုတ်ဘူးဗျ။ ပြောသံကြားတာနဲ့ တစ်ခါတည်း မင်္ဂလာဆောင် ချင်လို့ဗျ"

"ဟာ ... ရှာရိုးမသားလေး .... ငါက အဟုတ်မှတ်လို့ သနား မလို့ဟာ။ နှာဘူးနဲ့လာတွေ့နေတယ် ... ဖွီ ..."

ကျွန်တော်တို့နှစ်ဦး စကားကောင်းနေချိန်မှာပဲ ...

"ဆရာမှိုင်း ... ဆရာမှိုင်း ရှိလားဗျ"

"ဟော့ .... ခြံဝက ဘယ်သူတုံးကွ"

"ကျွန်တော်ပါဗျ ... ဘုန်းနွေလွန်းပါ'

"မောင်လွန်းလားဟေ့ ... ဝင်ခဲ့ ... ငါ့ညီရေ"

မောင်လွန်း အိမ်ပေါ်ကို ရောက်လာတယ်။ မောင်လွန်းက ကွမ်း တံတွေးတွေ ပါးစပ်ပေကျံနေတဲ့ ပင်နီလက်တို သျှောင်တစ်စောင်းနဲ့ လူညစ် ပေကြီးကို မသိမသာ လှမ်းကြည့်ရင်း ထိုင်လိုက်တယ်။

"အလည်သက်သက်ပဲလား။ ဟိုကိစ္စရော အဆင်ပြေလား"

"အစ်ကိုနဲ့ အပြင်ခဏသွားချင်လို့ဗျ"

"ဘယ်ကိုသွားမလို့တုံး ... ငါ့ညီရ"

"ပဲခူး ရွှေမော်ဓောဘုရားမှာ ဗေဒင်ဆရာတစ်ဦးက ပြောတိုင်းမှန် တယ်တဲ့။ အဲဒါ သွားမေးမြန်းကြည့်ချင်လို့ အစ်ကို့ကို လာခေါ်တာဗျ"

ဒီမှာ ဘုန်းနွေလွန်းက ပြောလိုက်တော့ ကျွန်တော်က ခေါင်းရင်း ဘက်မှာ ထိုင်နေတဲ့ အဘရေချမ်းအိုးကြီးရဲ့ မျက်နှာကို လှမ်းကြည့်လိုက် တယ်။ အဘက ကိုလွန်းကိုကြည့်ပြီး ပြုံးနေတယ်။

စိတ်ကူးသစ်စာပေ



"ကိုလွန်း ... ငါ့ညီ"

"ဗျာ ... ဆရာမှိုင်း"

"ငါ့ညီက ဗေဒင်၊ လက္ခဏာတို့၊ မနောတယ်လီပသီတို့ကို ယုံ ကြည်အားကိုးလို့လားကွယ့်"

"အချို့ဆရာတွေက အံ့ဖွယ်ကောင်းလောက်အောင်ကို ဟောပြော နိုင်တော့ လေ့လာမေးမြန်းချင်လို့ပါ ... ဆရာ"

"အေး ... အေး ... ဒါနဲ့ ငါ့ညီကို မိတ်ဆက်ပေးရဦးမယ်ကွ။ ဟောဒီအဘက ငါတို့ဆရာကြီးပဲကွ။ ဘရေချမ်းအိုးလို့ခေါ်တယ် ... ညီလေး ရဲ့ အဘရေချမ်းအိုးကလည်း အသင့်အတင့်တော့ ဟောပြောနိုင်တယ် ကွ။ ငါ့ညီ စိတ်ဝင်စားရင် အဘထံမှာ နည်းနည်း လက္ခဏာပါ အစစ်ခံကြည့် ပါလား ... အဘရေ ..."

"အေး ... ပြော"

"ဒီလူငယ်ဟာ ကိုဘုန်းနွေလွန်းတဲ့။ အဆိုတော်တစ်ဦးပါ ... အဘ"

"အေးအေး ... တွေ့ရတာ ဝမ်းသာပါသပေါ့ကွယ်"

"ငါ့ညီ ... ဘယ်နှယ့်လဲ"

"ကြည့်ချင်ပါတယ် ... အစ်ကို၊ အဘဆရာကြီး ခွင့်ပြုရင် စစ်ဆေး ခံချင်ပါတယ် ခင်ဗျ"

"အဘ ပြောခဲ့ပါတယ်ကွယ်။ ဗေဒင်ဆရာ၊ လက္ခဏာဆရာလည်း အဘ လုပ်မစားပါဘူး ကလေးရယ်။ အဘတို့လိုင်းက သီးသန့်တစ်လိုင်း ပါ၊ ဒီအကြောင်းတွေ လူကလေးကို မရှင်းပြချင်တော့ပါဘူး။ ကိုင်း ... လက်ဝါးဖြန့်လိုက်"

ကိုဘုန်းနွေလွန်းက ဘရေချမ်းရှေ့မှာ လက်ဝါးနှစ်ဖက်ကို ဖြန့်ပြ လိုက်တယ်။ ဘရေချမ်းက လက်ဝါးပေါ်မှာ လက္ခဏာအရေးကြောင်းတွေ ကို ကြည့်ရင်းက ...

"လူကလေး ... အသက်ဘယ်လောက်လဲ"

"နှစ်ဆယ့်ရှစ်နှစ်ပါခင်ဗျ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''မွေးနေ့က''

''ကြာသပတေးသားပါခင်ဗျ''

''နှစ်ချက်ပဲ ဟောခဲ့မယ်နော်''

''ဣဋ္ဌကြင်းကွာ၊ အသူရာအောက်မှာ ဖောက်ထိုးကျဆိုတဲ့ တနင်္ဂနွေ သက်ရောက်ကိန်းကျနေတယ်။ ကြာသပတေးသား (၄) ကြွင်းနေတယ်။

''ဘာကိုပြောတာလဲ အဘခင်ဗျ''

''အချစ်ရေးကိစ္စနဲ့စပ်လျဉ်းပြီး ဒီနှစ်ထဲမှာ ခေါင်းခဲအောင် ခံစားရပြီး စိတ်ညစ်ကြေကွဲဝမ်းနည်းရမယ်''

''ဒီတော့ . . . .''

''အိမ်ထောင်မပြုပါနဲ့၊ အိမ်ထောင်ပြုရင် ဝမ်းနည်းစွာ ခံစားရလိမ့်မယ်''

''ပေါင်းရမှာလားခင်ဗျ''

''လက်ထပ်ပြီး မပေါင်းရဘူး''

''ဗျာ . . . ဘယ်လို . . . အဘ . . . ဘယ်လို . . . ဘယ်လို''

''လက်ထပ်ရမယ်ဆိုရင် လက်ထပ်တာပဲရှိမယ်။ လုံးဝ မညားဘူး''

''တစ်မျိုးကြီးပဲနော်''

''အချစ်ရေးမှာ လက္ခဏာက ကျွန်းရေးရေး ခံနေတာကိုး''

''ဒါဆို ဘယ်အချိန်ကျမှ တကယ်ညားမှာလဲဟင်''

ဒီမှာ အဘရေချမ်းက ဘုန်းနွေလွန်းရဲ့ လက်ဝါးနှစ်ခုကို ကိုင်ပြီး အတန်ကြာ မျက်စိမှိတ်လို့ အာရုံခံနေသလို လုပ်နေလိုက်တယ်။ ပြီး . . . မျက်စိပြန်ဖွင့်ကြည့်ရင်း . . .

''လူကလေး . . .''

''ခင်ဗျာ . . . အဘ''

''လူကလေး ရည်ရွယ်ထားသူပေးခဲ့တဲ့ ပစ္စည်းဘာရှိလဲ''

''ဟိုလေ . . . ချစ်သူပေးခဲ့တဲ့ စာတစ်စောင်ရှိပါတယ် . . အဘ''

''ခဏပေးစမ်း''





ဒီမှာ ဘုန်းနွေလွန်းက အမြဲတမ်းသွားလေရာ ကိုယ်နှင့်မကွာ ဆောင်ထားတဲ့ သူ့ချစ်သူ မရွှေအင်းဝ ပုဂံမြေရုံကြီးမှာ လျှကြုံနဲ့ပေးလိုက်တဲ့ စာခေါက်လေးကို အင်္ကျီထဲကနေ ထုတ်ပေးလိုက်တယ်။

''ဟုတ်ပြီ . . . စာခေါက်ကို လက်ဝါးနှစ်ခုထဲ ညှပ်ထား''

ဘရေချမ်းက စာခေါက်ညှပ်ထားတဲ့ ကိုလွန်းရဲ့လက်ကို စုကိုင်ပြီး ဒုတိယအကြိမ် အာရုံပြုသလို လုပ်နေတယ်။

ပြီး . . . ခေါင်းတညိတ်ညိတ် လုပ်နေတယ်။

''အင်း . . . အင်း . . . မင်းတို့ . . . မင်းကိုး . . .''

ပါးစပ်ကလည်း တစ်ယောက်တည်း ပြောလို့။

''လူကလေး . . .''

''အဘ . . .''

''မင်း . . . သူ့ကို သိပ်ချစ်မြတ်နိုးသလား''

''ဟုတ်ကဲ့ . . . မြတ်နိုးပါတယ်ခင်ဗျ''

''သူမဟာလည်း မင်းကို အလွန်ချစ်မြတ်နိုးနေပါတယ်''

''ဟုတ်ကဲ့ ခင်ဗျ''

''အင်း . . . အင်း . . . ပြောရသလောက်တော့ ပြောရမှာပေါ့ကွာ၊ မင်းချစ်သူ ညာဘက်ပါးပေါ်မှာ စံပယ်တင်မှဲ့တစ်လုံးရှိတယ်''

''ဗျာ . . .''

''မဟုတ်ဘူးလား''

''ဟုတ်ပါတယ် . . . မှန်ပါတယ် . . . အဘရယ်''

''ဘယ်ဘက်ပါးပေါ်မှာ သွားတက်လေးရှိတယ်''

''မှန်ပါတယ် ခင်ဗျာ''

နားထောင်နေတဲ့ ကျွန်တော်ပါ အံ့သြနေတယ်ဗျာ။ အဘက တစ်ခါမှ မမြင်ဖူးတဲ့ မရွှေအင်းဝရဲ့ အဓိကအချက်တွေကို ပြောနေတာကိုး။

''တယ်ချောမောလှပတာကိုး။ သူမနဲ့ ရုပ်ချင်းဆင်တဲ့လူ နောက်ထပ်တစ်ယောက်ရှိတယ်။ အဲဒီမိန်းမမှာတော့ မှဲ့မပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ...ဟုတ်ကဲ့ ...သူ ...သူတို့ ဘယ်လိုတော်စပ်လဲ ဟင် ...အဘ ...ဟင် ..."

"အဘ မပြောကောင်းဘူး။ မင်းတို့နှစ်ဦးအနက် ....တစ်ဦးဦး သည် ...."

ဘရေချမ်းအိုးက ရှေ့ဆက်မပြောဘဲ ရပ်ပစ်လိုက်တယ်။

"အဘ ...ဆက်ပြောလေ"

"အင်း ...အင်း ...ဒီနှစ် အိမ်ထောင်မပြုဘဲ နောင်နှစ်ရောက်မှ အိမ်ထောင်ပြုရင် အိမ်ထောင်ရေး စိတ်ချမ်းသာမယ်။ ဒီနှစ်ထဲမှာပြုခဲ့ရင် နှစ်ဦးစလုံး စိတ်ဆင်းရဲရပြီးမှ ညားနိုင်ဖွယ်ရှိတယ်"

"ဘာဖြစ်လို့လဲ ...အဘ။ အားမနာပါနဲ့ဗျာ။ ပြောသာ ပြောပါ"

"ရှင်းရှင်းပြောရရင် နှစ်ဦးအနက် တစ်ဦး စိတ်နောက်သွားလိမ့်မယ်။ အဲဒီလိုဖြစ်ပြီးမှ ညားနိုင်ဖွယ်ရှိတာ"

"စိတ်နောက်မယ်"

"ဟုတ်တယ်"

"ဟုတ်ရဲ့လား ခင်ဗျာ"

"ကံမကောင်းရင် နှစ်ယောက်စလုံး ရူးနိုင်သေးတယ်"

"အဘ ..."

"ပြော"

"ညားမယ်မဟုတ်ဘူးလား"

"ညားနိုင်ဖွယ်ရှိတယ်လို့ပဲ ပြောချင်တယ်။ ဘုရား တရား မြဲပါ။ ဂုဏ်တော်ပွားပါ။ မမေ့ပါနဲ့။ ကိုင်း ...အဘ သွားစရာရှိလို့ ပြန်လိုက်ဦးမယ် ...ဟေ့ ...မောင်မှိုင်း"

"ဟုတ် ..."

"မင်းဆရာ မှာလိုက်တာကို မမေ့ပါနဲ့နော်"

"ဟုတ်ကဲ့ ...ဘရေချမ်း"

ဘရေချမ်းပြန်သွားမှ ကိုဘုန်းနွေလွင်းက ကျွန်ုပ်ကို မေးပါရော။

စိတ်ကူးသစ်စာပေ



"ဆရာမှိုင်း ...ဒီအဘက ဘယ်လိုပုဂ္ဂိုလ်လဲဟင်"

"ငါလည်း အတိအကျတော့ မပြောနိုင်ဘူးကွ။ ဂန္ဓာရီလိုင်းကို သိုက်စားနေတာတော့ သိရတယ်။ လူကောင်းတွေပါ ...ညီလေးရာ။ သူတို့ သိတဲ့ပညာနဲ့ လုပ်မစားဘူး။ လိမ်မစားဘူး။ စောင့်ရှောက်လို့ ရနိုင်သမျှတော့ စောင့်ရှောက်နေတဲ့ လူပါ"

"အဲဒီအဘ မရှေးအင်းဝကို မမြင်ဖူးဘဲနဲ့ အနေအထားတွေကို အတိအကျပြောနိုင်နေတယ်ဗျာ"

"ဝိဇ္ဇာပညာရှင်မျိုးကိုးကွာ"

"မင်းတို့အခြေအနေကရော ...ကိုလွင်း"

"ကြားလေသွေးရင် ဝေးမှာစိုးတဲ့ အခြေအနေမျိုးကို ရောက်နေတာပဲ ဆရာ"

"အေး ...အေး ..ချစ်တော့ချစ်ကြ။ ကြည့်လည်းချစ်ပေါ့ ...ညီရာ။ အဘပြောတာလည်း မင်းလက်ခံချင်မှ လက်ခံပါ။ သူက စေတနာနဲ့ပြောတာပါ။ ဒါမှ အားမရသေးရင်လည်း မင်းပြောတဲ့ဆရာထံမှာ ထပ်မေးချင်မေးပေါ့ကွာ နော"

"ဆရာမှိုင်း ...ကျွန်တော်တို့ နှစ်ယောက်ထဲက တစ်ယောက်ယောက်ရူးပြီးမှ ညားနိုင်ဖွယ်ရှိသတဲ့။ ဖြစ်နိုင်ပါ့မလားဗျာ ဟင် ...။ ဒီအဘ စိတ်တော့ မှန်ပါတယ်နော်"

"စောင့်ကြည့်တာ အကောင်းဆုံးပါလေ"

"သိပ်မယုံချင်ဘူးဗျာ။ မဖြစ်နိုင်ဘူး ထင်တာပဲဗျ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၀ ]

❑

တစ်နေ့မှာတော့ ကိုဘုန်းနွေလွှန်းတစ်ယောက် ကျွန်တော့်ထံကို အရေးတကြီး ရောက်ချလာခဲ့တယ်။

''ဆရာမှိုင်းရေ . . .''

''ဟာ . . . ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာလို့တုံးကွ''

''အရေးပေါ်လို့ ဆရာရေ . . . ကူညီပါဦးဗျာ''

''ပြော . . . ဘာအရေးတုံး . . . ထိုင်''

''ကျွန်တော်နဲ့ မရွှေအင်းဝ လက်ထပ်ကြတော့မယ် ဆရာ''

''ဟေ . . . မြန်လှချည်လား . . . ငါ့ညီရာ။ မင်းမိဘများရော သဘောတူရဲ့လားကွယ်''

''ဖေဖေတို့မေမေတို့ကိုတော့ အသိမပေးတော့ဘူး . . . ဆရာမှိုင်းရယ်။ နှစ်ဦးသဘောတူပဲ လက်ထပ်တော့မှာဗျ''

''ကိုလွှန်းရ . . . မင်းကောင်မလေးကြည့်ရတာလည်း ချမ်းချမ်းသာသာ ပုံစံထဲကပါကွာ။ ပညာတတ်ကလေးပါ။ မင်းမိဘများ ဖွင့်ပြောပြီး မှလုပ်ရင် မင်းမိဘများကလည်း ငွေကြေးနေ ကြွယ်ဝသူ၊ မင်းကလည်း အဝန်း





အဝိုင်း၊ မိတ်သင်္ဂဟကလည်း ပေါများညွှတ်၊ ကျကျနန ခမ်းခမ်းနားနားတော့ လုပ်ရင်ရတာပဲ မဟုတ်ဘူးလား''

''ကျွန်တော်က အင်းဝကို အဲဒီလို အစီအစဉ် ပြောပြပါတယ် ဆရာ အင်းဝက လက်မခံဘူး။ တရားရုံးမှာပဲ အမြန်လက်ထပ်ချင်တယ်လို့ အာသီသပြင်းပြနေလို့ပါ ဆရာ''

ကျွန်တော် စဉ်းစားရတော့ပြီ။ ဒီလူငယ်လေးက ကျွန်တော်တို့ မျက်စိရှေ့မှောက်မှာ နာမည်ရလာသည့် ဂီတအနုပညာရှင်ကလေး။

လူမွန်လူကောင်း၊ လူယဉ်ကျေးကလေးပါ။

အချစ်နဲ့ပတ်သက်လာရင် ဆင်းရဲချမ်းသာ ကျွန်တော်လည်း မစဉ်းစားပါဘူး။ အချစ်ရေးမှာ မတူဘူး၊ မတန်ဘူးဆိုတာ မပြောကောင်းပေမယ့် . . .

အချစ်ရေး၊ အိမ်ထောင်ရေးမှာ သူများလှည်းထမ်းပိုးထမ်းရတဲ့ နွားဘဝမျိုးတော့ မရောက်စေချင်တာ အမှန်ပါ။

''ကိုလွှန်း . . .''

''ဆရာ''

''အစ်ကိုမေးတာကို မှန်မှန်ဖြေနော်''

''ဟုတ်ကဲ့ပါ . . . ဆရာ။ မေးပါ''

''မင်း . . . သူ့မိဘများကို မြင်ဖူးပြီးပြီလား''

''မမြင်ဖူးသေးဘူး ဆရာ''

''သူနေတဲ့နေရာရော သိလား''

''သိပါတယ် . . . အစ်ကို။ လတ်တလောမှာတော့ မင်းကြီးတောင် ခြံမှာရှိတဲ့ အုတ်ခံပျဉ်ထောင်အိမ်ကြီးမှာ သူ့ဘကြီးဆိုတဲ့ လူကြီးတစ်ဦးရယ် အိမ်တော်ထိန်းမိန်းမကြီးတစ်ဦးရယ်နဲ့ အတူနေတာပါခင်ဗျ''

''သူ့ဘကြီးနဲ့ရော ငါ့ညီ စကားပြောဖူးလား''

''ပြောလို့မရဘူးဆရာ''

''အိမ်တော်ထိန်းမိန်းမကြီးနဲ့ရော''

''မပြောရသေးဘူးဗျ''



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်လို့''

''သူ့ရဲ့ဘကြီးက စကားလုံးဝမပြောနိုင်ဘူး''

''အ,နေလို့လား''

''ဟုတ်''

''နောက်တစ်ချက် မင်းနဲ့သူမနဲ့ လွန်လွန်ကျူးကျူးတွေ ဖြစ်ပြီး ပြီလား''

''ဟင့်အင်း ... မဖြစ်ပါဘူး ... ဆရာ''

''စိတ်မရှိနဲ့ ... ငါ့ညီရာ။ မင်းကောင်မလေးက မင်းမသိသေးတဲ့ အခြားတစ်ယောက်ယောက်နဲ့များ ဟိုဒင်းဖြစ်ပြီး ကိုယ်ဝန်ရှိနေရာက အဆင် မပြေတာနဲ့ မင်းကိုများ ...''

''မဟုတ်ဘူး ... ဆရာ။ အဲလိုမဟုတ်ဘူး''

''ဒါဖြင့် ဘာကြောင့် မြန်းစားချည်း လက်ထပ်ချင်ရတာလဲကွာ။ ပြီး ... နှစ်ကိုယ်တူ ချစ်နေကြတာဥစ္စာ။ လူသိရှင်ကြား တင့်တင့်တယ်တယ် မင်္ဂလာဆောင်ရင် မဖြစ်ဘူးလား''

''နည်းနည်းတော့ ဆန်းတယ်ဆရာ''

''ဆန်းတယ် ... ဘယ်လိုဆန်းတာတုံး။ ခြေလွန်လက်လွန်မဖြစ် ခင် စဉ်းစားလို့ရအောင် ပြောကွာ''

''ဒီလိုဆရာ ... ကျွန်တော်လည်း သူ့ကိုချစ်လွန်းလို့ ပြည်မြို့နဲ့ ရန်ကုန်ဟာ အိမ်ဦးနဲ့ကြမ်းပြင် ဖြစ်နေပါပြီ ဆရာ။ ဟိုတစ်နေ့က ကျွန်တော် တို့ တွေ့နေကြ ပြည်ရွှေဆံတော်ဘုရားပေါ်မှာ တွေ့ရော ...''

✿ ✿ ✿

[ ၁၁ ]

❑

''မောင်ကြီး ...''

''အင်းဝ''

''မောင်ကြီးကို ကျွန်မက အလွန်မေးချင်တဲ့စကား ရှိတယ် မောင် ကြီးရယ်''

''မေးလေ ... အင်းဝ ... ဘာမေးချင်လည်း မေး''

''မောင်ကြီး ... ကျွန်မကို အမှန်တကယ် ချစ်မြတ်နိုးရဲ့လား ... မောင်ကြီးရယ် ဟင် ...''

''ချစ်တာပေါ့ အင်းဝရယ်။ ချစ်လွန်းလို့လည်း ရန်ကုန်ကနေ ပြည် မြို့ကို တကူးတကန့် လာလာတွေ့ရတာပေါ့။ ဘာဖြစ်လို့လဲဟင်''

''ကျွန်မ ... ကျွန်မ ...''

''ပြောလေ ... အင်းဝ။ ကျွန်မ ဘာဖြစ်တုံး။ ပြောပါဦး ... အချစ်ကလေးရယ် ... ပြောပါကွယ်''

''ကျွန်မ မောင်ကြီးနဲ့ အမြန်ဆုံး လက်ထပ်ချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ချင်တာ ဘာဖြစ်လဲ . . . အင်းဝရယ်။ တစ်နေ့မဟုတ် တစ်နေ့ အကြင်လင်မယားအဖြစ် သစ္စာရှိစွာ ပေါင်းဖက်ကြပါမည်လို့ ဒီ ရွှေဆံတော်ဘုရားမှာ သစ္စာပြုထားပြီးသားဥစ္စာ။ အင်းဝက ဖွင့်ပြောမှတော့ ကြိုက်ရာခန်းမမှာ ဘယ်လို မင်္ဂလာဆောင်ချင်လဲသာ ပြော။ ဟောဒီက ပြည်မြို့ မှာ ခမ်းခမ်းနားနား မင်္ဂလာဆောင်ပြီးရင် ရန်ကုန် ကုန်သည်ကြီးများဟိုတယ် မှာ တစ်ခါ ကျကျနန ညစ်ခံပွဲထပ်လုပ်မယ်ဗျာ။ ရန်ကုန်က မိတ်ဆွေ တွေကို ကိုယ့်ဇနီးချောလေး ဘယ်ကလောက်လှတယ်ဆိုတာကို မိတ်ကပ် အကြိုင်တို့၊ ခင်စန်းဝင်းတို့လက်ရာနဲ့ ခြယ်သပြီး အားရပါးရ ကြွားပစ်ချင်လို့ ပါဗျာ။ မင်္ဂလာအခါတော်ပေးဆို ဆရာသိန်းလှမော်ကြိုက်သလား၊ ဘယ်သူ့ ကြိုက်သလဲ . . . ပြော . . . ဟုတ်ပြီလား"

"ကျွန်မ အဲဒီလိုမျိုး မင်္ဂလာမဆောင်ချင်ဘူး . . . မောင်ကြီး"

"ဟေ . . . ဒါဖြင့် ဘယ်လိုဆောင်ချင်လို့တုံး . . . အင်းဝ . . . ပြော"

"သက်သေလူ လေးငါးယောက်နဲ့ အကျဉ်းရုံးပြီး ရက်ပိုင်းအတွင်း တရားရုံးမှာ လက်ထပ်ချင်တယ် . . . မောင်ကြီးရယ်"

"အင်းဝ"

"ရှင် . . ."

"ဘာဖြစ်လို့ ဒီလိုမျိုးလုပ်ချင်ရတာတုံး အင်းဝရယ် . . . ဟင်"

"တရားရုံးမှာ လက်ထပ်ရင်လည်း ပြည်မြို့တရားရုံးမှာ လက် မထပ်ချင်ဘူး။ မောင်ကြီးတို့ ရန်ကုန်တရားရုံးမှာပဲ လက်ထပ်မယ်"

"အင်းဝ . . . . မင်းစကားတွေက တစ်မျိုးပါလား . . . အင်းဝရယ်။ မင်း . . . ဘာတွေခံစားနေရလို့လဲဟင် . . . ပြောစမ်းပါ။ မင်းမှာ ဘယ်လို အခက်အခဲတွေရှိနေလို့လည်း။ နောက်ကြောင်းမှာ ဘာပြဿနာရှိနေလို့လဲ ဟင်"

"အင့် . . . အင့် . . . ဟီး . . ."

"ဟင် . . ."





ကျွန်တော့်ချစ်သူ မရွှေအင်းဝက ပြောရင်းပြောရင်းကနေ မျက်ရည် တွေ ပိုးပိုးပေါက်ပေါက်ကျပြီး ငိုပါလေရော . . . ဆရာမှိုင်းရယ်။ ကျွန်တော့် မှာ ထိတ်ထိတ်ပျာပျာနဲ့ အတန်ကြာ ချော့ပြီးမေးတော့မှ . . .

"ကျွန်မ ညဘက် အိပ်လို့မရဘူး . . . မောင်ကြီး"

"ဟင် . . . ဘာလို့ . . . မင်းပြောတော့ မောင်ကြီးရဲ့သီချင်းခွေဖွင့် ပြီးအိပ်မှ အိပ်ပျော်တယ်ဆို။ ခု ဖွင့်နားထောင်ပြီး မအိပ်ဘူးလား . . . အင်းဝ လေးရယ် ဟင်"

"ဟင့်အင်း . . . အိပ်လို့မရဘူး။ အိပ်ပျော်သွားရင် လန့်လန့်နိုးခဲ့ရ တယ်"

"ဘာလို့ လန့်နိုးရတာတုံး ဟင်"

"အိပ်မက်ထဲမှာ ကျွန်မကို သူတို့ လာလာခေါ်ကြတယ် . . . မောင်ကြီးရဲ့ အင့် . . . ဟီး . . ."

"မြတ်စွာဘုရား . . . မင်းကို အိပ်မက်ထဲမှာ ဘယ်သူက လာခေါ် လို့တုံး။ ကဲ . . . မောင်ကြီးရှိတယ်။ မကြောက်နဲ့ ရဲရဲပြောစမ်း"

"အရမ်းထူးဆန်းတယ်။ ကြောက်စရာကောင်းတယ် . . . မောင်ကြီး ရယ်၊ ကျွန်မ မောင်ကြီးကို အားကိုးအားထားပြုပြီးမှ ဒီအကြောင်းကို မတတ် သာလို့ ဖွင့်ပြောရတာပါ . . . မောင်ကြီး။ ကျွန်မကိုလေ ထောင်ထောင် မောင်းမောင်း နန်းဝတ်နန်းစားနဲ့ ယောက်ျားကြီးတစ်ယောက်ရယ်၊ တုတ် တုတ်ခိုင်ခိုင် အသားမည်းနည်းနဲ့ မိန်းမကြီးတစ်ယောက်ရယ် မိန်းမကြီးက ဆံပင်ဖားလျားချကြီးနဲ့ လက်ထဲမှာ မီးတုတ်ကြီးတစ်ခုကိုင်ပြီး ညတိုင်း လာ လာအမြဲဆွဲခေါ်ကြတာ"

"မိအင်းဝ . . . နင်လိုက်ခဲ့"

"မလိုက်ဘူး . . . မလိုက်ဘူး။ ရှင်တို့ကို ကျွန်မ မသိဘူး။ မလိုက် ဘူး။ သွား . . . သွား . . . သွား . . ."

"မလိုက်လို့ မရဘူးလေ။ နင့်အချိန် စေ့သွားပြီ။ နင် လူ့ပြည်မှာ နေခွင့် လုံးဝမရှိတော့ဘူး။ လာ . . . လိုက်ခဲ့"

"မလိုက်ဘူး . . . မလိုက်ဘူး . . . ကယ်ကြပါဦးရှင်"



www.burmeseclassic.com

www.burmeseclassic.com



အသားမည်းမည်း ဆံပင်ဖားလျားနဲ့ မိန်းမကြီးက ဘယ်လက်က မီးတုတ်ကြီးကိုင်၊ ညာလက်နဲ့ ကျွန်မကို ဆောင့်ဆွဲပြီးပြေး၊ ကျွန်မက အသံကုန် ဟစ်အော်ငိုယိုတောင်းပန် ရုန်းကန်လည်း အားချင်းက မမျှဘဲ ကျွန်မ ဒရွတ်တိုက်ပါသွားခဲ့တာ နောက်ဆုံး ဂူကြီးကြီးတစ်လုံးထဲကို ရောက်သွားခဲ့ရတယ်။

"ဟင် . . ."

"ဂူ . . . ဘယ် . . . ဘယ်လိုဂူလဲဟင် . . . ဟင်"

"ရွှေရောင်တောက်နေတဲ့ ဂူကြီးမောင်ကြီးရဲ့ . . . အင့် . . . ဟီး"

'ဟေ . . ."

"အထဲရောက်တော့ မိန်းမတွေ အများကြီးပဲ။ နန်းဝတ်နန်းစားတွေနဲ့ ဘယ်ညာကနေ ဝိုင်းရပ်ကြည့်နေကြတာ။ အဲဒီမှာ ထူးဆန်းတာက ဝိုင်းရပ်ကြည့်နေတဲ့ မိန်းမချောချောတွေရဲ့မျက်နှာတွေဟာ ကျွန်မနဲ့ တူနေတာပဲ . . . မောင်ကြီးရယ်"

"ဟာ . . ."

"လွှတ်ပါ . . . ကျွန်မကို လွှတ်ပါ။ ကျွန်မ ပြန်မယ် ဖယ်နော်"

"မိအင်းဝ . . နင် ပြန်လို့မရဘူးလေ။ ဒါ နင့်နေရာပဲ။ ဟောဟို လူကြီးကို နင်သိတယ်မဟုတ်လား"

"မသိဘူး။ ကျွန်မနဲ့မဆိုင်ဘူး . . . လွှတ်"

"ဟား . . . ဟား . . . ဟား . . . နင့်ကိုနင် ဘာဆိုတာတောင် မသိတော့အောင် အချစ်ရေးမှာ မွှန်းနစ်နေတာကိုး။ တယ်မိုက်တဲ့ကလေးမပဲ၊ ကဲ . . . မကျီးညိုရေ . ."

"ရှင် . . . သခင်ကြီး"

"ဂူတံခါးကိုဖွင့်ပြီး ခေါ်ခဲ့တော့ဟေ့"

နန်းဝတ်နန်းစားနဲ့ လူကြီးက မကျီးညိုဆိုသူ အသားမည်းမည်း ဆံပင်ဖားလျားချနဲ့ မိန်းမကြီးကို ပြောလိုက်ရော မကျီးညိုဆိုသူက ဂူကြီးရှေ့မှာရပ်လိုက်တယ်။ ဒီမှာ ဂူတံခါးကြီး နောက်ပြန်ဟပွင့်သွားပြီး ကျွန်မကို သူတို့က လင်းထိန်နေတဲ့ ဂူကြီးထဲကို ဆွဲခေါ်သွားကြတယ်။





ဒီမှာ ကျွန်တော်က ဖြတ်မေးလိုက်တယ်။

"အင်းဝ . . ."

"ရှင်"

"ဂူကြီးက ဘယ်လိုဂူမျိုးကြီးလဲဟင် . . . ဟင်"

ကျွန်တော်က သိချင်ဇောနဲ့ မေးလိုက်တော့ . . .

"ဆင်တစ်ရပ်ခန့်မြင့်တဲ့ ကျောက်သလင်းဂူကြီးအထဲမှာ သလင်းကျောက်နဲ့ နေ့ခင်းလို လင်းထိန်နေတယ်။

"ဘုရား . . . ဘုရား . . ."

ကျွန်တော့်ရင်ဟာ ချစ်သူ မရွှေအင်းဝရဲ့ စကားကိုကြားရတော့ ဘိတ်ဒိတ် ခုန်စပြုနေပါပြီ . . . ဆရာ။

အဲဒီမှာ လူထောင်ထောင်မောင်းမောင်းကြီးက . . .

"ဟဲ့ . . . မိအင်းဝ"

"မိအင်းဝ . . . ခေါ်နေတာ မကြားဘူးလား"

"ရှင် . . . ရှင် . . ."

"ငါဘယ်သူလဲဆိုတာရော နင် သိသေးရဲ့လား . . . အင်းဝ"

"မသိဘူး . . . ကျွန်မ မသိဘူး"

"ဟား . . . ဟား . . . ဟား . . . အချစ်စိတ် မွှန်ထူနေတဲ့မိန်းမ၊ ကိုယ့်အစ်ကိုအရင်း ခေါက်ခေါက်ကိုတောင် မသိတော့ဘူးလို့။ နင် အလျင်ဘုန်းက ဘယ်နေရာမှာရှိနေခဲ့လည်း . . . သိလား"

"မသိချင်ဘူး . . . မလိုဘူး"

ကျွန်မရှေ့က ခေါင်းတလားပေါ်မှာ အနက်ရောင်ဖိတ်ဖိတ်လက်နေတဲ့ သစ်သားခေါင်းကြီးနှစ်လုံးကို မြင်နေရတယ်။

"မကျီးညို . . ."

"ရှင် . . . သခင်ကြီး"

"ဟိုဘက်က ခေါင်းဖုံးကို ဖွင့်ပြလိုက်စမ်းဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . သခင်ကြီး"

မကျီးညိုဆိုသူ မိန်းမကြီးက ခေါင်းဖုံးပေါ်က ကြေးလက်ကိုင်ကို ကိုင်ပြီး အဖုံကို မလိုက်ရော အလွန်ကို မွှေးကြိုင်လွန်းလှတဲ့ ပန်းပေါင်းစုံ ရနံ့တွေကို ရှူရှိုက်နေရတုန်းမှာပဲ . . .

"ကဲ . . . ကြည့်"

"ဟာ . . . အို . . . ဒါ . . . ဒါ . . ."

"အဲ့ဒါ နင်လေ . . . နင်အစစ်ပါဟ။ ဟား . . ဟား . . . ဟား . . နင်ငြင်းချင်သေးလား။ နင် မကြာခင် ဟောဒီအခေါင်းထဲက ခန္ဓာကိုယ်ထဲကို နင် ပြန်ဝင်ရမယ်။ နင် လူ့ပြည်မှာ အကြာကြီး နေခွင့်မရှိဘူး။ နားလည်လား . . . မရွှေအင်းဝ . . . ဟား . . . ဟား . . . ဟား . . ."

"အို . . . ဒါ . . . ဒါ . . . ကျွန်မ မဟုတ်ဘူး။ ရှင်တို့ ကျွန်မကို မဟုတ်တမ်းတရား မပြောကြနဲ့။ ဖယ် . . . လွှတ် . . . လွှတ်နော် . . ."

မြင်လိုက်ရတာက ကျွန်မနဲ့ ချွတ်စွပ်တူနဲ့ အသက်ရှယ်တူ မိန်းမ တစ်ယောက်ဟာ ရင်ဘတ်ပေါ် လက်နှစ်ဖက်တင်ပြီး အိပ်မောကျသလို ရှိ နေတာကို အံ့ဖွယ်၊ ကြက်သီးထဖွယ် မြင်လိုက်ရတုန်းမှာပဲ . . .

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ဟီး . . . ဟီး . . . ဟီး . . . ဟီး . . . ဟီး . . ."

"အဟတ် . . . အဟတ် . . . ခစ် . . . ခစ် . . . ခစ် . . ."

သူတို့နှစ်ဦးရဲ့ ရယ်သံတွေက ကျောက်သလင်းလိုဏ်ဂူထဲမှာ ပဲ့ တင်ပြီး ကျွန်မ နားနှစ်ဖက် ကွဲထွက်မတတ် အူသွားချိန်မှာပဲ ဖြစ်ချင်ရာ ဖြစ် ကျွန်မ ရန်းထွက်ပြေးလိုက်တယ်။

ဒီမှာ ဂူရှေ့က ခြေနင်းကို နင်းမိလိုက်ရော 'ကျွီ' ဆိုတဲ့ မြည်သံ ကြားလိုက်ရတယ်။ ကျွန်မတစ်ကိုယ်လုံး ကြောက်လွန်းလို့ ချွေးတွေ စိုရွှဲ နေတယ်။ ကျွန်မဝင်လာတဲ့လမ်းကို မှန်းဆပြီး အားသွန်ပြေးလိုက်တုန်းမှာ ပဲ နောက်ကနေ အော်ခေါ်သံမျိုးစုံ ကြားနေရတယ် . . . မောင်ကြီးရာ။

"ရွှေအင်းဝ . . . နင် မပြေးနဲ့"

"ရပ်လိုက် . . . ရွှေအင်းဝ၊ နင် ပြေးလို့မရတော့ဘူး"

စိတ်ကူးသစ်စာပေ



"နင် ဒီမှာနေရမှာ ပြန်လာခဲ့"

ကျွန်မ ခြေဖဝါးတွေ ကွဲရှပြီး နာကျင်နေပြီ . . . မောင်ကြီး ရယ် ဒါပေမဲ့ ကျွန်မ လုံးဝမရပ်ဘဲ ပြေးနေတုန်း။ ရှေ့မှာ မြင်ပအလင်းရောင်ကို မြင်နေရချိန်မှာပဲ . . .

"ဝုန်း . . ."

"အမယ်လေး . . ."

"ဗိုး . . . ဗိုး . . . ဗိုး . . . ဗိုး"

"အား . . . အား . . . အား . . ."

ကျွန်မခြေထောက်အောက်က ကျောက်သားချပ်ကြီး ရုတ်တရက် ကျွံကျပြီး ကျွန်မရဲ့ခန္ဓာကိုယ်ဟာ နက်ရှိုင်းလှတဲ့ ချောက်နက်ကြီးထဲကို ထိုးကျသွားတာ ချောက်နက်ကြီးက မဆုံးနိုင်ဘူး။ ကျွန်မရဲ့ အကျီအဝတ် အစားတွေက တွန်းတိုက်လေရှိန်နဲ့ စုတ်ပြတ်သွားတာကို ခံစားလိုက်ရ တုန်း . . .

ပါးစပ်ကလည်း 'ဘုရား . . . ဘုရား . . . အမေ . . . အမေ' တ နေတုန်း . . .

"ဖောင်း . . ."

"အား . . ."

ကျွန်မရဲ့ ဦးခေါင်းဟာ အောက်မှာရှိတဲ့ မာကျောတဲ့ပစ္စည်းနဲ့ အရှိန်ပြင်းစွာ ဆောင့်မိပြီး ကျယ်လောင်ဟိန်းထွက်သွားတဲ့ ထိခိုက်သံကို နောက်ဆုံး ကြားလိုက်ရချိန်မှာ . . .

"အား . . . အား . . . အား . . . အား . . ."

"ဟင် . . ."

ကျွန်မ အိပ်မက်ဆိုးက ချောက်ချားကြီးစွာ လန့်နိုးပြီး တစ်ကိုယ် လုံး တုန်ယင်နေပါပြီ . . . မောင်ကြီးရယ်။

ကျွန်တော် . . . အင်းဝရဲ့ အံ့ဩချောက်ချားဖွယ် အိပ်မက်ဆိုး အကြောင်းကို ကြားသိပြီး စကား ပြန်မပြောနိုင်အောင် ဆွံ့အအဖြစ်သွား တော့တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“မောင်ကြီး . . . မောင်ကြီး . . .”

“ဟင် . . . မင်း . . . အင် . . .”

“မောင်ကြီး . . . ဘာဖြစ်သွားတာတုံး . . . ဟင် . . . ဟင်လို့”

“ဟို . . . ဟို . . . ဟိုလေ . . . အုံ့ညြလွန်းလို့ပါ . . . အင်းဝ”

“ကျွန်မလေ အဲဒီလိုအိပ်မက်ဆိုးကို ညဥ့်သန်းခေါင်ယံမှာ မက်ပြီးရင် အိပ်လို့မရတော့ဘူး . . . မောင်ကြီးရယ်။ အဲဒီကျရင် ကြောက်လွန်းလို့ ဘုရားစာတွေရွတ်ပြီး ပုတီးစိပ်နေပေမယ့် အာရုံက စိပ်ပုတီးထဲကို မဝင်ဘူး။

သူတို့ကလည်း ကျွန်မကို ညတိုင်းနီးပါးလိုလို လာလာခေါ်နေတယ်။ နောက်တစ်ချက်ရှိသေးတယ် . . . မောင်ကြီး။ အဲဒါကိုတော့ ကျွန်မ မပြောရက်လို့၊ မပြောကောင်းလို့ မပြောပါရစေနဲ့ . . . မောင်ကြီးရယ်။

မောင်ကြီး . . . ကျွန်မကို မြန်မြန်လက်ထပ်ပါနော်။ ကျွန်မ အိမ်မှာမနေရဲလို့ပါ . . . မောင်ကြီးရယ် . . . နော် . . . နော် . . . လို့”

“အိပ်မက်က ဆိုးဝါးလိုက်တာ . . . ညီမရယ်”

“ကျွန်မလေ တစ်ခါတစ်ခါ ကြောက်လွန်းလို့ လူ့ဘဝမှာ မနေတော့ဘဲ နဝဒေးတံတားပေါ်ကနေ ဧရာဝတီမြစ်ထဲကို ခုန်ချသေဖို့ အကြိမ်ကြိမ် စဉ်းစားခဲ့ပါတယ် . . . မောင်ကြီးရယ်။ ဒါပေမဲ့ ကျွန်မ မောင်ကြီးကို အရမ်းချစ်တယ်။ မောင်ကြီးရဲ့ သီချင်းသံလေးကို နားထောင်ပြီး အားရှိလို့ မောင်ကြီးကို စွဲလမ်းနေခဲ့တာ။ မောင်ကြီးတို့ ပုဂံမှာ ဘုရားတွေဖူးရင်း မျက်မှန်အမည်းနဲ့ ပဝါကို ခေါင်းစည်းပြီး မောင်ကြီးနံဘေးမှာ မသိမသာ ဝင်ကပ်ထိုင်ပြီး မောင်ကြီးနဲ့ ရေစက်ဆုံချင်လွန်းလို့ ဘုရားတွေအတူဖူး။ ဆုတောင်းခဲ့ရတာပါ . . . မောင်ကြီးရယ်။ ကျွန်မ အစောကြီး သေရမှာရယ်၊ မောင်ကြီးနဲ့အတူ မပေါင်းရမှာကို အလွန်စိုးရိမ်ပြီး သောကတွေ၊ ကြောက်လန့်စိတ်တွေနဲ့ အိပ်မရ၊ နေမရဲ ဖြစ်နေပါပြီ . . . မောင်ကြီးရယ်။ မောင်ကြီး ကျွန်မကို ရန်ကုန်အမြန်ခေါ်သွားပြီး လက်ထပ်ပါလား . . . မောင်ကြီး





ရယ်။ ကျွန်မ ဒီအကြောင်းတွေကို သူများကို ဖွင့်မပြောရဲခဲ့ဘူး။ ပြောရင် ဘုန်းမကို ရှူးသွားပြီလို့ သိုက်ထဲက လာခေါ်တာတို့ ပြောမှာ . . . မောင်ကြီးရဲ့၊

မဆိုစကောင်း . . . မောင်ကြီးရယ်၊ သိုက်ထဲက လာပြန်ခေါ်ဦးတော့ ကျွန်မ လုံးဝ မလိုက်ဘူး။ မောင်ကြီးနဲ့အတူ လက်ထပ်ပေါင်းသင်းနေပြီးမှ . . .

ကျွန်တော် ရွှေအင်းဝရဲ့ပါးစပ်ကို လက်နဲ့ပိတ်လိုက်ပြီး . . .

“အင်းဝ . . . မပြောကောင်းတာတွေ မပြောပါနဲ့။ မောင်ကြီးနဲ့အပြန်ကို တစ်ခါတည်း လိုက်ခဲ့”

“တကယ်လားဟင် . . . မောင်ကြီးဟင်”

“တကယ်ပြောတာပါ . . . ညီမရယ်”

“ဝမ်းသာလိုက်တာ . . . မောင်ကြီးရယ်။ ဒါဆို ကျွန်မ အဝတ်အစားတွေ ပြန်ယူလိုက်ဦးမယ်နော်”

“မောင်ကြီးပါလိုက်ခဲ့မယ် . . . အင်းဝ”

ကျွန်တော်တို့နှစ်ယောက် အငှားကားတစ်စီးငှားပြီး မင်းကြီးတောင်ဘက်မှာရှိတဲ့ ရေနံချေးဝနေသော အင်္ဂလိပ်ခေတ်လက်ကျန် အုတ်ခံ သစ်သားအိမ်ကြီးရှိရာ ခြံဝန်းရှေ့မှာ ကားကိုရပ်လိုက်တယ်။

“မောင်ကြီး . . . အထဲကို မဝင်နဲ့။ ကားပေါ်မှာပဲ နေ”

ရွှေအင်းဝရဲ့ ပြောစကားအရ ကျွန်တော် ခြံဝိုင်းထဲကိုမဝင်တော့ဘဲ အငှားကားနံဘေးကနေ အသာရပ်ကြည့်နေလိုက်တယ်။

မကြာပါဘူး . . . ရွှေအင်းဝ အဝတ်အစား သရေအိတ်ကိုဆွဲပြီး ထွက်လာတာကို လူ မည်းမည်းမြင့်မြင့်၊ သျှောင်ကြီးနဲ့လူတစ်ဦးက ရှေ့က လိုက်လာနေတာကို မြင်လိုက်ရပြီး . . .

ရွှေအင်းဝက မကျေမနပ် တုံ့ပြန်ငြင်းဆိုနေတာကို တွေ့လိုက်ရသလို၊ လူအကြီးကလည်း ခြေဟန်လက်ဟန်နှင့် စကားပြောသလိုဟန်ပြ၍ အတင်းတားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ အိမ်မည်းကြီးအပေါ်ထပ်က ပြတင်းတံခါးတစ်ချ
အနည်းငယ်ဟပြီး လူတစ်ယောက်က တစ်စုံတစ်ရာ ပြောလိုက်တော့ ရွှေ
အင်းဝရဲ့ခြေလှမ်းဟာ တုံ့ခနဲရပ်သွားပြီး ...

အပေါ်ကို မော့ကြည့်လိုက်တယ်။

အပေါ်ထပ်ကလူဟာ ယောကျ်ားလား၊ မိန်းမလား မသဲကွဲဘူး
သူမဟာ ကျွန်တော်ရှိရာကို လှမ်းကြည့်လိုက်၊ အိမ်ကြီးအပေါ်ထပ်က အသံ
ကို အာရုံစိုက်လိုက် လုပ်နေတုန်းမှာပဲ ...

အပေါ်ထပ်ကနေ ဝုန်းခနဲ ပြိုလဲကျသွားသံကို ကြားလိုက်ရပြီး
လူအ,ကြီးက အပေါ်ထပ်ရှိရာကို အပြေးတက်သွားတုန်းမှာပဲ ရွှေအင်းဝက
ခြံပြင်ကို အိတ်ကြီးဆွဲပြီး ပြေးအလာ ...

ကျွန်တော်က သူမရဲ့ အဝတ်အိတ်ကို လှမ်းဆွဲ၊ ကားနောက်ခန်း
ထဲ ထည့်ပြီး သူမကို ကားပေါ်အမြန်တက်စေလို့ ကားမောင်းသမားကို
မောင်းလို့ ပြောလိုက်ချိန်မှာပဲ ...

လူအ,ကြီးနှင့် မျက်နှာကို ဆံပင်ရှည်များဖုံးနေတဲ့ မိန်းမကြီးတစ်ဦး
ကလည်း ခြံဝကို ဒေါကြီးမောကြီး အပြေးလိုက်လာချိန်မှာပဲ ကျွန်တော်တို့
ကားက တစ်ရှိန်ထိုး မောင်းထွက်ခဲ့ပြီမို့ သူတို့ ဘာတွေအော်ပြောနေကြသည်
ကို ကျွန်တော်တို့ လုံးဝ မကြားတော့ပါဘူး ... ဆရာ။

✿ ✿ ✿

[ ၁၂ ]

❑

ကိုဘုန်းနွေလွှန်းက သူ့စကား အဆုံးသတ်လိုက်ပြီး ရေသန့်ဘူး
ထဲကရေကို ငုံ့သောက်ချလိုက်တယ်။

''မင်းတို့အဖြစ်ကလည်း ဂမ္ဘီရဆန်လိုက်တာကွာ''

''ဟုတ်တယ် ... ဆရာ။ ရွှေအင်းဝ ညစဉ်မြင်မက်တဲ့ အိပ်မက်
မျိုးကို သူမနဲ့ကျွန်တော် ပြည်မြို့ ဖျော်ဖြေရေးညတုန်းက တွေ့ဆုံရင်းနှီးပြီး
ညရိပ်သာမှာ ပြန်တုန်းက မြင်မက်ခဲ့တယ် ... ဆရာ။ အခု အင်းဝလည်း
ကျွန်တော်မက်ခဲ့တဲ့ အဲဒီအိပ်မက်ဆိုးကြီးမျိုးကို ထပ်တူနီးပါး မြင်မက်ပြီး
သေသွားရမှာကို ကြောက်လန့်နေတာကရော ဘယ်လိုသဘောလဲ ဆရာ''

''တိုက်ဆိုင်မှုတော့ တိုက်ဆိုင်မှုပဲကွယ်။ သို့သော် တစ်ဦးကို
တစ်ဦး ပြောပြထားပြီးမှ အပြန်အလှန်မက်ခဲ့ကြတဲ့ အိပ်မက်တူတော့
မဟုတ်ဘူး။ ငါ့ညီက အရင်မက်ခဲ့တာ။ မင်း သူမကိုရော မင်းမက်တဲ့ အိပ်
မက်အကြောင်း ပြောပြထားမိသေးလား''

''လုံးဝ မပြောမိသေးဘူး ဆရာ။ ပြောပြမိရင် သူမ ပိုပြီး စိတ်အခွဲ
အလမ်းကြီးပြီး ချောက်ချောက်ချားချားဖြစ်သွားမှာ စိုးလို့ပါဆရာ''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

''ဟုတ်ပါတယ်လေ . . . မင်း လိုရမည်ရ တစ်ခုတော့ သတိထားဦးကွာ . . . ကိုလွှန်းရာ''

''ဘာကိုလဲ . . . ဆရာ ဟင်''

''လက်ထပ်တဲ့ကိစ္စအကြောင်းလေ''

''အဘရေချမ်းအိုးကြီး ဟိုးတစ်ခါ မင်း ဗေဒင်လက္ခဏာကြည့်တုန်းက ကြိုကြိုတင်တင် မှတ်မှတ်ရရ ပြောသွားတဲ့စကားကွာ''

''ဘာလဲ ဆရာ''

''ဒီနှစ်ထဲမှာ လက်မထပ်ပါနဲ့ဆိုတဲ့ စကားလားဟင်''

''ဟုတ်တယ် . . . ကိုလွှန်း''

''ဆရာ . . . အဲဒီစကားကို အကြွင်းမဲ့ ယုံကြည်လက်ခံသလားဆရာ . . . ဟင်''

''အကြွင်းမဲ့တော့ မဟုတ်ဘူးလေ။ နောက်ဆုံးအနေနဲ့ စဉ်းစားချင်ရင် ငါ့ညီ စဉ်းစားဖို့ပါ''

''မစဉ်းစားတော့ပါဘူး . . . ဆရာရယ်။ ရွှေအင်းဝလည်း အဲဒီမဟုတ်မဟပ်အိပ်မက်ဆိုးကို မက်ပြီး သူ့ကို သိုက်ထဲက လာခေါ်နေတယ်လို့အယူမှားချင်နေတယ်။ သူမရဲ့နံဘေးမှာ ကျွန်တော် အနီးကပ်ရှိနေမှ သူမစိတ်ချမ်းသာစွာ အိပ်ပျော်ပြီး ကြောက်ရွံ့ခြင်း ကင်းမှာပါ ဆရာ''

''ကောင်းပြီလေ . . . မင်း ဆုံးဖြတ်ချက်ခိုင်ဖို့ အရေးကြီးတာက၊ ဟို . . . အဘဆရာ ဦးရေချမ်းပြောသလို ဖြစ်လာတာ မလာတာက နောက်တစ်ပိုင်းပါ။ အခု မင်းချစ်သူက ဘယ်အိမ်မှာလဲ''

''ကျွန်တော့်အသိ မိန်းကလေးတစ်ဦးအိမ်မှာ ကျွန်တော် အပ်ထားခဲ့တယ် ဆရာ။ သူတို့က စိတ်ချရပါတယ် ခင်ဗျ''

''တရားရုံးမှာ လက်ထပ်ချင်တာ ဘယ်နေ့လဲ''

''မနက်ဖြန်မနက် (၁၁) နာရီပေါ့ ဆရာ''

''ဘယ်တရားရုံးကြိုက်လဲ . . . ငါ့ညီ''

---

စိတ်ကူးသစ်စာပေ



''ဆရာသဘောပါ။ ဆရာပဲ အကုန်စီစဉ်ပေးပါ''

''ကောင်းပြီ . . . ကျောက်တံတားမြို့နယ် တရားရုံးမှာ ငါ့အသိတရားသူကြီးတွေ ရှိတယ်။ အစ်ကို လက်ထပ်စာချုပ်ရေး၊ သက်သေရေးအသင့်လုပ်ပြီး စီစဉ်ထားမယ်။ ငါ့ညီတို့ (၁၀)နာရီ အရောက်လာခဲ့ပေါ့''

''ဟုတ်ကဲ့ . . . ဆရာ''

''ဆရာ . . . ဒါက လိုအပ်သလို သုံးစွဲဖို့''

ကိုဘုန်းနွေလွှန်းက ငွေစက္ကူ အထုပ် (၃)ထုပ်ကို ကျွန်တော့်ကို လှမ်းပေးတယ်။ ကျွန်တော်က သူ့လက်ကို အသာပြန်တွန်းပြီး . . .

''ထားလိုက်။ အစ်ကိုတာဝန်ယူ လုပ်ပေးမှာပါကွာ။ မင်းတို့က မင်္ဂလာဦးမှာ အရေးကြီးတာတွေ ဝယ်ရဦးမှာ၊ စုရဦးမှာ။ သိမ်းထား''

''ကျေးဇူး . . . ဆရာ။ ဒါဆို ကျွန်တော်ပြန်လိုက်ဦးမယ်နော် . . . ဆရာ''

''အေး . . . ကောင်းကောင်းပြန်။ ဟိုဝင်ဒီဝင် ဝင်မနေနဲ့''

ကိုဘုန်းနွေလွှန်းပြန်တော့မှ ကျွန်တော်က ကျွန်တော့်အသိတရားသူကြီး ဦးကောင်းမြတ်စိုးလတ်ကို ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြလိုက်တော့ 'မင်္ဂလာကိစ္စပဲ စောလေ မင်္ဂလာရှိလေပါပဲ' လို့ တဟားဟားရယ်ရင်း ပြန်ပြောလေရဲ့ခင်ဗျာ။

✿ ✿ ✿

www.burmeseclassic.com

| ၁၃ |

❑

ကျွန်တော်ရယ်၊ ကိုရဲမြင့်၊ ကိုတင်ဦး၊ မပြာသိုတို့ (၄) ဦး တရားရုံးမှာ အသင့်လက်ထပ်စာချုပ်နဲ့ စောင့်နေတုန်းမှာပဲ မီးခိုးရောင် မှန်လုံကားတစ်စီး တရားရုံးရှေ့မှာ ထိုးရပ်ကာ သတို့သားလောင်း ကိုဘုန်းနေလွန်းနဲ့ သတို့သမီးလောင်း မရွှေအင်းဝတို့ဟာ အလွန်လိုက်ဖက်ညီ၊ လှပစွာနဲ့ ကားတံခါးဖွင့်ပြီး ဆင်းလာကြတယ်။

ဘုန်းနေလွန်းက တိုက်ပုံကြည်ပြာရောင်နဲ့ ရခိုင်ပုဆိုးကွက်နဲ့ မရွှေအင်းဝက အဝါနုရောင်အင်္ကျီနှင့် အပွင့်ဝါဝါ အခက်ခက်တွေပါတဲ့ ပိုးထဘီကို ဝတ်ထားတာရယ်။

လှလိုက်တာ။

ကျက်သရေရှိလိုက်တာ။

နည်းမှတ်စင်တဲ့အလှဟာ မြင်ရသူတိုင်း ငေးမောရအောင်ကို လှပတင့်တယ်နေတာဗျာ။ တရားရုံးအပြင်က လူတွေရော၊ တရားရုံးထဲက ဝန်ထမ်းတွေရော ပြေးလာပိုင်းလို့ ကြည့်ကြတာကလား။

ဘုန်းနေလွန်းက အဆိုတော်ဆိုတော့ တီဗီမှာရော၊ သီချင်းခွေမှာရော သူ့ကိုသိတော့ မြင်တာနဲ့ ဝိုင်းလာကြတော့တာပဲ။





"ဟဲ့ . . . ဟဲ့ဟာ အဆိုတော် ဘုန်းနေလွန်းမဟုတ်လား ဟေ့"

"ဟုတ်တယ် . . . တရားရုံးမှာ လက်ထပ်မလို့တဲ့"

"ဘုန်းနေလွန်းကလည်း ချောလိုက်တာဟယ်။ သူ့အမျိုးသမီးက ...မင်းသမီးလေးဟာင်။ လှလိုက်တာ . . . ရွှေရုပ်လေး၊ ဖယောင်းရုပ်လေး ...နေတာပဲ။ အသားလေးကို နုနေတာပဲနော်။"

"လိုက်ဖက်ညီတဲ့ စုံတွဲဗျာ"

"မြန်မြန်လုပ်ဟေ့ . . . တော်ကြာ သတင်းထောက်တွေ သိသွား... အကျော်ဒေးယျဖြစ်နေမယ်။ လာ . . . လာ . . ."

သည့်နောက် တရားသူကြီးက နှစ်ဦးစလုံးကို လိုအပ်သည်များ ...ပြုံးတယ်။

"မောင်ဘုန်းနေလွန်း . . . နော်"

"ဟုတ်ကဲ့ပါ ခင်ဗျ"

"မှတ်ပုံတင်နံပါတ်က . . ."

" . . . . . . . . ပါ ခင်ဗျ"

"ကာယကံရှင် မိန်းကလေးရဲ့ အမည်ကရောကွယ်"

"မရွှေအင်းဝလို့ပါရှင်။ မှတ်ပုံတင်အမှတ် . . . . . . ပါရှင်"

"သမီးကို မေးမယ်နော်"

"ဟုတ်ကဲ့ရှင့်"

"မောင်ဘုန်းနေလွန်းကို အမှန်တကယ် ချစ်မြတ်နိုးလို့ ယုံကြည်...ပြီး နှစ်ဦးသဘောတူ လက်ထပ်ဖို့ ဒီနေရာကို ရောက်ခဲ့ရတာလား။ ဒါမှ...ဟုတ် တစ်စုံတစ်ခုနဲ့ ခြိမ်းခြောက်ပြီး ဒီမှာ အဓမ္မ လက်ထပ်စေခိုင်းလို့ ...လား အမှန်အတိုင်းပြောပါ သမီး"

"ကျွန်မ ကိုဘုန်းနေလွန်းကို ချစ်မြတ်နိုးလို့ နှစ်ဦးသဘောတူ ...လက်ထပ်ရန် လိုက်လာရောက်ရှိတာပါရှင်"

"သက်သေကြီးများ ကြားပါရဲ့လား"

"ကြားပါတယ် ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



''မောင်ဘုန်းနွေလွန်းရော မရွှေအင်းဝလှိုင်ကို အမှန်တကယ် ဇနီးမယား အိမ်သူသက်ထားအဖြစ် ရိုးမြေကျ ပေါင်းသင်းနေထိုင်သွားဖို့ရော အမှန်တကယ် ဟုတ်ပါရဲ့လား''

''အမှန်တကယ်ပါ ခင်ဗျ''

''နှစ်ဖက်သက်သေများ ကန့်ကွက်ရန် ရှိပါသလား''

''မရှိပါ''

''ကောင်းပြီ . . . လက်ထပ်စာချုပ် နှစ်ခုပေါ်မှာ မင်းတို့နှစ်ဦး လက်မှတ်ထိုးပါ။ ပြီးရင် နှစ်ဖက်သက်သေများ သက်သေနေရာမှာ လက်မှတ်ထိုးကြပါ''

အားလုံးကိုယ်စီ လက်မှတ်ရေးထိုးလိုက်ကြတယ်။

ပြီးသည်နှင့် တရားသူကြီးက ဆုံးမဩဝါဒ မင်္ဂလာစကားများကို ချီးမြှင့်ပြီးနောက် ဂါရဝပြု၊ ညွှတ်ပြုပြီး အားလုံး ကားနှစ်စီးနဲ့ ထွက်ခဲ့ကြတယ်။

''ဆရာမှိုင်းရေ . . .''

''ပြော . . . ကိုလွန်း . . . ပြော။ ကြိုးတော့ တားရမှာပဲနော်''

''နှစ်ယောက်စလုံးက ချောလွန်းတော့ ရွှေကြိုးကြီးကြီးနဲ့ တားမှပဲဗျ . . . မပြာသို''

''ရှင် . . . ကိုရဲ . . . ပြော''

''ခင်ဗျားရဲ့ တစ်ဆယ်သားဆွဲကြိုး ခဏလေး ဖြုတ်ပေးထားဗျာ။ တိုက်ခန်းဝရောက်ရင် ကြိုးတားရမှာ''

''ကိုရဲ . . .''

''အေး . . . ပြော''

''တိုက်ခန်းဝရောက်မှ ကြိုးတားဖို့ ဆွဲကြိုးဖြုတ်ပေးမယ်နော် . . . ကိုရဲ''

''ဟ . . . အခုဖြုတ်ပေးထားတော့ ဘာဖြစ်လို့တုံး . . . ပြာသို''

''ရှင်က ယုံရတာမဟုတ်ဘူး။ ခုနေပေးထားရင် အိမ်သာသွားဦးမယ်ပြောပြီး အပေါင်ဆိုင်သွားပေါင်၊ ဘောလုံးပွဲ လောင်းမှာစိုးလို့ ရှင့်''





''ကောင်းကွာ . . .။ ဟ . . . ငါက ရာအိမ်မှူးပါဟ''

''ရှင် ရာအိမ်မှူးပဲဖြစ်သေးတာ၊ ထောင်အိမ်မှူးဖြစ်သေးတာ မဟုတ်ဘူး။ ကန်တော့ဆွမ်းပဲ''

''ဟား . . . ဟား . . . ဟား . . . ဟား . . . ထိတယ်ကွာ''

''ကန်တော့ဆွမ်းမို့ တော်သေးတာပေါ့ကွာ။ သွားပါဦးဆို . . . ဆရာရေ''

''ဟား . . . ဟား . . . ဟား . . . ဟား . . .''

''ဆရာတို့ရေ . . . ကုန်တိုက်ရှေ့မှာ ခဏရပ်မယ်နော်''

''ဘာလုပ်မလို့တုံး . . . မောင်လွန်း''

''ဆရာတို့ညီမ . . . ကျွန်တော့်ဇနီးကလေးက အိမ်ရောက်ရင် ညစာခံဖို့ ကုန်တိုက်မှာ စားသောက်စရာ ဝယ်သွားမလို့တဲ့ . . . ဆရာရေ''

''သာဓုပါဗျာ . . . သာဓု . . . သာဓု . . . သူများသားသမီးများ သိမှာလိုက်တာ။ ငရဲတို့များကျတော့ ကားပေါ်မှာ ရွှေလိမ်ဖို့ ကြံစည်သေးဘယ်ဗျာ''

''ဟာ . . . ငါ့ကို ခလုတ်တိုက်ပြန်ပါပြီကွာ . . . မောင်လွန်းရေ''

''ခင်ဗျာ . . . အစ်ကိုရဲ၊ ပြော . . .''

''ဒီညှ မင်္ဂလာဦးညလေကွာ''

''အေးလေ . . . အစ်ကိုရာ။ အဲဒါ ဘာဖြစ်လို့တုံး . . . အစ်ကိုရဲ ရဲ''

''ဟ . . . ဝတုံးလေးရ၊ မင်းကလည်း ဝတုံးကြီးသိန်းဝင်းကို အမိလိုက်ချင်တဲ့ ကလေးပဲ။ မင်္ဂလာဦးညဆိုတာ ထမင်းဟင်း၊ လက်ဖက်ရည်နဲ့ မဖြတ်ကျော်ရဘူးကွ''

''ဒါဆို ဘယ်လိုကျော်ရမှာလဲ . . . အစ်ကို . . . ဟင် . . . ပြောလေ''

''သောက်ပွဲကြီးနဲ့ ကျော်ဖြတ်မှ မင်္ဂလာဦးညဟာ အစွန့်ရှည်ပြီး ရေရှည်မှာ စီးပွားတက်မှာကွ . . . ငါ့ညီ အချစ်ဆုံးလေးရ . . . အ့ ပါဝှာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား … ဒါဆို နွဲ့လေ … အစ်ကိုရဲ့ရာ၊ လုပ်ပါ။ ပျော် ပျော်ပါးပါးပေါ့ဗျ"

"ဟား … ဟား … ဟား … ဟား … သာဓုပါဗျာ … သာဓုပါ။ နောက်တစ်ခွန်းကတော့ မင်းမိန်းမ ရွှေအင်းဝကိုသာ ခေါ်နိုင် တော့ဟေ့"

အားလုံး ဝိုင်းရယ်ကြပါရောဗျာ။ အစ်ကိုကြီး သုဝဏ္ဏကျော်စိန်သာ ပါရင် ဒီသာဓုပါတော်ဖာတ်ကို ဘီယာနဲ့ရှင်းပြမှာ သေချာပဲဗျ။

"အစ်ကိုတို့ ဒီကနေ ခဏစောင့်။ ကျွန်တော်တို့ ကုန်တိုက်ထဲ ဝင်လိုက်ဦးမယ်နော်"

"ဝိစကီနော် ဖောရိန်းမိတ်နော် … ကောင်လေး"

"ရက်စ်"

ဒါနဲ့ သူတို့ နုပျိုရွှန်းသစ် လူငယ်နှစ်ဦး လက်ချင်းချိတ်ပြီး ကုန်တိုက်ကြီးပေါ် တက်သွားတာကိုကြည့်ပြီး ကျွန်တော်တို့က ကျေနပ်ဝမ်းသာ နေကြတယ်။

"ကိုမှိုင်း …"

"ဘာတုံး … ကိုရဲ"

"အားမကျဘူးလားဗျ … ဟင်"

"ဒီတစ်ခါအားကျရင် အိမ်တိုင်ပါ ချွတ်ရောင်းရမှာပဲ .. ဘိုးတော် ကိုရဲရေ … မ,မနေနဲ့ဗျ"

"ဟား … ဟား … ဟား … ဟား … 'အချစ်သည် တစ်ခါ တစ်ရံ မီးကဲ့သို့ပူပြီး လူကို ပြာကျစေ၏'တဲ့။ 'ပြာသည်ပင် ရက်အတန်ကြာ ပူ၏' တဲ့ဗျာ … စာရေးဆရာကြီးရာ"

ဒီမှာ ကိုတင်ဦးက ဝင်ဖောက်ပြန်ပါရောဗျာ။

"စာရေးဆရာကြီး …"

"ဘာတုံး … ခေါင်းပုံဖြတ် ကုန်သည်ကြီးရဲ့"

"အံမာ … သူက အရင် ကျုပ်ကို စတွယ်လို့၊ ဒီမှာဗျ … ဒီ တစ်ခါ စာရေးဆရာကြီး မိန်းမယူရင် တရားရုံးမှာ လက်မထပ်နဲ့ဗျ"





ကိုရဲက ကိုတင်ဦးအပြောကို ပင့်လိုက်တယ်။

"မိန်းမယူတာ တရားရုံးမှာ တရားဝင်လက်မထပ်ဘဲ ဘယ် နေရာမှာ သွားလက်ထပ်ရမတုံး … မောင်ရဲလေးရ"

"ရေဝေးမှာ ထပ်ရမှာဗျ"

"ဗွီ … ဂန်းတာမျိုးတွေ၊ တော်တော့။ ငါတို့ လက်ဖက်ရည်ဆိုင် မှာ ထိုင်ကြစို့လား"

ကျွန်တော်တို့ ရွှေကောင်းကင်လက်ဖက်ရည်ဆိုင်မှာ လက်ဖက် ရည်မှာသောက်ရင်း စကားကောင်းနေတုန်း ကိုဘုန်းနွေလွှန်း အပြေးလေး ရောက်ချလာပါရော။

"မောင်လွှန်း … မင်းမိန်းမ အင်းဝရော"

"ကုန်တိုက်ပေါ်မှာ ဈေးဝယ်ရင်း လူကွဲသွားလို့ … ဆရာရေ ဒီမှာများ ရောက်နေလားလို့ လာမေးတာခင်ဗျ"

"ဟေ … တို့များလည်း မင်းတို့ကုန်တိုက်ကြီးပေါ် တက်သွား ပြီးကတည်းက ဒီကားရပ်ထားတဲ့အနီးက လက်ဖက်ရည်ဆိုင်မှာ ထိုင်နေ ကြတာပဲကွ။ မင်းအမျိုးသမီး ဒီကိုတော့ မလာသေးဘူး"

"ဒုက္ခပဲ … အစ်ကိုတို့ရေ၊ ကုန်တိုက်ပေါ်မှာပဲ ကျန်ရစ်ခဲ့သလား၊ ဘယ်အထပ်ကဆိုင်တွေ ရောက်နေသလဲ မသိဘူး။ ကျွန်တော်လည်း ဆိုင် တစ်ဆိုင်မှာ ပစ္စည်းတွေရွေးနေတာ။ လှည့်ကြည့်တော့ မရှိတော့ဘူး။ ကျွန် တော် သွားပြန်ရှာလိုက်ဦးမယ်။ ဒီပစ္စည်းတွေ သိမ်းထားပေး … အစ်ကို"

"ကိုလွှန်း …"

"ဗျာ … ဆရာမှိုင်း …"

"မင်းအမျိုးသမီး ရန်ကုန်မြို့ကိုရော လည်လည်ဝယ်ဝယ် သွား ဖူးသတဲ့လား"

"ရန်ကုန်မှာ ကျောင်းနေသွားဖူးတယ် ဆရာ။ သွားတော့ သွား တတ်မယ်လို့ ထင်တာပဲ"

"လာ … ကုန်တိုက်ပေါ် ပြန်တက်ရှာမယ်။ ငါပါ လိုက်ရှာ မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဒီလိုပြောရော မပြာသိုကလည်း ထရပ်တယ်။

"မောင်လွှန်း ... အစ်မလည်း လိုက်ခဲ့မယ်။ မိန်းမသားဆိုတာ အလှအပဆိုင်တွေ့ရင် ဝင်ကြည့်တတ်တယ်ကွယ့်"

"ဒါဆို သွားစို့ဗျာ"

ကျွန်တော်တို့ (၃)ဦး အထပ်မြင့်ကုန်တိုက်ကြီးပေါ်မှာ (၃)လမ်းခွဲပြီး လိုက်ရှာကြတယ်။ တစ်နာရီပြည့်ရင် မူလကားနေရာမှာ ပြန်ဆုံကြမယ်လို့ ဆုံးဖြတ်ပြီး လိုက်ရှာကြတယ်။

တစ်ခန်းဝင် တစ်ခန်းထွက် တစ်ထပ်ပြီးတစ်ထပ် ရွှေ့လျားစက်လှေခါးတွေနဲ့ ဆင်းလိုက်တက်လိုက် ဆိုင်ခန်းစေ့ လိုက်ရှာကြတာ။

အထည်ဆိုင်လည်း စုံပြီ၊ နိုင်ငံခြားဖြစ် အလှပြင်ပစ္စည်းဆိုင်တွေလည်း ကုန်ပြီ။ နာရီကြည့်လိုက်တော့ တစ်နာရီစေ့သွားပြီ။ မရွှေအင်းဝနဲ့တူတာ လုံးဝ မတွေ့ရဘူး။

ကိုလွှန်းတို့၊ မပြာသိုတို့များ တွေ့သွားပြီလား ထင်ရဲ့။ ဒါနဲ့ စုရပ်နေရာ ပြန်ရောက်ကြတော့ မရွှေအင်းဝကို မည်သူမျှ မတွေ့ကြဘူးဆိုတာ ထူးခြားစွာ သိလိုက်ရပြီး အလွန်စိုးရိမ်ပူပန်ကုန်ကြပါရော။

"ကိုလွှန်း ..."

"ဗျာ ..."

"မနေ့တုန်းက တည်းတဲ့အိမ်ကို အင်းဝ သိတယ်မဟုတ်လား"

"သိနိုင်တယ် ... ဆရာ"

"မင်းတိုက်ခန်းကိုရော"

"သိနိုင်တာပဲ ... ဆရာ"

"အားလုံး ကားပေါ်တက်ကြ။ အဲဒီ နှစ်နေရာကို သွားကြည့်ကြမယ်"

ကျွန်တော်တို့အားလုံး ကားပေါ်ပြန်တက်ပြီး ထွက်ခဲ့ကြတယ်။

ဒီမှာ ကိုတင်ဦးက ...

"ငါတစ်ချက် စဉ်းစားကြည့်တယ် ... ကိုမှိုင်းရ"





"ဘယ်လိုစဉ်းစားမိတာတုံး"

"ဘယ်လိုပဲ ကုန်တိုက်ပေါ်မှာ မျက်စိလည်နေပါစေ နောက်ဆုံး အဝယောက်ယောက်ကို မေးမြန်းထားပြီး ငါတို့စောစောက ကားရပ်ထားခဲ့နေရာကို လိုက်ပို့နိုင်းလို့ ရတာပဲလေ။ ခုတော့ ..."

"သိပ်မရိုးဘူးနဲ့ တူတယ်ကွာ"

ဒီလိုနဲ့ ကျွန်တော်တို့ နှစ်အိမ်စလုံးကိုရောက်ပြီး မေးတော့ မရွှေအင်းဝ အိမ်ကို လုံးဝကို ရောက်မလာသေးဘူးတဲ့။

ဘုန်းနွေလွှန်းလည်း လက်ထပ်စာချုပ် ပူပူနွေးနွေးကို ကိုင်ပြီး စိုးရိမ်ပူပန်ဖြစ်နေပြီ။ ကျွန်တော်တို့ မကျေနပ်သေးလို့ ကားတစ်စီးနဲ့ မင်္ဂလာဒုံ၊ တာမွေ၊ တောင်ညွန့်၊ ရန်ကင်း၊ မရမ်းကုန်း၊ ရန်ကုန်မြို့ထဲအနှံ့နဲ့ ဆေးရုံဆေးခန်း၊ ရဲစခန်းပါမကျန် အကုန်လိုက်ရှာတွေ့၊ မေးမြန်းစုံစမ်းပါသော်လည်း နေဝင်လို့ အိပ်ချိန်ရောက်လာသည့်တိုင် မရွှေအင်းဝ လုံးဝ ပြန်မလာတော့တာကို ကျွန်တော်တို့ သိလိုက်ရတယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## |၁၄|

❑

ဘုန်းနွေလွန်းကလည်း တစ်စုံတစ်ခုသော အကြောင်းကြောင်းကြောင့် ပြည်မြို့ နေရင်းအရပ်ကို အသိမပေးဘဲ ပြန်သွားရော့လားဆိုပြီး မိုးလင်းတော့ ပြည်မြို့သွားတဲ့ အဝေးပြေးကားနဲ့ လိုက်ခဲ့တယ်။

ခက်တာက မရွှေအင်းဝက ဖုန်းမကိုင်တာပဲ။

ဝယ်ကိုင်နိုင်တဲ့အဆင့် ရှိပါလျက်နဲ့ မကိုင်တော့တာတဲ့။

မေးကြည့်တော့ ...

ဖုန်းသရဲလို လူစားတွေက ဖုန်းထဲက မကြားခဏ ခြိမ်းခြိမ်းခြောက်ခြောက် နားရှက်စရာစကားတွေ ပြောကြလွန်းလို့ စိတ်ညစ်ပြီး ဖုန်းကို ဧရာဝတီမြစ်ထဲ လွှင့်ပစ်လိုက်ပြီးတဲ့ အချိန်ကစပြီး ဘာကိုယ်ပိုင်ဖုန်းမှ မကိုင်တော့တာတဲ့။

ကိုလွန်းတစ်ယောက် ပြည်က အိမ်ခြံဝန်းကြီးထဲ ရောက်သွားတော့ ခြံတံခါးကို သော့ခလောက်အကြီးကြီးနဲ့ ခတ်ထားတာ မြင်လိုက်ရတယ်။

အိမ်အိုကြီးမှာလည်း ရှေ့တံခါး သော့ခတ်ပိတ်လို့။





ခြံစောင့်များ ကျန်ရစ်လေမလားဆိုပြီး အော်ခေါ်လိုက်တယ်။

"အိမ်ရှင်တို့ ..."

"ခြံစောင့်တို့ ခင်ဗျ"

"ဗျို့ ... ခြံစောင့်ကြီးတို့" ၊

မည်သူမျှ အသံမပြုကြပေ။ ဖြစ်ချင်ရာဖြစ် ကိုလွန်း ခြံတံခါးကို ကျော်ဝင်လိုက်တယ်။ ဖမ်းချင်လည်း ဖမ်းကြတော့။ ချစ်သူဇနီးရဲ့ စိတ်နဲ့ ညွန်သောကက ခေါင်းထဲမှာ **မှက်မှက်ရှော ပြူစုပြီလေး**

အထဲရောက်တော့ အိမ်ကြီးတစ်ခုလုံးကို လှည့်ပတ်ရှာကြည့်လိုက်တယ်။ ရှေ့နောက်ပိတ်ထားတာ တစ်ခြံလုံး တိတ်လို့။

ဒါနဲ့ အိမ်တံခါးသော့ကို ဆွဲလှုပ်ကြည့်လိုက်တော့လည်း ဘာမှ မဆူးဘူး။ သို့သော် ထူးခြားတာက ခြေနင်းကွန်ကရစ်သား သံမံတလင်း ပေါ်မှာ မြေဖြူခဲနဲ့ သင်္ကေတတစ်ခုလိုလို၊ အင်းလည်း မဟုတ်ဘူး။ အက္ခရာ သင်္ချာလိုလို၊ သင်္ကေတတစ်ခုကို အောက်ပါအတိုင်း ရေးထားတာ မြင်လိုက်ရတယ်။

| | | | | |
|---|---|---|---|---|
| − | + | − | = | − |
| + | − | + | = | − |
| + | + | + | = | + |

အဲဒီလို ထူးဆန်းတဲ့ သင်္ကေတကို မြင်ရပြီး ကိုလွန်း စဉ်းစားနေမိတယ်။

အနုတ်ထဲက အနုတ်ကိုပြန်နုတ်ရင် အဖြေက အနုတ်။

အပေါင်းထဲက အပေါင်းကိုပြန်နုတ်ရင် အဖြေက အနုတ်။

ပြီး အပေါင်းနဲ့အပေါင်းကို ပေါင်းရင် အဖြေက အပေါင်း။

ဘယ်လို အဓိပ္ပာယ်ပါလိမ့်။ ဒါ အင်းမဟုတ်၊ စမ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလို့ကို မရဘူး။ နေပါဦး . . . သည်သင်္ကေတရဲ့သဘော က အင်း . . .။

ဒီလိုတွေးရင် ရနိုင်မလား။ သူတို့နဲ့မပေါင်းဘဲ ကျွန်တော်တို့ နှစ် ထွက်သွားရင် အနုတ် (ပျက်ကိန်း)။ နှစ်ဖက်ပူးပေါင်းပြီး ကျွန်တော်တို့ ရှင် တရက် ရရာယူပြေးရင်လည်း အနုတ် (ပြဿနာ)။ ဒီလိုမဆန့်ကျင်ဘဲ သူတို့နှစ်ဦးနှင့် ကျွန်တော်တို့နှစ်ဦး ပေါင်း (+) လိုက်ရင် အဖြေက အားလုံး အတွက် အပေါင်း (+) ။ အကောင်းဘက်ကို ရောက်သွားမယ်လို့များ ဆို လိုရော့သလား။

စဉ်းစားရင် ခေါင်းရှုပ်ပါတယ်။ ကိုယ့်အလုပ် ကိုယ်လုပ်တာပဲ ကောင်းပါတယ်။

သည့်နောက် ပြန်လှည့်ထွက်လိုက်ရော ခြံထောင့်မှာ လက်ကိုင် ပဝါတစ်ထည်ကို တွန့်ကြေ စွန့်ပစ်ထားသလို မြင်လိုက်ရလို့ ကောက်ယူ ကြည့်လိုက်တော့ လက်ကိုင်ပဝါထောင့်စွန်းမှာ 'Innwa' အင်္ဂလိပ်စာလုံး (၅)လုံး။ လက်ကိုင်ပဝါပေါ်မှာ အင်းတွေ ချထားလို့ဗျ။

ဒါ အင်းဝရဲ့ လက်ကိုင်ပဝါပဲ။

ဒီလက်ကိုင်ပဝါ ဘယ်လိုလုပ်ပြီး ဒီနေရာမှာ ရှိနေတာပဲ။

အင်းဝကို တစ်စုံတစ်ဦးက လျှို့ဝှက်စွာ ဖမ်းခေါ်လာပြီး ဒီနေရာ မှာများ **စစ်ဆေးမေးမြန်းပြီးနောက်** အဝေးတစ်နေရာကို ခေါ်သွားရော့ သလား။ လက်ကိုင်ပဝါပေါ်က အင်းတွေက ဘာလုပ်တာတုံး။

သျှောင်ထုံးနဲ့ စကားမပြောတဲ့ အ,အလို လူကြီးရော၊ ဆံပင်ဖား လျားနဲ့ အသားမည်းမည်း မိန်းမကြီးလည်း မရှိတော့ဘူး။

ကိုလွန်း ပြည်မြို့အနှံ့ စုံစမ်းရှာဖွေခဲ့ပေမယ့် လုံးဝ သတင်းမရ ဘူး။

သည့်နောက် ရဲစခန်းမှာ လိုရမည်ရ အခြေအနေကို ရှင်းပြပြီး လူ ပျောက်မှုနဲ့ တိုင်ကြားခဲ့လိုက်တယ်။

ဒီလိုနဲ့ ရက်ပေါင်းအတော် ကြာခဲ့လိုက်ပေမယ့် မရွှေအင်းဝရဲ့ သတင်းအစအနကို မရခဲ့တော့ဘူး။





တော်ကြာ ဂျာနယ်သတင်းစာထဲမှာ ယဉ်တိုက်မှုနဲ့ သေဆုံးသွား တဲ့ အမည်နေရပ်လိပ်စာ မသိရတဲ့ အမျိုးသမီးသတင်းမျိုး ကြားရလို့ ဆေး ရုံကြီး အရေးပေါ်လူနာဌာနမှာ သွားရောက်စုံစမ်း မေးမြန်းကြည့်ရှုတော့ လည်း သူ့ချစ်သူ မရွှေအင်းဝ မဟုတ်ဘူးဆိုတာကို ကျွန်တော်တို့ သိခဲ့ရ ပြီး . . .

မောင်ဘုန်းနွေလွန်းကို သနားဂရုဏာ သက်ခဲ့ရတယ်။

မောင်ဘုန်းနွေလွန်းဟာ တစ်ခါတစ်ရံမှာ သူ့မိန်းမနဲ့ ရုပ်ချင်း သဏ္ဌာန်တူတဲ့ ပန်းတောင်းမြို့က ရွှေဘုံသာမုနိဘုရားမှာရှိတဲ့ မမြစိမ်း သိုက်နန်းကိုတောင် အရောက်သွားပြီး မရွှေအင်းဝကို စောင့်ရှောက်ပေးဖို့ အရှုတစ်ယောက်လို သွားရောက်တောင်းပန် ပြောဆိုခဲ့သတဲ့ဗျာ။ အင်း . . . အချစ်ကြီးလိုက်ပါဘိလေ။

ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ရေးနေတဲ့ စာရေးဆရာဆိုတော့ လွန်ခဲ့ တဲ့ ကာလတစ်ခုတုန်းက အဘဦးရေချမ်းအိုးက ဘုန်းနွေလွန်းရဲ့ လက္ခဏာ ကိုကြည့်ပြီး တွက်ချက်ဟောပြောခဲ့တဲ့စကားကို ပြေးမြင်သတိရလိုက်မိတယ်။

လက်ထပ်ဖြစ်မယ်။

လုံးဝ မညားဘူးတဲ့။

ခုတော့ မှန်သလို ရှိနေပြီပေါ့။

လက်ငင်းမြင်ရတဲ့ အဖြစ်ကတော့ ညီငယ်လေး ကိုဘုန်းနွေလွန်း ဟာ ဂီတအလုပ်တွေကို ရပ်ဆိုင်းပစ်ပြီး ချစ်သူဇနီးပျောက်ကို ရှာနေရင်း အသောက်သမားဘဝကို ရောက်စပြုလို့ လူလည်း ပိန်ချုံးကျသွားတယ်။

ကျွန်တော်တို့ကလည်း မရွှေအင်းဝရဲ့ ဓာတ်ပုံနဲ့ လူပျောက် ကြော်ငြာသတင်းကို သတင်းစာများမှာထည့်ပြီး သတင်းပေးသူရှိပါက ထိုက် တန်စွာ ကျေးဇူးပြုပါမည်။ မရိုးမသား ပြုခဲ့သူရှိပါက ဥပဒေအရ အရေးယူ ပါမည်လို့ ကြော်ငြာသတင်း ထည့်ခဲ့လိုက်တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၅ |

❑

တစ်နေ့လည်းကျရော ကျွန်တော့် စာရေးဆရာအမည်နဲ့ စာတစ်စောင် စာတိုက်ကနေ ရောက်လာလို့ အမြန်ပဲဖွင့်ဖတ်လိုက်တယ်။

*သို့/*

*ဆရာကြီး ဦးညိုမှိုင်းခင်ဗျာ ...*

*သတင်းစာအဟောင်း တစ်ခုထဲမှ မရွှေအင်းဝအမည်ရှိ အမျိုးသမီးတစ်ဦးရဲ့ လူပျောက်ကြော်ငြာသတင်းကို ဖတ်လိုက်ရပါသည်။*

*၎င်းကိစ္စနှင့် စပ်လျဉ်းသည့် ဖြစ်နိုင်ဖွယ် သဲလွန်စသတင်းကို ပြောပြချင်ပါသည်။ ကျေးဇူးပြု၍ လာရောက်တွေ့ဆုံစေလိုပါသည်။*

*ဦးမြို့ဟောင်း*
*သာယာဝတီမြို့*
*.... သချိုင်း*

ကျွန်တော် စာဖတ်ပြီးတာနဲ့ ဘုန်းနွေလွန်းကို ဖုန်းလှမ်းဆက်လိုက်တယ်။ လူကြီးမင်းခေါ်ဆိုသည့်ဖုန်း ပိတ်ထားပါသည်တဲ့။ သည့်နောက် မည်သူ့ကိုမျှ ပြောမနေတော့ဘဲ ...





သာယာဝတီမြို့ကိုသွားသည့် အဝေးပြေးကားနှင့် လိုက်ပါခဲ့ပြီး သာယာဝတီမြို့ရောက်တော့ ဆင်းလိုက်တယ်။

လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ခဏထိုင်ပြီး ...... သချိုင်းကို မေးလိုက်တော့ ကားလမ်းမကြီးနံဘေးမှာလို့ သိရတာနဲ့ ...... သချိုင်းဆီကို လာခဲ့လိုက်တယ်။

သချိုင်းက လယ်ကွင်းစပ်မှာ ရှိနေတယ်။

အုတ်ဂူအသစ်အဟောင်းတွေကလည်း အတော်များများတွေ့ရပြီး ခပ်ယိုင်ယိုင် သွပ်မိုးဇရပ်တစ်ဆောင်ကိုလည်း မလှမ်းမကမ်းမှ မြင်ရတယ်။

အနီးဝန်းကျင်မှာတော့ အိမ်ခြေလေးငါးလုံးခန့်ရှိပြီး ဝက်သုံးလေးကောင်က သချိုင်းမြေပေါ်မှာ ထိုးဆွ အစာရှာစားလို့။ ဒါနဲ့ သချိုင်းခေါင်းရင်း ကွင်းလမ်းလေးအတိုင်း လမ်းလျှောက်ခဲ့လိုက်တော့ စိုက်ခင်းလေးတွေ ရေလောင်းနေတဲ့ ထဘီရင်လျားနဲ့ မိန်းမတစ်ဦးကိုမြင်လို့ မေးရတယ်။

"နမလေး ..."

"ရှင်"

"ဟိုလေ ...(            )သချိုင်းအနီးမှာနေတဲ့ ဦးမြို့ဟောင်း ဆိုတာများ သိလားညီမရယ်"

"အဘမြို့ဟောင်းလား။ ဟိုရှေ့က မြေစိုက်တဲဟာ အဘဦးမြို့ဟောင်းရဲ့ အိမ်ပဲရှင့်"

"ကျေးဇူးပါပဲ နမရယ်"

"သည့်နောက် ဦးမြို့ဟောင်းဆိုသူရဲ့ မြေစိုက်တဲ ခပ်ယိုင်ယိုင်ကို ရောက်တော့ ဝါးကွပ်ပျစ်ပေါ်မှာ အရက်ထိုင်သောက်နေတဲ့ အသက်ခြောက်ဆယ်ကျော်ခန့် ခါးကုန်းကုန်းအကျႌကျောပြောင်၊ ပေါင်မှာ ထိုးကွင်းမင်ကြောင်နဲ့ လူကြီးတစ်ဦးကိုမြင်ရလို့ ...

"ဦးမြို့ဟောင်းပါလား ခင်ဗျာ"

လူကြီးက ရီဝေနေတဲ့ မျက်လုံးအစုံနဲ့စိုက်ကြည့်ရင်း ...

"အေ့ ... ဝေ့ ..."

"စာရေးဆရာ ဆိုတာလားဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ခင်ဗျာ့။ ဦးက . . ."

"မြို့ဟောင်းပါ။ မြို့သစ် မဟုတ်ဘူး။ အော့ . . . ဟား . . . ဟား . . ."

"ထိုင်ပါ။ အော့ . . . အဟား ဟား . . . . ဟား။ ဗျာတို့ ကုလားထိုင်တို့ မရှိဘူးဗျ။ ဒီ သစ်သားနဲ့ဝါး ရောစပ်ရိုက်ထားတဲ့ ကွပ်ပျစ်ပဲရှိတယ်။ သေသွားသူများရဲ့ ကျေးဇူးပေါ့ဗျာ"

ကျွန်တော်က ကွပ်ပျစ်ရဲ့အစွန်းမှာ ဝင်ထိုင်လိုက်တယ်။

"ပြော . . . စာရေးဆရာ"

"ဦးမြို့ဟောင်းရဲ့ စာကိုရလို့ အမြန်လာခဲ့တာပါခင်ဗျာ။ ကျေးဇူးလည်း တင်ရပါတယ်။ ဦးမြို့ဟောင်း သိခဲ့ရတဲ့ မိန်းကလေးရဲ့ ပုံပန်းသဏ္ဍာန်ကို ပြောပြပါလား ဦးရယ်"

လူကြီးက နီးကျောဖာတစ်လုံးကိုဖွင့်လိုက်ပြီး ကြေးမုံသတင်းစာ ရွက်တစ်ရွက်ကိုထုတ်လို့ ကြော်ငြာခာတ်ပုံတစ်ပုံကို လက်ထောက်ပြီး . . .

"ဒီမိန်းကလေး မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ့"

"ပါးပေါ်မှာ စံပယ်တင်မှဲ့လေးပါတယ်"

"ဟုတ်ပါတယ် ခင်ဗျာ့"

"မှန်လိုက်တာ ဦးရယ်"

"သွားတက်လေးလည်း ပါတယ်"

"ဟုတ် . . . ဟုတ်ပါတယ်ဗျာ . . . ဟုတ်ပါတယ်"

" သူ့ . . . သူ့ကို ဘယ်မှာ တွေ့မိလိုက်လဲဟင် . . . ဦးမြို့ဟောင်းရယ် . . . ဟင် . . ."

"ဖြည်းဖြည်းလုပ်ပါဗျာ"

ဦးမြို့ဟောင်းက ပြောရင်းကရပ်ပြီး အရက်တစ်ခွက်ငှဲ့လို့ ငွပ်ခနဲ မော့ချပြီး ရေဖလားထဲကရေကို မော့သောက်လိုက်တယ်။

"အော့ . . . ဂေ့ . . . အဲဒီမိန်းကလေးကို ဟောဟိုရှေ့က အုတ်ဂူပေါ်မှာ တွေ့လိုက်ရတာဗျ အော့ . . . ဂေ့ . . ."





"ဗျာ . . . ဘယ် . . . ဘယ်လို . . . ဘယ်လို . . ."

"အုတ်ဂူပေါ်မှာ ပက်လက်ကြီး သေပြီမှတ်နေတာ မသေသေးဘူး အကျီအဝတ်အစားတွေလည်း စုတ်ပြဲလို့။ ကြည့်ရတာ ကျားမှတ်လိုအရာမျိုးနဲ့ ရိုက်ထားခံရပုံရတယ်"

"အို . . ."

"မျက်နှာမှာလည်း သွေးတွေပေကျံပြီး နှုတ်ခမ်းပါ ကွဲနေတယ်။ ကြည့်ရတာ သေပြီထင်လို့ လာရောက်စွန့်ပစ်ထားပုံပဲ။ ကျုပ်နဲ့တွေ့တော့ သေသေးမှန်းသိပြီး ရေပတ်နဲ့မျက်နှာကို သုတ်ပေးရော ညည်းညူပြောဆိုနေတာ ကြားရတယ်။ ငါ့မှာ ဘာပစ္စည်းမှမရှိဘူး။ ငါ ဥစ္စာစောင့်မဟုတ်ဘူး ကျွန်မကို မရိုက်ပါနဲ့လို့ ပြောရှာတယ်။ ဒါနဲ့ သနားတာနဲ့ ရဲစခန်းကို အကြောင်းကြားတော့ ရဲတွေရောက်လာပြီး ဆေးရုံကို ခေါ်သွားတာပဲ။ သူ့နာမည်ရော ပြောသေးလား"

"မေးလို့ မရဘူး။ ကြောက်လန့်တကြား အော်ဟစ်နေတာပဲ။ မောင်ရင် အသေးစိတ်သိချင်ရင် ရဲစခန်းကို သွားမေး"

"ကျေးဇူးပါပဲ . . . ဦးမြို့ဟောင်းရယ်။ ဟောဒါ . . . ဦးမြို့ဟောင်း သုံးဖို့ ကျွန်တော် ကန်တော့တာပါနော်"

ကျွန်တော်က ငွေစက္ကူတစ်ထပ်ကို ပေးလိုက်တော့ . . .

"စာရေးဆရာ . . ."

"ဟုတ်ကဲ့ . . . ပြောပါခင်ဗျာ"

"ကျေးဇူးပြုခံချင်၊ ဆုငွေလိုချင်လို့ လုပ်တာမဟုတ်ပါဘူးကွယ့်။ သင်္ချိုင်းအလုပ် လုပ်နေပေမယ့် ကျုပ်တို့မှာ လူစိတ်စစ်စစ် ရင်ထဲမှာရှိနေသို့၊ တစ်ခါ သတင်းစာအရွက်လေး ရလိုက်လို့ ဟုတ်ပါစဆိုပြီး အကြောင်းကြားရတာပါ။ ငွေတွေ ပြန်ယူသွားပါ"

"ဟိုလေ . . . ကျွန်တော်က . . ."

"ငါတို့ ငွေမလိုဘူး။ စေတနာနဲ့ ကူညီတာ ပြန်ယူသွား"

ဒါနဲ့ ငွေစက္ကူများကို ပြန်ယူခဲ့လိုက်ပြီး ကျေးဇူးတင်စကား ပြောပြီး သာယာဝတီရဲစခန်းကို ရောက်သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းတာဝန်ရှိသူက . . .

''ကြည့်ရတာ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ထားပုံပဲ ဆေးစစ်ချက်အရတော့ အဓမ္မကျင့်ကြံထားတာ မတွေ့ရဘူး။ နောက်ဆုံး သိရသလောက် ဆေးရုံမှာ ဆေးကုသပေးရင်း ဆရာဝန်က ဦးနှောက်အာရုံကြောကို ထိခိုက်ထားတယ်လို့ သိရပြီး ရန်ကုန် ဦးနှောက်နှင့်အာရုံကြောကို ပို့လိုက်တယ်လို့ သိရပါတယ် . . . ဦးညိုမှိုင်း''

''ဘယ်နေ့က ပို့လိုက်တာလဲ . . . ဆရာ''

''တစ်ပတ်လောက်ရှိသွားပါပြီ ခင်ဗျ''

''ကျွန်တော်တို့လည်း စုံစမ်းကြည့်တော့ သတင်းစာမှာ ကိုဘုန်းနေလွန်းရဲ့ လူပျောက်ကြော်ငြာ တွေ့ထားရလို့ ဟုတ်နိုးနိုးထင်ပြီး ဖုန်းဆက်ပေမယ့် ကိုဘုန်းနေလွန်းရဲ့ဖုန်းက အမြဲပိတ်ထားတယ်။ ဦးညိုမှိုင်းနဲ့ ဘယ်လိုတော်စပ်လို့ပါလဲ''

ကျွန်တော်က တရားရုံးမှာ လက်ထပ်လက်မှတ်ထိုးတဲ့ နေ့မှာပဲ ရုတ်တရက် ကုန်တိုက်ကနေ ဈေးဝယ်ရင်း ပျောက်သွားပုံကိုလည်းကောင်း မိန်းကလေးရဲ့ မူရင်းနေရာကိုလည်းကောင်း သိသမျှ ပြောပြလိုက်တယ်။

''ကျွန်တော်တို့လည်း တရားခံကို စုံစမ်းနေပါတယ်။ ထူးခြားရင် ဆက်သွယ်လိုက်ပါ့မယ်''

''ကျေးဇူးပါပဲ . . . ရဲမှူးကြီးခင်ဗျာ''

''ဟုတ်ကဲ့ပါ''

ကျွန်တော် ရန်ကုန်ကို ပြန်ရောက်လာပြီး ဦးနှောက်အာရုံကြော ဆေးရုံမှာ သွားစုံစမ်းတော့ ဦးနှောက်က ပုံမှန်ပြန်မဖြစ်ဘဲ စိတ်ရောဂါသည် တစ်ဦးလို ထူးဆန်းတဲ့စကားတွေ ပြောပြောနေလို့တဲ့။ လူခန္ဓာကိုယ်ကတော့ ကျန်းမာပါတယ်။ စိတ်မကျန်းမာလို့ ဆွေမျိုးသားချင်း လာကြည့်သူ မရှိတာနဲ့ စိတ်ကျန်းမာရေးဆေးရုံမှာ အပ်နှံထားပါသည်တဲ့။

✿ ✿ ✿

[ ၁၆ ]

❑

ဟုတ်ကဲ့ . . . နောက်ဆုံး မရွှေအင်းဝကို စိတ်ကျန်းမာရေးဆေးရုံမှာပဲ တွေ့ခွင့်ရခဲ့ပါတယ်။

ခတ်ပုံနှင့်တကွ တရားဝင်လက်ထပ်စာချုပ်ကိုပါ ပြတော့ ဆေးရုံ အုပ်ကြီးလည်း ဝမ်းသာသွားတယ်။

တရားဝင်အုပ်ထိန်းသူကို တွေ့လိုက်ရလို့တဲ့။

''ဆရာကြီးရယ် . . . မရွှေအင်းဝရဲ့ လက်ရှိအခြေအနေကို သိပါရစေခင်ဗျာ''

အမှန်က ကြောက်လန့်လွန်ပြီး စိတ်ထိခိုက်တာရော၊ အာရုံအစွဲခံ ရှိနေတာကြောင့်ပါ။ စိတ်ပုံမှန် မဖြစ်သေးတာပါ။ တစ်ခါတစ်ခါ အမှန်ကို သိနေပြီး တစ်ခါတစ်ရံ ကြောက်စိတ်နဲ့ ငြင်းဆန်သလို ချောက်ချားနေတာပါ။ ဒီမှာ စနစ်တကျ ဆေးဝါးကုသမှုလည်း ခံယူမယ်။ အုပ်ထိန်းသူ ခင်ပွန်း၊ မိသားစုနဲ့ မကြာခဏ ဆုံတွေ့ပေးရင် မကြာပါဘူး၊ အားရှိအားကိုးစိတ်နဲ့ ပုံမှန်ဘဝကို ရောက်သွားမှာပါ။

''တကယ်ပဲလား . . . ဆရာကြီးရယ် . . . ဟင်''



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ယုံကြည်လိုက်ပါ … တူမောင်။ ပြန်ကောင်းနိုင်ဖို့ ရာခိုင်နှုန်း များပါတယ်"

သည့်နောက် မရွှေအင်းဝကို လူထိန်းနဲ့ ထုတ်တွေ့ ကြည့်တော့ သူမ အရမ်းကို ကြောက်ရွံ့နေတယ်။

"ငါ့ကို လာမခေါ်နဲ့။ ငါ မလိုက်ဘူး … မလိုက်ဘူး …"

"ဒီခေါင်းထဲကလူက ငါ … မဟုတ်ဘူး … မဟုတ်ဘူး"

"အား … မရိုက်ပါနဲ့ … ငါ့ကို မရိုက်နဲ့ … အား …"

"အင်းဝ …"

"အင်းဝ …"

"ဘာအင်းဝလည်း … နင်က ဘာကောင်တုံး … ဘာကောင်တုံး"

"နင် ငါ့အသားကို မထိနဲ့နော် … မထိနဲ့နော်"

"မောင်ကြီးလေ … ဘုန်းနေ့လွှန်းလေ"

"တော် … နင်တို့က ငါ့မှာ ဥစ္စာသိုက်ကြီးရှိတယ်မှတ်ပြီး ငါ့ကို အလိုရှိနေကြတာကိုး။ ဟား … ဟား … ဟား … ဟား … ဥစ္စာသိုက်တဲ့ … ဟား … ဟား … ဟား … ဟား … ငါက သိုက်နန်းရှင်မကြီး ဟုတ်လား …"

"အင်းဝ …"

"ဒီမှာ … ဟေ့ကောင် … ငါ အသေသာခံသွားမယ် ငါ့ဆီက ဘာဥစ္စာရတနာမှ နင်တို့ မရဘူး။ ဟိုကောင်တွေ …"

ပြောရင်း သူမက ဝုန်းခနဲရပ်လို့ ဆရာဝန်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး …

"ငါ့ကို နင် ညတိုင်း လာလာခေါ်တယ်။ နင်နဲ့ငါနဲ့ ဘာမှမတော်စပ်ဘူး။ ငါ လူ့ဘဝကို ခဏလာနေတာ မဟုတ်ဘူး။ ငါ့ကို လာမခေါ်နဲ့၊ ငါ … ငါ … မ … လိုက်ဘူး … ဟီး … ငါ မလိုက်ပါရစေနဲ့ … ဟီး အင့် … ဟီး …"

ပြောရင်းကနေ ချုံးမည်းချလို့ ငိုတော့တယ်။





မရွှေအင်းဝ အစစ်ပါဗျာ။

သူမ ကျွန်တော်တို့ကိုရော၊ သူ့ခင်ပွန်း ဘုန်းနေ့လွှန်းကိုရော မှတ်မိတော့ဘူး။ ရန်သူတွေလို့ပဲ စွဲစွဲ ထင်မှတ်နေတယ်။

"ကိုင်း … ဆရာတို့၊ ဒီမျှပဲ ရပ်ပါဗျာ။ ကြာရင် သူ့စိတ်ကို ပိုထိခိုက်မှာ စိုးလို့ပါနော်။ ကိုင်း … ခေါ်သွားကြတော့"

ဝန်ထမ်းနှစ်ဦးက ရွှေအင်းဝကို တွဲခေါ်သွားကြတယ်။

ဘုန်းနေ့လွှန်းဟာ သူ့ဇနီးကိုကြည့်ပြီး မျက်လုံးအိမ်ကနေ မျက်ရည်ဥတွေ စီးလိမ့်ကျလာတယ်။

သူ့ဇနီးကို ဘာလို့ နှိပ်စက်ကြရတာလဲ။ ဘာအလိုရှိကြလို့လဲ။

ဘယ်သူတွေက အခုလို ဦးနှောက်ပါထိခိုက်သွားအောင် လုပ်ဆောင်လိုက်ကြတာလဲ။ သူ ရက်စက်ကြမ်းကြုတ်သူတွေနဲ့ မျက်နှာချင်းဆိုင်ချင်လိုက်တာ။

ဒီလိုနဲ့ မကြာခဏ လာလာတွေ့တွေ့ပေးတော့ ရွှေအင်းဝစိတ်ကလေး တစ်ချက်တစ်ချက် ငြိမ်သလို ရှိရှိလာခဲ့တယ်။

"အင်းဝ … မင်း မောင်ကြီးကို မှတ်မိလား"

" ……."

"မင်းနဲ့ကို ပြည်ရွှေဆံတော်ဘုရားမှာ သစ္စာထားကြတာ မှတ်မိလား ဟင်"

" ……."

"ဟောဒီမှာ … ကြည့်စမ်း၊ လက်ထပ်စာချုပ်။ မင်း သတိရလား"

ဒီမှာ သူမရဲ့ပါးစပ်က စကားတစ်ခွန်း လွှတ်ခနဲထွက်သွားတယ်။

"တာနော … တာနော …"

"တာနော … ဟုတ်လား"

'အင်း … ဟုတ်ကဲ့' လို့ ပြန်မပြောဘူး။ လုံးဝ စကားမပြောဘဲ အဝေးတစ်နေရာကို ငေးကြည့်ပြီး မျက်ရည်တွေ ပါးပြင်ပေါ် စီးကျနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



''တာနေ့ာဆိုတာ ဟို လူအ,အကြီးလား ဟင်''

'' ........''

''တာနေ့ာက မင်းကို ညှဉ်းပန်းတာလား ... အင်းဝ ဟင်''

'' ........''

''မကြောက်ပါနဲ့ ... အင်းဝရယ်၊ မောင်ကြီး မင်းအနားမှာ ရှိနေတယ်ဥစ္စာ။ မင်းရန်သူအားလုံးကို မောင်ကြီး ရင်ဆိုင်ပစ်မယ်။ တာနေ့ာက မင်းကို နှိပ်စက်တာလား ဟင် ... ဟင်လို့''

''တောက် ...''

အင်းဝ နာကျည်းစွာ တောက်တစ်ချက် ခတ်လိုက်တယ်။

နောက်ထပ် ဆက်မေးလို့ မရတော့ဘူး။ စကားလည်း မပြောဘူး။ မျက်ရည်တွေကိုပဲ လက်ခုံနဲ့သုတ်နေတာကို မြင်ရတော့ ကိုလွှန်းလည်း မျက်ရည်ကျရသတဲ့။

အချိန်စေ့တော့ တာဝန်ကျတွေက သူမကို ခေါ်သွားကြတော့ လေးငါးဆယ်လှမ်းလည်း လှမ်းမိရော ကိုလွှန်းကို လှည့်ရပ်ကြည့်နေတယ်။ သူမရဲ့အကြည့်မှာ မှတ်မိစဉ်းစားနေသလို အရိပ်လက္ခဏာတွေကို မြင်ရတယ်။

''တာနေ့ာ ... တာနေ့ာ ... တာနေ့ာ ...''

အင်းဝဟာ ... 'တာနေ့ာ'ဆိုတဲ့ စကားကို သုံးကြိမ်အသံမြှင့်အော်ပြောပြီး လုံးဝ လှည့်မကြည့်ဘဲ သူမရဲ့ အခန်းရှိရာ အတွင်းဆောင်ဘက်ကို ဝင်သွားတာ မြင်လိုက်ရတယ်။

''တာနေ့ာ ...''

''တာနေ့ာ ...''

''တာနေ့ာ ...''

တာနေ့ာဆိုတာ ချောင်တစ်စောင်းနဲ့ မျက်နှာခပ်ထန်ထန် အ,အလို လူကြီး။ ဒီလူကြီးကို အင်းဝနေတဲ့ အိမ်မည်းကြီးမှာ မြင်ဖူးတယ်။

စိတ်ကူးသစ်စာပေ



အင်းဝ ဒီအိမ်မည်းကြီးကနေ အပြီးတိုင် ထွက်လာတဲ့နေ့က ဒီတာနေ့ာဆိုတဲ့လူကြီးနဲ့ အသားမည်းမည်း၊ ဆံပင်ဖားလျား၊ သွား ကျိုးတိုးတဲ့တဲနဲ့ မိန်းမကြီးကို နောက်ဆုံး မြင်ခဲ့ရတာ။

ဟုတ်ပြီ ...။

အဲဒီတုန်းက သူတို့က အင်းဝကို နောက်ကနေ လိုက်အော်ခေါ်နေတာ။ တာနေ့ာကို တွေ့အောင်ရှာရမယ်။

ဦးတာနေ့ာရယ်၊ အဘွားကြီးရယ်ကို တွေ့ရင် ရွှေအင်းဝ ဖြစ်နေ၊ ခံစားနေရတဲ့ လျှို့ဝှက်ချက်ကို သိရမှာပဲ။

ကိုလွှန်း ဆုံးဖြတ်ချက် ချလိုက်တယ်။

ဦးတာနေ့ာတို့ကို မတွေ့တွေ့အောင် လိုက်ရှာမယ်။ ဆရာမှိုင်းပဲ ကျွန်တော့်ဇနီးအင်းဝကို စောင့်ရှောက်ကြည့်ရှု အားပေးပေးပါလို့ ပြောပြီး သူထွက်သွားခဲ့တော့တယ်။

ကျွန်တော်က အန္တရာယ်များမှာစိုးလို့ တားခဲ့ပေမယ့် ကိုလွှန်းရဲ့ အာသီသက အရမ်းပြင်းပြနေတော့ သတိနဲ့သွားဖို့ရယ် ဖုန်းမကြာမကြာ ဆက်ပြီး ထူးခြားမှုကိုပြောဖို့ သတိပေးလိုက်တယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# [၁၇]

❑

ဒီအကြောင်းတွေက ဘုန်းနွေလွန်း ပြန်ပြောပြလို့ သူ့ရဲ့လုပ်ရှားမှု စကားလုံးမှတ်တမ်းပါ။

သူ ပြည်က အိမ်အိုကြီးဆီကို သွားခဲ့တယ်။

ကိုလွန်း အိမ်အိုကြီးကို ရောက်သွားတော့ အိမ်ကြီးရဲ့အောက်ထပ်မှာ လူတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ လှုပ်ရှားနေတာကို မြင်လိုက်ရတာနဲ့ ကိုလွန်းလည်း အိမ်ထဲကို ဝင်လာလိုက်တယ်။

ရဲအုပ်က ကိုလွန်း အမှုတိုင်ချက်ဖွင့်တုန်းက သိခဲ့ရတဲ့ ရဲအုပ်ကိုရွှေဖံအောင်ဖြစ်နေတယ်။

''အလို ...''

မြင်လိုက်ရတဲ့ မြင်ကွင်းက ကြောက်စရာကောင်းလိုက်တာ။ ဦးတာနောလို့ခေါ်တဲ့ သျှောင်တစ်စောင်းနဲ့ ဒေါင်ကောင်းကောင်းလူကြီးဟာ ခန္ဓာတစ်ကိုယ်လုံး အဝတ်အစားမရှိဘဲ ခန္ဓာကိုယ်ပေါ်မှာလည်း ကျားမွှတ်ရိုက်ရာလိုလို၊ ကြိမ်ရိုက်ချက်လိုလို၊ ဒဏ်ရာအညှိအမည်း အရှိအရာတွေနဲ့ အထပ်ထပ်နဲ့ သံမံတလင်းပေါ်မှာ အသက်ပျောက်နေတယ်။





သူ့မျက်လုံးအစုံက ပြူးပြီး အလွန့်ကို နာကျင်ကြောက်လန့်တာကို ပြနေတယ်။

သို့သော် ခန္ဓာကိုယ်ပေါ်မှာ သွေးတစ်စက်ထွက်နေတာ မတွေ့ရဘူး။ ရိုက်ချက် အရှိုးရာတွေက ပခုံးကနေ တင်ပါးပေါ်မှာ ခပ်စိပ်စိပ် ရိုက်ချက်ရာ၊ ခပ်ကြဲကြဲ ရိုက်ချက်ရာ တောက်လျှောက်မြင်ရတယ်။

နောက်တစ်ယောက်က အသားမည်းမည်း၊ သွားကျဲကျဲနဲ့ အဘွားအိုကြီးပဲ။ သူ့ဆံပင်နဲ့ မျက်နှာတစ်ဝိုက်ဟာ မီးလောင်ထားလို့ ညှော်နံ့တွေနဲ့ ညည်းညူ ဂနာမငြိမ်ဖြစ်နေတာကို မြင်ရတယ်။

ဖြစ်ပုံက ... မိန်းမကြီးရဲ့ အလန့်တကြား အော်ဟစ်သံကြောင့် ကြားရသူတွေ ဝင်လာတော့ အမယ်ကြီးခေါင်းမှာ မီးတွေစွဲနေလို့ ရေနဲ့ ပိုင်းငြိမ်းသတ်ရပြီး မြင်ကွင်းတွေကို မြင်ရတာဆိုပဲ။

''အမေကြီး ...''

''ရှင် ... အင် ... အင် ...''

''စကားပြောလို့ ရမလားခင်ဗျာ''

''အင်း ... အင်း ...''

''အမေကြီးနာမည် ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ''

''ဒေါ်ရွှာသစ်ပါရှင်''

''ဒေါ်ရွှာသစ်က ဒီအိမ်ပိုင်ရှင်လား''

''မ ... ဟုတ်ပါဘူးရှင်။ ကျွန်မက အိမ်တော်ထိန်းပါ''

''အိမ်တော်ထိန်း ... ဘယ်သူ့ကို ထိန်းရတာလဲ ခင်ဗျာ''

''သခင်မလေးကိုပါရှင် ... အား ... ကျွတ် ... ကျွတ် ...''

''သခင်မလေး နာမည်ကရော''

''မရွှေအင်းဝပါ''

''ခု မရွှေအင်းဝ ဘယ်မှာရှိလဲ ... ဒေါ်ရွှာသစ်''

''ဟို ... ဟို ...''

''ပြောပါ ... မှန်မှန်ပြောပါ။ သူ ဘယ်မှာလဲ''

''ဟို ... ဟို ... သေသွားပါပြီရှင် ... အင် ... အင် ...''



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကြားရတော့ ဘုန်းနွေလွန်း စိတ်ဝင်စားပြီး ရှေ့နားတိုးနားထောင်နေတုန်း . . .

"မရွှေအင်းဝ သေသွားပြီဆိုတာ ဘယ်လိုသေရတာလဲ . . . ဒေါ်ရွှာသစ်"

"ဒီ . . . ဒီ . . . အခြေအနေရောက်မှတော့ မဖုံးကွယ်တော့ပါဘူးရှင်"

"မရွှေအင်းဝကို သတ်တာ . . . သူ . . . သူ . . . တာနော"

"ဟင် . . ."

အမယ်ကြီး ဒေါ်ရွှာသစ်က သေဆုံးနေတဲ့ ဦးတာနောအလောင်းကြီးကို လက်ညှိုးထိုးပြရင်း စုတ်သပ်လို့။

"ကောင်းပြီ . . . ခင်ဗျားတို့ မရွှေအင်းဝကို ဘယ်လိုအကြောင်းကြောင့် သတ်ရတယ်၊ ဦးတာနော ဘယ်လိုကြောင့် အရိုးဒဏ်ရာတွေနဲ့ သေရတယ်ဆိုတာ အမှန်အတိုင်းပြောပြပါ . . . ဒေါ်ရွှာသစ်"

"သောက်ရေတစ်ခွက်လောက် ပေးကြပါ"

လူတစ်ဦးက ရေတစ်ခွက်ခပ်ပေးတော့ ဒေါ်ရွှာသစ်က အားရပါးရသောက်ပြီး ဖြစ်စဉ်ပြောရော။

"သခင်မလေး ရွှေအင်းဝကို သိုက်ကလာတဲ့ လူဝင်စားလို့ ကျွန်မတို့က မှတ်ယူထားပါတယ်။ သူမ ငယ်စဉ်အရွယ်က ဒီအိမ်ကြီးနေရာမှာ နေချင်တယ်၊ ငါ့ပစ္စည်းတွေရှိတယ်လို့ ပြောလွန်းလို့ အရွယ်ရောက်မှ ဒီနေရာမှာ အိမ်ကြီးရနိုင်တစ်လုံးဆောက်ပြီး ကျွန်မကလည်း အိမ်တော်ထိန်းအဖြစ် စောင့်ရှောက်ခဲ့ရတာပါ။ မရွှေအင်းဝရဲ့ မိဘများက ဇန်းမော်၊ ရွှေကူကပါ၊ ကျောက်သူဋ္ဌေးတွေပါ။ ကွယ်လွန်ကုန်ကြပါပြီ။ ထူးဆန်းတာက ရွှေအင်းဝက ဒီခြံကြီးထဲကနေ မကြာခဏ ရွှေထည်ပစ္စည်းတွေ ကောက်ရခဲ့တယ်။ ရသမျှကို မသုံးဘဲ ပြည်ရွှေဆံတော်ဘုရားမှာ လှူပစ်တာပဲ။

ဒီသတင်းကို သိုက်ဆရာဦးတာနော ကြားသိသွားပြီး အိမ်တော်ထိန်းကျွန်မကို ချဉ်းကပ်လို့ မရွှေအင်းဝဟာ သိုက်ကလာတဲ့ ဥစ္စာစောင့်မ၊ သူမကို သိုက်က မကြာခင်ပြန်ခေါ်တော့မယ်၊ သိုက်ကမခေါ်ခင် ဥစ္စာသိုက်ဘယ်မှာရှိတယ်ဆိုတာကို ချော့ချောက်မေးရင် သူရော၊ ကျွန်မရော ဒီတစ်သက် စားလို့မကုန်အောင် ချမ်းသာမယ်လို့ ပြောတာနဲ့ ကျွန်မရဲ့မောင်တော်သူပါဆိုပြီး ဒီအိမ်ပေါ် ခေါ်ထားခဲ့ပါတယ်။ တာနောက အ,အယောင်ဆောင်ပြီး လေ့လာနေတာ။

ချော့မော့မေးလည်း ရွှေအင်းဝက မသိဘူးဘဲ ပြောနေလို့ အောက်လမ်းနည်းမျိုးစုံနဲ့ လုပ်ပေမယ့် ရွှေအင်းဝကို လုပ်လို့မရဘူး။ ရွှေအင်းဝ ရွှေတွေအကြိမ်များစွာ ရတာလည်း ကျွန်မတို့က သိနေတော့ နင်ဘယ်လိုရလဲမေးရင် မပြောဘူး။ သို့သော် ညဘက်ရောက်ရင် သိုက်ကလာခေါ်နေပြီဆိုပြီး ယောင်ယမ်းအော် လန့်ဖြန့် အိပ်မရဖြစ်နေတာကို ကျွန်မရော ကိုတာနောရော သိနေတယ်လေ။

နောက်ဆုံး သူမကို ခြိမ်းခြောက်သွယ်ဝိုက်လုပ်နေတုန်း ယောက်ျားနောက်ကို ဖွတ်လိုက်သွားတာပါပဲ။

သူမရဲ့နောက်ကို ကိုတာနောက ရုပ်ဖျက်၊ နောက်ယောင်ခံလိုက်နေတယ်။ ဒီခြံထဲမှာ ဥစ္စာသိုက်ရှိတာ သေချာပေမယ့် ဘယ်နေရာမှာရှိနေတာကို ကျွန်မတို့ မသိဘူး။ သိုက်ကလာခဲ့တဲ့ လူဝင်စား ရွှေအင်းဝတော့ ကိုန်းသေသိတယ်လို့ ယုံကြည်ထားတော့ . . .

ရန်ကုန်က တရားရုံးမှာ လက်ထပ်ပြီး လက်မှတ်ရေးထိုးပြီး ကုန်တိုက်ကြီးပေါ်မှာ ဈေးဝယ်နေတုန်း ကိုတာနောက ကြေးစားမိန်းကလေးတစ်ဦးအကူအညီနဲ့ လျှို့ဝှက်စွာ မေ့မြောသွားအောင်ပြုလုပ်ပြီး သာယာဝတီဘက်က တိုက်ပျက်ကြီးတစ်လုံးမှာ ချုပ်နှောင်ရိုက်နှက်မေးခဲ့တာ။ အဲဒီတုန်းက ကျွန်မလည်း ရှိနေတယ်။ တာနောကလည်း ဥစ္စာသိုက်ရှိတဲ့နေရာကိုမေး၊ ဟိုကလည်း မသိဘူးလို့ပြောတော့ . . . ဒါဖြင့် ရွှေတွေ၊ လက်ဝတ်လက်စားတွေကို ဘာလို့ ခြံထဲမှာ ခဏခဏရနေတာလဲ မေး။

ကျာပွတ်နဲ့ အချက်ပေါင်းများစွာ ရိုက်မေးတော့ နောက်ဆုံး ကောင်မလေး သေပါရော။ အဲဒါ ကောင်မလေးရဲ့အလောင်းကို သာယာဝတီ ဘားလမ်းနဲ့ မနီးမဝေးက သချိုင်းမှာ သွားစွန့်ပစ်ခဲ့တယ်။





www.burmeseclassic.com

www.burmeseclassic.com



ပြီး . . . ဒီကောင်မလေးရဲ့ ဝိညာဉ်ကို သာယာဝတီသချိုင်းက ခေါ်လာပြီး ဟိုးရှေ့မှာ မြင်ရတဲ့အတိုင်း ကန်တော့ပွဲတွေ အများကြီးပေးပြီး သိုက်နေရာပြခိုင်း၊ သိုက်တံခါးဖွင့်ခိုင်း၊ ပယောဂ ဂန္ဓာရသိုက်တူးအစီအရင်တွေနဲ့ လုပ်နေတုန်း ကန်တော့ပွဲတွေထဲက မီးတွေထတောက်ပြီး ပွဲတွေ အလိုလို ပြုတ်ကျ၊ ပြိုလဲသွားသလို . . .

သိုက်ဆရာ ကိုတာနော့ကိုလည်း ဘယ်သူရိုက်မှန်းမသိဘူး။

တရှမ်းရှမ်း ကျာပွတ်နဲ့ရိုက်သံ ကြားရပြီး နောက်ဆုံး သိုက်ဆရာ ကိုတာနော အမည်မသိသူရဲ့ ရိုက်ချက်နဲ့ အော်ဟစ်ရင်း မြင်တဲ့အတိုင်း သေတော့တာပဲ။

ကျွန်မက ကိုတာနောကို လှုပ်ခေါ်နေတုန်း ကျွန်မခေါင်းပေါ်မှာ မိုးကြိုးပစ်သလိုမျိုးအသံ ကြားရပြီး ကျွန်မခေါင်းကို မီးလောင်လို့ အော်ဟစ်အကူအညီတောင်းတုန်း . . .''

''ဒေါ်ရွှေသစ် . . .''

''ရှင် . . .''

''ခင်ဗျားကို မရွှေအင်းဝကိုသတ်ရာမှာ ပူးပေါင်းကြံစည်မှုနဲ့ ကျွန်တော်တို့ ဖမ်းဆီးလိုက်ပါပြီ။ လိုက်ခဲ့ပါ''

ဒီမှာ . . . ကိုဘုန်းနွေလွန်းက ဒေါ်ရွှေသစ်ရဲ့မျက်နှာရှေ့မှာ ရပ်ပြလိုက်ရော ဒေါ်ရွှေသစ် မျက်လုံးပြူးသွားတယ်။

''ဒေါ်ရွှေသစ် ကျွန်တော့်ကို သိလား''

''မြင် . . . မြင်ဖူးသလို . . .''

''ကျွန်တော်က မရွှေအင်းဝရဲ့ ခင်ပွန်းပါ''

''အြော် . . . မင်းကိုး . . .''

✿ ✿ ✿

[ ၁၈ ]

❑

တစ်နေ့တော့ ပုဂံမှာရောက်နေတဲ့ ဘတိုက်ပုံဦးရာကျော်နဲ့ ဘရေချမ်းအိုးတို့ ကျွန်တော်စာရေးဆရာအိမ် ရောက်လာကြပါရောဗျာ။

''အဘ . . . ကျွန်တော့်ကို ပုဂံကနေ မစောင့်ဘူးလား''

''ရက်ချိန်းပြောင်းသွားလို့ အဲဒါ လာပြောတာကွ။ ကဆုန်လကျမှ ခနီးထွက်မယ်ဟေ့''

ဒီမှာ ကျွန်တော်က ဘရေချမ်းအိုးကြီးကို ကိုလွန်းတို့အကြောင်း ပြောပြလိုက်ရော . . .

''အင်း . . . ငါပြောစကား နားမှမထောင်တာကိုး ဖြစ်ပြီပေါ့''

ကျွန်တော်တို့ရဲ့ ဇာတ်ကြောင်းပြန်စကားတွေကို ကျေးဖူးရှင် ဘတိုက်ပုံဦးရာကျော်က ကြားသိသွားပြီး . . .

''မောင်မှိုင်း . . .''

''ခင်ဗျာ . . . အဘ''

''အခု ကလေးမလေးက ဘယ်မှာတုံး''

''စိတ်ရောဂါကု ဆေးရုံမှာပဲ . . . အဘ''

''ကောင်လေးကရော''



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကောင်မလေးကို သွားသွားတွေ့ပြီး ပြန်သတိရမှတ်မိအောင် ဆရာဝန်တွေနဲ့ တွဲကူညီနေရတာပေါ့"

"အခု သူမ တည်ငြိမ်လာရဲ့လားကွယ်"

"သူက ဦးတာနေ့ာတို့ကို ကြောက်နေတုန်းပဲ အဘရဲ့"

"အခု တာနေ့ာသေပြီမဟုတ်လားကွ ... ကြောက်စရာ လိုသေးလား"

"ကူညီလို့ရရင် ကူညီပါဦး ... အဘရယ်"

"ကိုရေချမ်း ..."

"ဘာတုံး ... ရာကျော်"

"မင်းက သူတို့ကို ဘယ်လိုဟောလိုက်လို့တုံး"

"ဒီနှစ်ထဲလက်ထပ်ရင် မညားဘူး။ တစ်ယောက်ယောက် ဒါမှမဟုတ် နှစ်ယောက်စလုံး ရူးပြီး ပြန်ကောင်းမှ ညားမှာလို့ ပြောလိုက်တာဖြစ်ပြီပေါ့။ နောက်တစ်ယောက်မရူးခင် ငါတို့ ဝင်ကူမှဖြစ်မယ်။ ဟေ့ကောင် မောင်မှိုင်း ..."

"ဗျာ ..."

"ငါတို့ကို ဆေးရုံလိုက်ပို့ကွာ"

"ဟုတ်ကဲ့ ... အဘ"

ကျွန်တော်တို့ စိတ်ရောဂါဆေးရုံကို ရောက်သွားပြီး လူနာ မချွေ အင်းဝကို တွေ့ခွင့်ရခဲ့တယ်။ မချွေအင်းဝရဲ့ အခြေအနေက တည်ငြိမ်စပြုလာပါပြီ။

နောက် မကြာပါဘူး။

ကာယကံရှင် ကိုဘုန်းနွေလွန်းရဲ့ ဆန္ဒအရ ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိလို့ အိမ်ကို တရားဝင်ခေါ်ယူပြီး ကျန်းမာရေးကို စောင့်ရှောက်ခဲ့တော့တယ်။

အိမ်ရောက်တော့ ကိုလွန်း အများရှေ့မှာ မေးတာပေါ့ဗျာ။

"အင်းဝ ..."

"ရှင် ..."

စိတ်ကူးသစ်စာပေ



"မင်းနာမည် အင်းဝဆိုတာ သိပြီနော်"

"အင်း ... သိတယ်"

သူမက အတန်ကြာ စိုက်ကြည့်ပြီးမှ ဖြည်းဖြည်းချင်း ပြောပြတယ်။

"သိပါတယ်"

"ဘယ်သူတုံး"

"မောင်ကြီး"

"ဟုတ်ပြီ ... မောင်ကြီးနာမည် ပြောပါဦး"

"ကိုလွန်း ..."

"အို ... ဝမ်းသာလိုက်တာ ... အင်းဝရယ် ... မောင်ကြီး ဝမ်းသာလိုက်ရတာကွယ်။ အင်းဝ ကျန်းမာအောင်နေပါ။ စားချင်တာ ပြော၊ ဘုရားဖူးသွားချင်ရင်လည်း ပြောနော်။ မောင်ကြီး လိုက်ပို့ပေးမယ် သိလား"

ဒီမှာ သူမရဲ့ပါးစပ်က တလှုပ်လှုပ်ဖြစ်နေလို့ ...

"အင်းဝ ... ဘာပြောချင်လို့တုံး"

"ကြောက်လို့"

"အင်းဝ ... ဘာကိုကြောက်နေလို့တုံး ... ပြော"

"ဟိုလူကြီး ..."

"ဟိုလူကြီးက ဘယ်သူလဲ"

"ဦး ... တာ ... နော ..."

"ဦးတာနေ့ာကို ကြောက်စရာ မလိုတော့ဘူး။ သူ သေသွားပြီ"

"ဟုတ် ..."

"ဟုတ်တာပေါ့။ ဟုတ်ရုံမကဘူး သူနဲ့တွဲပြီး မင်းကို သေကြောင်းကြံစည်နိုပ်စက်တဲ့ မင်းရဲ့အိမ်တော်ထိန်းကြီးရော ... သိလား"

"သိလား"

"ဘယ်သူတုံး"

"ဒေါ်ရွှေသစ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ရွှာသစ်လည်း အချုပ်ထဲရောက်နေပြီ ... အင်းဝရဲ့"

"ဟုတ် ..."

"သူ့အမှုကို .... မြို့မှာ တရားစွဲတင်ထားပြီ ... သိလား။ မင်း နေကောင်းသွားရင် မင်းကိုယ်တိုင် ဒီအမှုမှာ တရားလိုရော၊ သက်သေရော လုပ်ရတော့မှာ"

"ဒေါ် ... ရွှာ ... သစ် ... ဒေါ် ... ရွှာ ... သစ် ..."

"သူလည်း မကောင်းဘူး။ သူတို့အားလုံး ရက်စက်တယ်။ ကျွန်မကို ဗိုင်းရက်စက်ကြတယ်။ ဟီး ..."

"ကိုင်း ... အင်းဝ ... နေကောင်း၊ စားကောင်း အိပ်ကောင်း အောင် ကြိုးစား။ မင်းရဲ့ဘေးမှာ မောင်ကြီး အမြဲတမ်းရှိနေမယ်။ ပြီး ဆရာမှိုင်းတို့၊ ဆရာမှိုင်းရဲ့အဘတို့လည်း ရှိနေမယ်။ ဘာမှမပူနဲ့ ... ဟုတ် လား"

"ဟုတ်ကဲ့"

✿ ✿ ✿

## [ ၁၉ ]

❑

သိပ်မကြာလိုက်ပါဘူးဗျာ။ ရွှေအင်းဝဆိုတဲ့ မိန်းကလေးဟာ လုံးဝ ကို ကျန်းမာဝဖြိုးပြီး အလှကျက်သရေတိုးတဲ့ မိန်းမချော မိန်းမလှလေး အဝကို ရောက်ရှိသွားခဲ့လေရဲ့ဗျာ။

ကျွန်တော်တို့အားလုံးကလည်း သူမမှာ ရောဂါကင်းစင်သွားပြီ ဆိုပြီး ဝမ်းသာတော့တာပေါ့ဗျာ။

ဘုန်းနွေလွှန်းကလည်း သူ့ဇနီးချောလေးရဲ့မျက်နှာကို ကြည့်လို့ မဝ ဖြစ်လို့ပေါ့လေ။

ညအိပ်ရာဝင်တိုင်း ဘုန်းနွေလွှန်းက သူမကို ပွေ့ဖက်ပြီး အချစ် သီချင်းတွေ အိပ်ပျော်တဲ့အထိ ဆိုသိပ်တယ်တဲ့။

ခုမှ ရွှေအင်းဝလည်း ကလေးလေးလို ဖြစ်နေတာပေါ့။

အညစ်အကြေးတွေ ကင်းစင်ပြီး ပျော်ရွှင်ချမ်းမြေ့ဖွယ်နေ့ရက်တွေ နေ့စဉ် ဖြစ်သွားမှာပဲလို့ ယုံကြည်နေမိတာပါ။

သို့သော် ...

ပြဿနာက တစ်နေ့ကျရော ကြုံရပါရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ပြည်မြို့က တရားရုံးမှာ အမှုရင်ဆိုင်ရတဲ့နေ့မှာ။ တရားခွင်မှာ တရားခံအိမ်တော်ထိန်း ဒေါ်ရွှာသစ်ကိုမြင်ရရော သူမရဲ့ရင်ဟာ ထိတ်ခနဲ ဖြစ်သွားတယ်တဲ့။

သို့သော် စိတ်ကို ပြန်ထိန်းပြီး ကိုလွှန်းရဲ့မျက်နှာကို လှည့်ကြည့် လိုက်တယ်။ ကိုလွှန်းက လက်မထောင်ပြလိုက်တော့ သူမ အားရှိသွား တယ်။

ဒီမှာ အကြီးအကျယ် အံ့သြသွားတာက ...

တရားခံ ဒေါ်ရွှာသစ်ဆိုတဲ့ မိန်းမကြီးပဲ။

ဒေါ်ရွှာသစ်က ရဲစစ်ဆေးတုန်းက မရွှေအင်းဝကို ကိုတာနောရိုက် လို့ သေသွားပြီ၊ သာယာဝတီသချိုင်းမှာ ညဘက် အချိန်မတော် မြှုပ်နှံခဲ့ တယ်လို့ ထွက်ဆိုဖြောင့်ချက်ပေးခဲ့တာကို။

သူမကတော့ မရိုက်ခဲ့ဘူးပေါ့။

ကိုယ့်တူမလေးလို၊ သမီးလေးလို့ စောင့်ရှောက်ခဲ့ရလို့ ရက်ရက် စက်စက် မလုပ်ဖို့ တားခဲ့ပါတယ်လို့ ထွက်ဆိုခဲ့ပါတယ်။

ယခု သေရွာပြန် မရွှေအင်းဝကို လူကောင်းပကတိအတိုင်း တရား ခွင်ရှေ့မှောက်မှာ မြင်လိုက်ရရော အကြီးအကျယ် အံ့အားသင့်သွားတော့ တာပဲ။

နောက်ဆုံး ဥပဒေအကျိုးဆောင်က မရွှေအင်းဝကို တရားသူကြီး ရှေ့မှောက်မှာ မေးတော့တယ်။

"မရွှေအင်းဝ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"အဖေနာမည် ..."

"ဦးရွှေဂုဏ်ပါရှင်"

"မရွှေအင်းဝ ... ဒေါ်ရွှာသစ်ဆိုတာကို သိပါသလား"

"သိပါတယ်ရှင်"

"မည်သူလဲဆိုတာ လက်ညှိုးထိုးပြပါ"

"သူပါ"





ဒေါ်ရွှာသစ် မျက်လုံးပြူးကျယ်သွားတယ်။ မရွှေအင်းဝမသေသေးတာ ကို ကိုယ်ကျိုးနည်းတော့မှာကိုး။

"ဒေါ်ရွှာသစ်နဲ့ ဘယ်လိုတော်စပ် သိကျွမ်းခဲ့ပါသလဲ"

"ဒေါ်ရွှာသစ်က ကျွန်မ အိမ်တော်ထိန်းပါ။ ဆယ်နှစ်ခန့် အတူ နေလာသူပါ"

"မရွှေအင်းဝကို ဘယ်သူတွေ နှိပ်စက်ညှဉ်းပန်းခဲ့ကြပါသလဲ"

"ဦးတာနောနဲ့ ဟောဒီ ဒေါ်ရွှာသစ်ပါ"

"ဘယ်လိုခေါ်သွားတာပါလဲ"

"ကုန်တိုက်မှာဈေးဝယ်နေတုန်း မိန်းမရွယ်တစ်ယောက်နဲ့ ညီသည် တစ်ဦးက တွေ့ချင်လို့ဆိုပြီး ခေါ်သွားတာပါ။ ကားနားအရောက်မှာ ကား တံခါးဖွင့်ပြီး ကျွန်မကို ကားထဲဆွဲသွင်းတာ ဦးတာနောပါ။ နောက် ကျွန်မ ကြောက်ပြီး သတိလစ်သွားခဲ့ပါတယ်"

"ဘယ်လိုများ နှိပ်စက် ညှဉ်းပန်းခဲ့ပါသလဲ"

"ကျွန်မကို တိုက်ပျက်ကြီးတစ်ခုထဲမှာ တိုင်မှာကြိုးနဲ့တုပ်ပြီး ကျာပွတ် နဲ့ နှစ်ယောက်သား အချက်ပေါင်းများစွာ ရိုက်ပြီး နှိပ်စက်ခဲ့တာပါ။ ကျွန်မ သတိလစ်သွားတဲ့အထိ ရိုက်ခဲ့တာပါ"

"ဘာကြောင့် မရွှေအင်းဝကို နှိပ်စက် မေးမြန်းရတာပါလဲ"

"ကျွန်မကို သိုက်ထဲကလာတဲ့ ဥစ္စာစောင့်မလို့ စွပ်စွဲပြီး ဥစ္စာသိုက် ရှိတဲ့နေရာကို လက်ညှိုးထိုးပြရမယ်လို့ ပြောပြီး သိုက်ဆရာဦးတာနောနဲ့ သူ မရအရ မေးမြန်းခဲ့တာပါ"

"မရွှေအင်းဝက ဥစ္စာစောင့်လား"

"မဟုတ်ပါဘူးရှင်"

"မရွှေအင်းဝခြံထဲက မကြာခဏ ရွှေ လက်ဝတ်လက်စားအချို့ တောက်ရတယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ဘယ်သူလာပေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး။ ပိုင်ရှင်မဲ့ ရတာပါ"

"အဲဒါမျိုး ဘယ်နှခါ ရပါသလဲ"

"အကြိမ်ကြိမ်ပါပဲ"

"အဲဒီပစ္စည်းတွေရော"

"အချို့ကို ရွှေဆံတော်ဘုရားမှာ လှူခဲ့ပါတယ်။ ကျန်တာတွေကို ဒေါ်ရွှာသစ်နဲ့ ဦးတာနောတို့က ဖမ်းဆီးခေါ်ဆောင် နှိပ်စက်မေးမြန်းပြီး အကုန်သိမ်းသွားပါတယ်"

"ရွှေထည်ပစ္စည်း မည်မျှရှိနိုင်ပါသလဲ"

"မိဘတွေထံက ပါတာရောပါ ပေါင်းရင် အများကြီးပါရှင့်"

"မြင်ရင် ကိုယ့်ပစ္စည်းများ မှတ်မိမှာလား"

"မှတ်မိပါတယ်ရှင့်"

တရားသူကြီးက သိမ်းဆည်းရမိသည့် သက်သေခံရွှေထည်ပစ္စည်းများကို မြင်တွေ့ရတော့ . . . 'ဒါက ကောက်ရတာ၊ ဒါက မိဘအိမ်ကပစ္စည်း' ဆိုတာ ခွဲခြားပြနိုင်ခဲ့တယ်။

"နောက်ပိုင်း ဘယ်လိုသတိရပါသလဲ"

"နောက်ပိုင်းကိစ္စကိုတော့ ခင်ပွန်းသည်ပြောပြလို့ သိရတာက . . . . . . . . . . . . ရှင့်"

"ကျေးဇူးတင်ပါတယ်"

သည့်နောက် တရားခံ ဘာမေးစရာရှိလဲလို့ တရားသူကြီးကမေးတော့ ဒေါ်ရွှာသစ်က . . .

"နင့်ကို ငါ ရိုက်တယ်လို့ ပြောရအောင် ဘယ်သူ သက်သေရှိသလဲ"

မရွှေအင်းဝက ပြန်ဖြေပါတယ်။

"လူမရှိတဲ့ တိုက်ပျက်ထဲမှာ ရှင်တို့နှစ်ယောက်ပဲ ရိုက်တာဆိုတော့ ရှင်နဲ့ဦးတာနောက ပထမ မျက်မြင်သက်သေပါ။ နောက် မျက်မြင်သက်သေက ကိုယ်စောင့်နတ်များပါပဲ"

စိတ်ကူးသစ်စာပေ



သည့်နောက် . . .

စဏ္ဍာလကြီး ဦးမြို့ဟောင်းကို စစ်ဆေးမေးမြန်းတယ်။ ပြီး ပြည်မြို့က ဒေါ်ရွှာသစ်ကို မီးလောင်ပြီး မီးပိုင်းငြိမ်းကြတဲ့ လူကြီးတွေက ဒေါ်ရွှာသစ် အဲဒီတုန်းက ဝန်ခံပြောကြားတာတွေကို ကျမ်းကျိန်ထွက်ဆိုကြတယ်။

ဖြစ်ပုံက . . .

နောက်ဆုံးနေ့ စီရင်ချက်ချတဲ့နေ့က အဖြစ်ပဲ။

တရားသူကြီးက ဒေါ်ရွှာသစ်ကို ထောင်ဒဏ်ခုနစ်နှစ် ပြစ်ဒဏ်စီရင်လိုက်တယ်။

စီရင်ချက်လည်း ကြားလိုက်ရရော ဒေါ်ရွှာသစ် တရားခံဝက်ခြံအကာကို ကိုင်လှုပ်ပြီး အော်ဟစ်ကြိမ်းဝါး ပြောပါရောဗျာ။

"မိအင်းဝ . . . နင့်ကို မကြာခင် သိုက်ထဲက လာခေါ်တော့မှာ။ နင် ငါ့အရင် သေရမယ် . . . သေရမယ် . . . ဟေ့ . . . ရွှာသစ်တဲ့ဟ"

တရားခံဒေါ်ရွှာသစ်ရဲ့ ပါးစပ်က ထူးထူးခြားခြား အော်ဟစ်ပြောသံလည်း ကြားလိုက်ရရော ရွှေအင်းဝ ခုံတန်းပေါ်မှာပဲ ကြောက်လန့်ပြီး သတိလစ်မေ့မြောသွားလို့ ကိုလွန်းက ပွေ့ပြီး ကားနဲ့ ဆေးခန်းကို အမြန်ခေါ်သွားခဲ့ရတော့တယ်။

ဒေါ်ရွှာသစ်ကတော့ ပါးစပ်က ပေါက်ကရတွေ အော်ဟစ်ရင်းက ရဲမေများ ဆွဲခေါ်ရာကို ပါသွားတော့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၂၀ |

❑

အဲဒီညကစပြီး ရွှေအင်းဝ ကြောက်လန့်လို့ အိပ်ရက လန့်လန့်နိုးပါရော။

''မခေါ်နဲ့ ... ငါ့ကို မခေါ်နဲ့''

''ငါ မလိုက်ဘူး။ ငါ့အနားကို မကပ်နဲ့''

''ငါ့ကို မဆွဲကြနဲ့။ သွား ... သွား ... သွား ...''

''အင်းဝ ... အင်းဝ ... အင်းဝ ...''

''ဟင် ... ဟင် ... အမယ်လေး ... မောင် ... မောင် ...''

''အင်းဝ ... အင်းဝ ... သတိထားလေ ... အင်းဝရယ်''

အင်းဝက ချစ်လင်ရဲ့ကိုယ်ကို ဖက်ထားရင်း ရင်တွေတုန်နေတယ်။

ဟိုတုန်းက အိပ်မက်ဆိုးတွေကို ပြန်မက်ရင်း ချောက်ချောက်ချားချား ပြန်ဖြစ်နေတယ်။

သီချင်းဆိုသိပ်လည်း မရဘူး။

အိပ်ရမှာကို အရမ်းလန့်နေတယ်။





နောက်ဆုံး ဘတိုက်ပုံကြီးနဲ့ ဘရေချမ်းတို့ရှိရာ ဘုန်းကြီးကျောင်းကို ဇနီးသည်အား ခေါ်သွားရတော့တယ်။ ကျွန်တော်တို့လည်း လိုက်ပါသွားရတော့တယ်။

ဘတိုက်ပုံက အင်းဝကို ညင်သာစွာ မေးတယ်ဗျ။

''သမီး ... သမီး ... သမီး ...''

''ရှင် ...''

''အိပ်လို့ မပျော်ဘူးဆို''

''ဟုတ်ကဲ့ရှင့်''

''ဘာလို့ အိပ်မပျော်ရတာတုံး''

''ဟို ... ဟို ... ည ... ည ... ရောက်ရင် ... လာလာ ... ခေါ်လို့''

''ဘယ်သူတွေက သမီးကို လာခေါ်နေလို့တုံး ... ပြော''

ရွှေအင်းဝက အပျိုဘဝက မြင်မက်ခဲ့ရဖူးတဲ့ အိပ်မက်ဆိုးနဲ့ ဟိုနေ့ညတွေက ထပ်တူပြုအိပ်မက်ဆိုး 'ရွှေဂူထဲက ခေါင်းနှစ်လုံးအိပ်မက်' အကြောင်းကို ပြန်ပြောပြလိုက်တယ်။

''သေသွားတဲ့ ဦးတာနေဘက ကျွန်မကို လိုက်သတ်နေတယ် ... အဘ၊ ကျွန်မ အရမ်းကြောက်တာပဲ။ သျှောင်ထုံးနဲ့ နန်းဝတ်နန်းစားနဲ့ ရွှေဂူထဲက လူကြီးက 'နင် ယောက်ျားရပြီးပြီ။ နင့်နေရာ နင်ပြန်လိုက်ခဲ့တဲ့' အမယ်လေး ...''

''မောင်ဘုန်းနွေလွန်း ...''

''ခင်ဗျာ ... အဘ''

''မင်းမြင်မက်ခဲ့တဲ့ အိပ်မက်နဲ့ မတိမ်းမယိမ်းပဲ''

''ဟုတ်ပါတယ် ... အဘ''

''ရှင် ... မောင်ကြီးလည်း ဒါမျိုး မြင်မက်ဖူးတယ် ... ဟုတ်လား။ ဘုရားရေ ... ကျွန်မကို ဘာလို့ ပြောမပြရတာလဲဟင် ... မောင်ကြီး ... ဟင်''

''မင်းကိုပြောပြရင် အစွဲအလမ်းဖြစ်ပြီး ပိုလန့်မှာစိုးလို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



''အို . . . အကြောင်းအရာတွေက တိုက်ဆိုင်လိုက်တာ။ ကျွန်မ အစမှပဲ ဖွင့်ပြောပါရစေ . . . အဘရယ်''

''ပြော . . . မကြောက်နဲ့။ အဘတို့ရှိတယ်။ အကုန်သာဖွင့်ပြော သမီး''

''ရွှေဂူထဲက နန်းဝတ်နန်းစားနဲ့ လူကြီးက ကျွန်မရဲ့အစ်ကိုတဲ့''

''အင်း . . . ပြီးတော့ရော''

အင်းဝက ပြောရင်းကနေ သူ့ချစ်သူရဲ့မျက်နှာကို စိုးရိမ်ပူပန်မျက်လုံးနဲ့ လှည့်ကြည့်ရင်းက . . .

''သူက ဘာပြောလဲဆိုတော့ . . . နင်တစ်ယောက်တည်း ပြန်မလာနိုင်ရင် နင့်ချစ်သူကိုပါ တစ်ခါတည်း ခေါ်လာခဲ့တဲ့။ ဒီမှာ သူ့အတွက် ဝိညာဉ်ချုပ်ဖို့နေရာ အသင့်ပြင်ထားပြီးပြီတဲ့''

''ဩော် . . . ဩော် . . . ပြီးတော့ ဘာပြောလိုက်သေးတုံး''

''ကျွန်မကို သစ်နက်သားခေါင်းနှစ်လုံး ဖွင့်ပြတယ်။ ခေါင်းတစ်လုံးထဲမှာ ကျွန်မက သေနေတာလား၊ အိပ်ပျော်နေတာလား မသိဘူး ရှိနေတယ်။ အဲဒီသျှောင်ကြီးက နောက်ထပ် သစ်နက်ခေါင်းဖုံးကို ဖွင့်ပြတယ်။ အထဲမှာ ခေါင်းအုံးနဲ့ ဖဲအိပ်ရာခင်းရှိပြီး ရနံ့တွေက မွှေးကြိုင်နေတယ်''

''ဆက်ပြောပါ . . . သမီး . . . ပြောပါ''

''အဲဒီ ဗလာခေါင်းက ဘယ်သူ့အတွက်လဲ သိလားတဲ့ . . . ကျွန်မက ကြောက်လွန်းလို့ မဖြေဘူး။ တစ်ကိုယ်လုံး တုန်နေတယ်။ အဲဒါ မှတ်ထားတဲ့။ နင့်ချစ်သူအတွက် ခေါင်းတဲ့။ နင် သူ့ကိုပါ အပါခေါ်လာခဲ့တဲ့''

''ဟင် . . .''

''အို . . .''

''ဘုရားရေ . . .''

ကျွန်တော်တို့ဟာ ကြားနေရသည့် သူမရဲ့အိပ်မက်ဆန်းကို နားထောင်ပြီး လွန်စွာ အံ့ဩနေကြတာပေါ့ဗျာ။





ဘုန်းနွေလွန်းဆို ပိုပြီး အံ့ဩနေတာပေါ့။ ဘာလို့လဲဆိုတော့ အဲဒီ သိုအိပ်မက်ဆန်းကို အင်းဝနဲ့ စတွေ့တဲ့ညက ထူးခြားစွာ မြင်မက်ပြီးပြီ ကိုး။

လူငယ်တွေဆိုတော့ ကြောက်နေတယ်။

ဒီမှာ အဘတိုက်ပုံ ဦးရာကျော်က ကောက်ချက်ချစကားတစ်ခွန်း ဝင်ပြောလိုက်တယ်။

''ဒါကြောင့် တာနောနဲ့ မယ်ရွှာသစ်တို့က သမီးကို ချော့ချော့ အပိုင်ချည်ဖို့ ကြိုးစားတာပဲ''

''ဘာဖြစ်လို့လဲဟင် . . . အဘ ဟင်''

''အဘ စုံစမ်းပြီးပြီ။ တာနောဆိုတာ သိုက်တူးသမား၊ သိုက် ဆရာလေ။ မယ်ရွှာသစ်က သိုက်ဆရာတာနောရဲ့ ညီမအရင်းပဲ။ တာနော ဟာ ဘုရားသိုက်၊ ဥစ္စာသိုက်၊ ရှေးဟောင်းရတနာသိုက်တွေကို လိုက်ရှာ လုပ်ကိုင် စားသောက်နေတဲ့ သိုက်ဆရာပဲ။ သမီးတို့ခြံထဲမှာ မကြာခဏ ရွှေထည်ငွေထည်တွေ ကောက်ရတာဟာ သမီးသုံးစွဲဖို့ သိုက်ထဲက အစွေ အမျိုးတွေပေးနေတာလို့ ယူဆထားပြီး သူ့ညီမ မယ်ရွှာသစ်အကူအညီနဲ့ အပွကြံနေတာ။ ပထမ လူအ,အယောင် ဆောင်ခဲ့တာ။ လောဘသား၊ လူမသမာတွေ။ နောက်ဆုံးတော့ သူတို့အကုသိုလ်နဲ့သူတို့ ဒုက္ခရောက် သွားကြတာပဲ . . . လူလေးတို့''

''အဘ . . . ဒါ . . . ဒါဆို . . . သမီးတို့က . . . ဟို . . . ဟို . . . သိုက်ထဲက . . . လာကြတာလား . . . ဟင် . . . ဟင်လို့''

''မှတ်ထား . . . သမီး၊ တို့များလူတွေမှာ အချို့က ဘဝဟောင်း က အစွေအမျိုးတွေနဲ့ လူ့ဘဝရောက်နေသည့်တိုင်း ဆက်စပ်နေတာမျိုး အချို့မှာ ရှိနေတယ်။ အချို့က သံယောဇဉ်ကြီးကြတယ်။ အချို့ကျတော့ ကတိကဝတ်တွေနဲ့ နေနေကြတာလည်း ရှိတယ်။ သမီးတို့ သိုက်နန်းရှင် မြေမိမ်းကို ကြားဖူးကြလား''

''ကြားဖူးပါတယ် . . . အဘ''

''သူ့နေရာက အခု ပန်းတောင်း ရွှေဘုံသာမုနိဘုရားမှာ။ ရောက်



www.burmeseclassic.com

www.burmeseclassic.com



ဖူးလား''

''ရောက်ဖူးပါတယ် . . . အဘ''

''သိုက်နန်းရှင် မမြစိမ်းနဲ့ သမီးနဲ့ ရုပ်ချင်း အတော်တူတယ်''

'' . . . . . . . ''

''ဆိုကြပါစို့ . . . မမြစိမ်းကို သူ့အစ်ကိုက လူ့ဘဝမှာ ခဏနေ ခွင့်ပေးထားတယ်။ ကလေးတစ်ယောက်ရရင် ညီမလေး ပြန်လာခဲ့တဲ့။ ကို ဘုန်းကြွယ်နဲ့ မမြစိမ်းညားလို့ ကလေးတစ်ယောက်ရတော့ သိုက်ထဲက အစ်ကိုက ကတိကဝတ်အတိုင်း ပြန်ခေါ်တယ်။ မမြစိမ်းက သူ့သားလေး ရှင်ပြုပြီးမှ လိုက်ပါရစေလို့ အစ်ကိုသိုက်နန်းရှင်ကို မေတ္တာရပ်ခံတယ်။ သို့ သော် သိုက်ဆရာ ဆရာကြွားကလည်း မမြစိမ်းသိုက်ကို ရှာနေတာ။

အခန့်သင့်ချင်တော့ သားရှင်ပြုဖို့ မြို့ပေါ်တက် ပရိက္ခရာသွားဝယ် တဲ့ ကိုဘုန်းကြွယ်နဲ့ သိုက်ဆရာ တွေ့ပြီး ကိုဘုန်းကြွယ်က သိုက်ဆရာမှန်းမသိ ဘဲ ဧည့်သည်အဖြစ် အိမ်ကိုခေါ်လာပါရော။ သိုက်ဆရာကြွားက မမြစိမ်းကို မြင်ရင် ခြေမန်းကွင်းစွပ် ပြေးမလွတ်အောင်လုပ်ပြီး ဥစ္စာသိုက်ကို ဖော်ခိုင်း မှာသိလို့ ဒီဥစ္စာသိုက်ထဲက ရတနာတွေက သူတို့ပစ္စည်းမဟုတ်ဘူး။ သူတို့က မူလပိုင်ရှင်ရဲ့ ပစ္စည်းသိုက်ကို စောင့်ပေးနေရတာလေ။ အရိမေတ္တေယျဘုရားရှင် ပွင့်မှသာ ထိုက်တဲ့သူလက်ထဲ စောင့်ထားရတဲ့ပစ္စည်းတွေအပ်ပြီး ဘုရားရှင် ကို လှူစေလို့ မူလပစ္စည်းပိုင်ရှင်ရော၊ သူတို့ကိုရော အမျှပေးဝေစေရမှာ။

မမြစိမ်းတို့က ဝေမာနိက ပြိတ္တာတွေကိုး။ တန်ခိုးရှိသော အောက် နတ်လို့လည်း ခေါ်တယ်။ အဲဒီမှာ လူတွေပြုတဲ့ ကောင်းမှုကုသိုလ်၊ အမျှ ပေးဝေ အဖို့ဘာဂကို သူတို့ပါ သာဓုခေါ်တော့မှ ဥစ္စာစောင့်သိုက်နန်းရှင် များဘဝက ကျွတ်လွတ်ပြီး လူ့ဘဝကိုသော်လည်းကောင်း၊ မြင့်မြတ်သော ဘုံဘဝကိုသော်လည်းကောင်း ပြန်လည်ရရှိမှာကိုး။

အကယ်၍သာ မမြစိမ်းကို သိုက်ဆရာ ဆရာကြွားက ဖမ်းမိသွား လို့ ဥစ္စာသိုက်ကို ထုတ်ဖော်ပြောပြ ဖွင့်ပေးလိုက်ရင် သူတို့အားလုံး အထက် နတ်မင်းကြီးများရဲ့ ပြစ်ဒဏ်ပေးခြင်းကို ခံရပြီး ဝေမာနိကပြိတ္တာဘဝကနေ





အောက်အဆင့်နိမ့်တဲ့ အောက်တန်းစား ဒုက္ခဆင်းရဲကြီးမားလှတဲ့ ပြိတ္တာဘဝ ကို ရောက်သွားနိုင်တာမို့ အဲဒီဘဝမျိုး မရောက်ရအောင် မမြစိမ်းကို သားရှင်ပြုအလှူတောင် မစောင့်ဘဲ သိုက်ကနေ အသက်နုတ်သွားတော့ တာပဲ။

''ဒါ . . . ဒါဆို . . . ကျွန်မတို့နှစ်ဦးကိုရော သူတို့ . . .''

''မစိုးရိမ်ပါနဲ့ . . . သမီးရယ်၊ သမီးတို့က လူ့ဘဝကို ရနေကြပါ ပြီ။ ဟိုးတစ်ဘဝကိုလည်း သတိမရကြတော့ပါဘူး။ ဒါပေမယ့် သတိရစေဖို့ နိမိတ်တွေပေးပြီး ပြမှုနေတာပါ။ သမီးတို့သားတို့က ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ယုံကြည်ကိုးစား ကောင်းမှုကုသိုလ်ပြုနေတဲ့ ဘုရားဆုကို ပန်ခွင့်ရသော ယောက်ျား၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော မိန်းမတို့ဖြစ်နေတော့ ဟိုး . . . ဘဝဟောင်းက မကျွတ်မလွတ်သေးတဲ့ သူတွေ တစ်နည်း (ပရလောကသား) တွေထက် အဆင့်အတန်း မြင့်နေပါ ပြီ။ ရတနာမြတ်သုံးပါး ယုံကြည်ကိုးကွယ်သူ၊ ငါးပါးသီလ မြဲမြံသူ၊ အမိအဖ ကို ရိုသေစွာလုပ်ကျွေးသူ၊ သားမယားကို သမာအာဇီဝ ကောင်းသောအသက် မွေးမှုနှင့် လုပ်ကိုင်ကျွေးမွေး သီလမြဲမြံသူကို သိကြားမင်းကတောင် ကန်တော့ တယ်လို့ ဘုရားဟောမှာ ရှိပါတယ်။ ကြောက်ရွံ့စိုးရိမ်စရာ မလိုပါဘူး။

သို့သော် လူလူချင်း မေတ္တာထားကြရသလို လူနှင့်နတ်၊ ပရသားနှင့် သူတို့မှာလည်း မေတ္တာထားပြီး မေတ္တာရပ်ကြရင် နားလည်ကြတာရှိပါ တယ်။ ကိုင်း . . . နက်ဖြန်ကျရင် မြင်ရမမြင်ရ ဘဝဟောင်းက ဆွေမျိုး သော်စပ်သူများကို ရည်စူးပြီး ဘုရားအမှူးပြု ရဟန်းသံဃာများကို ဆွမ်းခဲ ဖွယ်ဘောဇဉ်များကို လှူဒါန်းပေးကြမယ်။ ပြီး . . . ဆွေတော်မျိုးတော်များ ကို အဘကပဲ မေတ္တာရပ်ခံလို့ အကာအကွယ်များ ပြုပေးမယ် . . . ဟုတ် လား''

''ဝမ်းသာလိုက်တာ . . . အဘရယ်''

''ကျေးဇူးတင်ပါတယ် . . . အဘ။ အဘကိုပဲ အမိအဖများကဲ့သို့ အားကိုးပါတယ် . . . အဘ''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၂၁]

❑

နံနက်(၁၀)နာရီခန့်မှာ ရဟန်းသံဃာ (၂၅)ပါးကို သင်္ကန်း၊ ဝတ္ထု၊ ယပ်၊ ထီး၊ ဖိနပ်၊ အနေကထိုင်၊ ဝတ္ထုငွေနှင့် ခဲဖွယ်ဘောဇဉ်များကို ကိုလွန်းတို့ ကြင်စဦးဖနီးမောင်နှံက လှူဒါန်းကြတယ်။

ရွှေအင်းဝရဲ့ ကွယ်လွန်သူ ကျေးဖူးရှင် မိဘနှစ်ပါးကိုလည်းကောင်း၊ ဟို . . . ဟို . . ဘဝဘဝများစွာက အဖေ၊ အမေ၊ အစ်ကို၊ ညီမ၊ ဦးရီး၊ ဦးလေး တော်စပ်ခဲ့ကြသည့် ဘဝအမျိုးမျိုးမှ ဆွေမျိုးသားချင်းတို့အား ရည်စူးတော်စပ်ခဲ့ကြသည့် ဘဝအမျိုးမျိုးမှ ဆွေမျိုးသားချင်းတို့အား ရည်စူးလို့ ကောင်းမှုအစုစုကို ရေစက်ချအမျှအတမ်း ပေးဝေခဲ့ကြတယ်။

ကျွန်တော်တို့ လူရင်းပရိသတ်များက သာဓုဖြိုင်ဖြိုင်ခေါ်ခဲ့ကြတယ်လေ။

ရဟန်းသံဃာများ ပြန်ကြွသွားတော့မှ . . .

ဘတိုက်ပုံဦးရာကျော်က တိုက်ရှေ့ကွက်လပ်မြေပြင်ပေါ်မှာ ရွှေကြိုးငွေကြိုးများရံပြီး သိုက်ပွဲ၊ အုန်းပွဲများကို စားပွဲပေါ်မှာ တန်းစီတင်ထားလိုက်တယ်။





လက်ဖက်ပွဲ၊ အသက်လွှတ်၊ အသီးအနှံမျိုးစုံ၊ ရေသန့်၊ ရေအေးနှင့်အတူ အမွှေးနံ့သာများ၊ အမွှေးတိုင်များ၊ အလင်းတိုင်များ ထွန်းညှိပူဇော်ပြီး . . .

ကိုလွန်းနဲ့ မရွှေအင်းဝတို့က သန့်ရှင်းစင်ကြယ်သော အဝတ်အစားများဝတ်လို့ ပွဲများရှေ့မှာ ရှိသေစွာရပ်ကြရတယ်။

"မောင်ဘုန်းရွှေလွန်းနဲ့ မရွှေအင်းဝတို့ ကြင်စဦးဖနီးမောင်နှံတို့နှင့်အတူ . . . ဘဝဘဝများစွာက တော်စပ်ပတ်သက်ခဲ့ဖူးကြသော အဘိုးအဘွားအမိအဖ၊ ညီအစ်ကိုမောင်နှမများတို့ သိုက်နန်းရှင်တို့ကို လေးစားစွာ ပင့်ဖိတ်ပါတယ်။ ကြွရောက်ကြပါခင်ဗျား။ သင်တို့ရဲ့ မြေးသားညီနှမ၊တူ၊ တူမတို့သည် ရခဲလှသည့် လူ့ဘဝကို သင်တို့ရဲ့ အကူအညီအားဖြင့်လည်းကောင်း၊ သူတို့နှစ်ဦးရဲ့ ရှေးဘဝကုသိုလ်ကံ စေတနာ အကျိုးပေးကြောင့်လည်းကောင်း၊ ခံစားခဲ့ရပါပြီ။

ရခဲလှသည့် လူအဖြစ်၊ လူ့ဘဝမှာ သားကောင်းသမီးမြတ်များ မွေးဖွား၍ ပဗ္ဗဇ္ဇအမွေ၊ ရှင်သာမဏေ ပြုပေးခြင်းကောင်းမှု၊ ဘိက္ခုပဗ္ဗဇ္ဇရဟန်း ဝတ်ဆင်ခံ၍ သံသရာကောင်းကျိုးပြုခြင်း စသည့်အမှုတို့ကိုပြုပြီး သင်တို့ ဘဝကောင်းက ဆွေတော်မျိုးတော်တို့အားလည်း ကုသိုလ်အဖို့ဘာဂကို အမျှဝေပါမည်။

ယခုလည်း သင်တို့ကိုရည်စူး၍ ဘုရားအမှူးပြုသော သီလဝန္တ ရဟန်းမြတ်တို့ကို ဆွမ်း၊ သင်္ကန်း၊ လှူဖွယ်ဝတ္ထုအစုစု လှူဒါန်း၍ သင်တို့အား အမျှပေးဝေကောင်းမှုလည်း ပြုပါမည်။ သင်တို့ရဲ့ တူသား၊ နှမ၊ ညီဘွား၊ နောင်ဘွားတို့သည် ရခဲလှသည့် လူ့ဘဝမှာ နေရသည့် လူ့သက်တမ်းကာလအတွင်း ဒါန၊ သီလ၊ သမထ၊ ဘာဝနာ ကောင်းမှုတို့ကို ပြု၍ သံသရာမှ လွတ်မြောက်လိုခြင်း၊ နောင်ပွင့်တော်မူမည့် အရိမေတ္တေယျ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို မြင့်မြတ်သော ဘုံဘဝသားအဖြစ်ဖြင့် သင်တို့ ဆွေတော်မျိုးတော်၊ အမျိုးသား၊ အမျိုးကောင်းသားသမီးတို့နှင့်အတူ ဖူးမြော်လိုကြပါပေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သင်တို့မြေးသား၊ ညီ၊ ညီမတို့နှစ်ဦးအား လူ့ဘဝမှာ ငြိမ်းချမ်းအေးမြစွာ အပူအပင် ဆင်းရဲဒုက္ခ မရှိစေဘဲ သာသနာပြုနိုင်သူ သူတော်ကောင်းများဖြစ်၍ အမျိုးမြတ်သူ ထေရဝါဒရဲ့ သားကောင်းသမီးမြတ်များဖြစ်ရအောင် ယနေ့မှစ၍ မေတ္တာထားကြပါ။ စောင့်ရှောက်ပေးကြပါ။

သင်တို့ရဲ့မေတ္တာကိုလည်း ကျွန်ုပ်တို့အားလုံး ယုံကြည်လေးစားပါတယ်။ ကျွန်ုပ်တို့အားလုံး ဤလူငယ် ဇနီးမောင်နှံတို့ ပြုသမျှ ကုသိုလ်ကောင်းမှုနှင့် မေတ္တာစေတနာ အဖို့ဘာဂတို့ကို ဘဝဟောင်း၊ ဘဝသစ်က အဆွေအမျိုးတို့အား ရိုသေလေးစားစွာ အမျှပေးဝေပါ၏။

''အမျှ . . . အမျှ . . . အမျှ . . .''

''သာဓု . . . သာဓု . . . သာဓု''

''အမျှ . . . အမျှ . . . အမျှ . . .''

''သာဓု . . . သာဓု . . . သာဓု''

''အမျှ . . . အမျှ . . . အမျှ . . .''

''သာဓု . . . သာဓု . . . သာဓု''

''ကိုင်း . . . သားတို့ သမီးတို့ရေ၊ ဧည့်သည်မိတ်ဆွေများရေ ငြိမ်သက်စွာ မေတ္တာပို့ကြပါ''

ကျွန်တော်တို့ စာရေးဆရာများ၊ ဂီတသမားများ၊ မိတ်ဆွေများပါ ကိုလွန်းနှင့် မချွေအင်းဝတို့နှင့်အတူ ငြိမ်သက်စွာ ရပ်ရင်း မမြင်ရ၊ မြင်ရ ပုဂ္ဂိုလ်များအားလုံးကို မေတ္တာပို့သလိုက်ကြတယ်။

အံ့ဩစရာပါပဲဗျာ။

အလွန်မွှေးကြိုင်တဲ့ ပန်းပေါင်းစုံရနံ့တွေ . . .

ပထမ စံပယ်ရနံ့၊

ဒုတိယ နှင်းဆီပန်းရနံ့၊

ပြီး . . . ညမွှေးပန်းရနံ့၊ သဇင်ပန်းရနံ့ . . .

အို . . . ထူးခြားလှတဲ့ ပန်းရနံ့တွေဟာ ကျွန်တော်တို့ဝန်းကျင်မှာ တစ်မျိုးပြီးတစ်မျိုး မွှေးကြိုင်နေတာ။ ကျွန်တော်တို့ တစ်ယောက်မျက်နှာ





တစ်ယောက်ကြည့်ပြီး အံ့အားသင့်နေကြတုန်းမှာပဲ ဘတိုက်ပုံကြီးရဲ့ ဝင်းသာအားရ သာဓုခေါ်သံကို ကြားလိုက်ရတယ်ခင်ဗျ။

''သာဓုပါဗျာ . . . သာဓုပါ . . . သာဓုပါ . . . ခုလို ကြွရောက်မွှေးကြိုင်ကြတဲ့ ပုဂ္ဂိုလ်များကို လေးစားပါတယ်။ ဝမ်းသာရပါတယ်။ သာဓုပါ ပုဂ္ဂိုလ်အပေါင်းတို့''

ပြီးသွားတော့ အဘရဲ့မျက်နှာမှာ ပြုံးပျော်ကြည်နူးတဲ့ ဝမ်းသာနိုင်တွေ ဆင့်ကဲလို့ဗျာ။

ကျွန်တော်က ဂမ္ဘီရစာရေးဆရာဆိုတော့ ပိုသိချင်တာပေါ့ဗျာ။

''အဘ . . .''

''ဘာတုံး . . . စာရေးဆရာ''

''မေးချင်လွန်းလို့ အဘ''

''အဲမှာ . . . မေးချင်လွန်းလို့တဲ့။ မေးကွာ . . . မေး''

''အခြေအနေ ဘယ်လိုရှိလဲ အဘ''

''မင်းတို့ ဘာရနံ့များ ရသတုံးဟေ့ . . . သားတို့၊ သမီးတို့''

''စံပယ်ပန်းရနံ့ဗျ . . .''

''နှင်းဆီပန်းရနံ့လည်း ရတယ်ခင်ဗျ''

''သဇင်ပန်းရနံ့လည်း သင်းနေတာပဲ''

''ဟိုသမီးကရော . . .''

''ညမွှေးပန်းရနံ့၊ ဆိပ်ဖလူးပန်းရနံ့လိုလို ရတယ် အဘ''

''မောင်လွန်း . . .''

''ခင်ဗျာ . . . အဘ''

''မင်း ခုနေတဲ့ခြံထဲမှာ ဘာပန်းပင်တွေ စိုက်ထားတုံးကွ''

''သပြေပန်းပဲရှိတယ် . . . အဘ''

''ဟား . . . ဟား . . . ဟား . . . ဟား . . . ထူးမနေဘူးလားဟေ့ ဘင် . . .''

''အရမ်းကိုထူးတာပဲ . . . အဘရာ။ အဲဒါ ဘာလဲဟင်''

''သူတို့ ရောက်လာကြတာလေ''



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ . . ."

"သူတို့ဆိုတာ ဘယ်သူတွေတုံးဟင် . . . အဘ"

"မောင်ဘုန်းနွေလွန်းနဲ့ မရွှေအင်းဝတို့ရဲ့ ဘဝဘဝဟောင်းက အဆွေ အမျိုးများပေါ့။ ဝမ်းမြောက်ဝမ်းသာ အမွှေးရနံ့မျိုးစုံပေးပြီး ချီးမြှင့်ကြတာ ပါဗျာ"

"အို . . . ဝမ်းသာလိုက်တာ . . . အဘရယ်။ ဘယ်လိုဝမ်းသာ မှန်း မသိဘူး"

ရွှေအင်းဝနဲ့ ကိုလွန်းတို့ရဲ့ မျက်နှာများဟာ ဝမ်းသာပီတိနိုင် အံ့သြရိပ်နဲ့ ရွှင်ပျော်နေကြတယ်။

"မှတ်ထား . . . သားတို့၊ သမီးတို့။ အဲဒီ ပရလောကက ပုဂ္ဂိုလ် တွေဟာ မကြိုက်ရင်၊ လက်မခံရင် နံဟောင်ပုပ်အဲ့တဲ့ ရနံ့မျိုးတွေ ပေးလေ့ ရှိတယ်ကွယ့်။ စုန်းဒိုင်းကျဲ ပူးဝင်တာမျိုး ပြုသကွယ့်"

"အံ့သြစရာပါပဲ . . . အဘရယ်"

"ကဲ . . . သားတို့ စိတ်ချမ်းသာစွာနဲ့ ဒါန၊ သီလ၊ ဘာဝနာနဲ့ နေကြ။ သရဏဂုံ တည်ကြ။ ဟုတ်ပြီလားကွယ်"

"ဟုတ်ကဲ့ပါ . . . အဘ"

ဒီမှာ မရွှေအင်းဝက . . .

"အဘရှင် . . ."

"ပြော . . . သမီး၊ ငါ့သမီး ဘာပြောချင်လို့တုံး . . . ပြော"

"ကျွန်မနဲ့ မောင်ကြီး ကိုလွန်းနဲ့ တိုင်ပင်ထားတာရှိလို့ . . . အဘရဲ့"

"ကိုင်း . . . ပြောစမ်းပါဗျာ။ ကြားရအောင်ဗျာ"

"သမီးနေခဲ့တဲ့ မင်းကြီးတောင်ခြေက ရှေးအိမ်ကြီးကို ရဟန်းသံဃာ များ ကျောင်းသင်္ကန်းအဖြစ် သီတင်းသုံးနေထိုင်ရအောင် ကျောင်းသင်္ကန်း အမှတ် အပြီးလှူမလို့ အဘ"

"ကောင်းလိုက်တဲ့ ရည်ရွယ်ချက်ကွယ် . . . သာဓုပါဗျာ။ ရဟန်း သံဃာများ လုံခြုံစွာ သီတင်းသုံးနိုင်တာပေါ့။ ကောင်းပါ့ကွာ"





"ကျန်သေးတယ် အဘရေ . . ."

ကိုဘုန်းနွေလွန်းကလည်း အဘကို ပြောသဗျာ။

"ဟ . . . ငါ့သားရဲ့ ဘာများတုံးဟ လုပ်ပါဦး"

"ကျွန်တော်တို့ နက်ဖြန်ခါ ပြည်ကအိမ်ကြီးကို သန့်ရှင်းရေးသွား လုပ်၊ သံဃာကို လှူဒါန်းပြီးရင် မိုးကုတ်မှာရှိတဲ့ ကျွန်တော့်မိဘများကို သွား ကန်တော့ကြမယ်ခင်ဗျာ"

"ဆွေပြမျိုးပြပေါ့လေ"

"သွားကြွားမှာလည်း ပါမှာပေါ့ဗျာ။ ဇနီးချောလေးဆိုတော့ သွား ကြွားမှာပေါ့"

"ဒီလိုမဟုတ်ပါဘူးဗျာ . . . ဟဲ . . . ဟဲ . . . ."

"မောင်ကြီးရေ . . ."

"ပြော . . . မိန်းမ၊ ဘာတုံး"

"အို . . . မောင်ကြီးကလည်း ဟွန့် . . . ."

"ဟုတ်ပါ့ကွာ၊ ငါ့လူမောင်လွန်းက မယားနေစ ကြောင်သေမှုများ သုံးချင်လို့ထင်ရဲ့။ ဘာတုံးတဲ့"

"ကြည့်နေပါ ကိုရဲရာ နောက်နေ့ရောက်ရင် မအင်းဝကလည်း ဆင်နေစ ဆင်သေမှုဆိုပြီး ကြမ်းမှာပဲဗျ"

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

"မြှောက်ပေးနေကြပြီဟေ့ သတိထားကြ"

"ကဲ . . . မိန်းမ ပြော . . . မောင်ဘာလုပ်ပေးရမလဲ ပြော"

"ခုမှ မောင်တဲ့ အဟတ်"

"ရှက်စရာကြီးနော်"

"ကိုရဲတို့၊ မပြာသိုတို့ ခင်ဗျားတို့ဖောက်နေတာနဲ့ ဟိုမှာ တကယ် မှက်နေပြီဗျ။ ကဲ . . . ကဲ . . . ညီမလေး ငါ့ညီမက ဘာများပြောချင်လို့လဲ ကွယ် ပြော . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ . . . အဘတို့ရော၊ အစ်ကိုကြီးတို့ ဆရာတို့ကိုပါ ဝမ်းသာပျော်ရွှင်တဲ့ အထိမ်းအမှတ်အနေနဲ့ ရွှေဘဲစားတော်ဆက်မှာ ညေ့်ဝတ်ပြုချင်လို့"

"ဟေ . . ."

"တ . . . . တ . . . တကယ် . . ."

"ဟုတ်"

"အို . . . ငါ . . . ငါ . . . . အားနာလိုက်တာဟယ်"

ကိုရဲမြင့်လေးက မိန်းမလျာပုံစံနဲ့ နွဲ့ပြီးပြောတော့ အားလုံးက ဝိုင်းရယ်ကြပါရောဗျို့။

"ကိုရဲ . . . ဒါဆို ခင်ဗျားမစားဘူးပေါ့"

"အို . . . သွပ်ပြားက အဲလို ပြောသာမဟုတ်ဘူးနော်။ ခုပဲ သွားကြစို့ကွယ် . . . အယ် . . . အယ် . . ."

"ဟား . . . ဟား . . . ဟား . . . . သန်လျင်မြို့ ပဲခူးစုရပ်ကွက်က သေသွားတဲ့ နတ်ကတော်စံဖေကြီးနဲ့ တူလိုက်တာဗျာ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ."

✿ ✿ ✿

[၂၂]

❑

ကျွန်တော်တို့အားလုံး ပြည်၊ မင်းကြီးတောင်ခြေက မရွှေအင်းဝနေခဲ့တဲ့ ရှေးဟောင်းအုတ်ခဲ နှစ်ထပ်အိမ်ကြီးနဲ့ ခြံကျယ်ကြီးကို ကိုလွှန်းတို့နှင့်အတူ လုပ်အားပေး သန့်ရှင်းရေးလုပ်ကြတယ်။

ပထမဦးဆုံး အပေါ်ထပ်ကို အရင် အမှိုက်လှဲကျင်း ရေဆေးကြတယ်။

မအင်းဝက ရုပ်ပွားတော်များကို ရေသန့်နှင့် ရေသပ္ပါယ်ပြီး ဘုရားပန်းအသစ်များ လဲနေတယ်။

ကျွန်လူတွေက ခြံထဲကသစ်ရွက်အမှိုက်တွေစုပြီး မီးရှို့ပေါ့။

မအင်းဝက ဘုရားပန်းလဲပြီး ဘုရားကို ပန်းရေချမ်း ကပ်နေတုန်းမှာပဲ . . .

"ချွင် . . ."

"ဟာ . . ."

"ဘာလဲဟ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကြမ်းတိုက်နေတဲ့ရှေ့ကို ချင်ခနဲ ပစ္စည်းတစ်ခု အပေါ်ကနေ ကျလာတာ။ ကောက်ယူလို့ ကြည့်လိုက်ရော . . .

''ငွေဒင်္ဂါးပြားတစ်ခုဟေ့''

''ဟေ . . . ဘယ်ကကျလာတာတုံး ကိုမှိုင်း''

''ဒီခေါင်မိုးပေါ်က ကျလာတာဗျ''

''ချွင် . . .''

''ဟာ . . .''

''ချွင် . . .''

''ဘုရားရေ . . .''

ကျွန်တော် အံ့အားသင့်နေတုန်းမှာပဲ မရွှေအင်းဝရဲ့နောက်နားကိုရော ဘုန်းနေ့လွန်းရဲ့ အနီးကိုရော ငွေဒင်္ဂါး၊ ရွှေဒင်္ဂါးများ အပေါ်ကကျလာတာကို အံ့ဩဖွယ်မြင်လိုက်ရတယ်။

အားလုံး အပေါ်ကိုမော့ကြည့်လိုက်ကြတယ်။

''ကိုရဲ . . . ဘယ်လိုလဲ။ ဆန်းလှချည်လားဟင်''

''ဟို . . . ထုပ်တန်းပေါ်မှာ တင်ထားတဲ့ ဒင်္ဂါးတွေ အခုမှ ကျလာသလားမသိဘူး''

''ချွင် . . . .''

''ချွင် . . . .''

အားလုံး ငွေဒင်္ဂါး နှစ်ဆယ့်ငါးပြား။

ရွှေဒင်္ဂါးက ဆယ်ပြား။

ရွှေဒင်္ဂါးကိုကြည့်လိုက်တော့ ဒေါင်းဒင်္ဂါး။

(၁၂၄၅)လို့ ရေးထားတယ်။ ဒါဆို . . . ဒီရွှေဒင်္ဂါးက ရတနာပုံခေတ်လောက်က ရွှေဒင်္ဂါးပဲဗျ။

ကျဦးမှာလားလို့ အံ့ဩစွာကြည့်နေပေမယ့် လုံးဝ မကျတော့ဘူး။ ကျွန်တော်တို့ စဉ်းစားလို့ မရတော့ဘူး။

ဟိုးတုန်းက မရွှေအင်းဝ ရွှေငွေအချို့ရတယ်ဆိုတာ ဟုတ်များဟုတ်နေရော့သလား။

စိတ်ကူးသစ်စာပေ



''အင်းဝ . . .''

''ရှင် . . . ဆရာ''

''ရော့ . . . ယူထား၊ ညီမနဲ့ဆိုင်တဲ့၊ ထိုက်တဲ့ပစ္စည်းတွေ''

အင်းဝ ရွှေဒင်္ဂါးနဲ့ ငွေဒင်္ဂါးများကို ဖြန့်ကိုင်ထားရင်း မျက်လုံးအိမ်ထဲမှာ မျက်ရည်လုံးတွေသီးပြီး ပါးပြင်ပေါ်ကို တလိမ့်လိမ့် စီးကျလာတယ်။

''အင့် . . . ဟီး . . .''

''ဟီး . . .''

''မငိုပါနဲ့ ညီမလေးရယ်။ ကြည့်ရတာ မင်းရဲ့ ရှေးဘဝက ဆွေတော်မျိုးတော်တွေက ညီမလေးတို့ ဖနီးမောင်နှံကို မင်္ဂလာဦးလက်ဖွဲ့တာနေမှာပါ။ ယူထား။ သူတို့အတွက် ကောင်းမှုကုသိုလ်လုပ်ပေး ဟုတ်လားညီမ''

''ဟုတ် . . . ဟုတ်ကဲ့၊ အင့် . . . သူ . . . သူတို့ ကျွန်မတို့အပေါ်မှာ ခုချိန်ထိ ကောင်းရှာတုန်းပါလား မောင်ကြီးရယ် အင့် . . . ဟီး . . .''

မရွှေအင်းဝဟာ ခုမှ သဘောပေါက်သွားပြီး ဘဝဟောင်းက ဆွေတော်မျိုးတော်များကို ရည်မှန်းလို့ မျက်ရည်စိုရွှဲနဲ့ ကန်တော့လိုက်လေရဲ့ဗျာ။

နောက်နေ့မှာ သံဃာတော်အရှင်သူမြတ်များကို ပင့်ဖိတ်ပြီး ဘဝဟောင်းက အဆွေအမျိုးများနှင့် ကွယ်လွန်သူ မိဘများကို ရည်စူးပြီး ကောင်းအလှူရေစက်ချပွဲကို ကျင်းပခဲ့တယ်။ ဒါနှင့်အတူ သိမ်ဆောက်ဖို့အတွက် ငွေဒင်္ဂါးနှင့် ရွှေဒင်္ဂါးအားလုံးကို လှူဒါန်းပြီး ရေစက်ချအမျှပေးဝေလိုက်ရော။

အံ့ဩစရာပါပဲဗျာ။

သင်းပျံ့မွှေးကြိုင်တဲ့ ပန်းပေါင်းစုံမွှေးရနံ့တွေဟာ ကျောင်းသစ်အတွင်းမှာ ဝေ့ဝဲစီးမျောနေတာ အကြာကြီးပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂၃ |

❑

နောက်နေ့မှာ ကိုဘုန်းနွေလွှန်းတို့ ဖန်းမောင်နဲ့ မိုးကုတ်ကို ဆွေပြမျိုးပြ ပြန်သွားကြတယ်။

နောက်တစ်ပတ်ခန့်ကြာတော့ ဘုန်းနွေလွှန်းတို့ထံက ဖုန်းဆက်လာတယ်။

''ဆရာမှိုင်းလားခင်ဗျာ ...''

''ဟုတ်ပါတယ်။ ကိုဘုန်းလားဟေ့''

''ဟုတ်တယ် ဆရာ။ ကျွန်တော့်မိဘများက မိုးကုတ်မှာ မင်္ဂလာဧည့်ခံပွဲကြီး လုပ်ပေးတယ် ဆရာရေ''

''ဟုတ်လား။ ချွေးမကို သဘောကျနေပြီပေါ့''

''ဟုတ်တယ်ဗျ။ ဆရာတို့ကို မင်္ဂလာစကား ပြောစရာရှိသေးတယ် ခင်ဗျာ့''

''ဘာတုံးဟ ငါ့လူရ။ ပြောပါဟ''

စိတ်ကူးသစ်စာပေ



''ကျွန်တော်တို့ စက်ဘ်ပူကို ရွှေ့အပတ်ထဲ သွားတော့မယ်ဆရာ''

''ဟေ ...''

''အမေတို့က စက်ဘ်ပူမှာ စီးပွားရေးလုပ်ငန်းတွေ ရင်းနှီးမြှုပ်နှံထားတာရှိတယ်။ အဲဒီလုပ်ငန်းတွေကို ကျွန်တော်တို့လင်မယားက သွားပြီး ဦးစီးလုပ်ကိုင်ရမှာ ဆရာ''

''ဝမ်းသာတယ် ငါ့ညီရာ။ ဗဲရီးဂွတ်ကွာ''

''ဘိုင့် ... ဘိုင်''

''ဘိုင့် ...''

မကြာပါဘူး ကိုဘုန်းနွေလွှန်းနဲ့ မရွှေအင်းဝတို့ ချောမောလှပတဲ့ ဖန်းမောင်နှံဟာ မိုးကုတ်ထွက် ပတ္တမြားကျောက်မျက် အဆင်ရတနာတွေ ဆင်ယင်ပြီး လေဆိပ်ကိုရောက်လာကြတယ်။

ကျွန်တော်တို့ကို ပွေ့ဖက်နှုတ်ဆက်ပြီး လေယာဉ်လှေကားပေါ်တက်သွားကြတယ်။

မကြာခင် လေယာဉ်ကြီးက ပြေးလမ်းပေါ်မှာ တရွေ့ရွေ့သွားရင်းက မိုးကောင်းကင်ပေါ်ကို ဦးမော့ကာထိုးတက်သွားပြီး တိမ်တွေကို တိုနှမ်းလို့ မြင်ကွင်းကနေ ပျောက်ကွယ်သွားခဲ့တယ်။

သူတို့ကို မပြောဖြစ်လိုက်တဲ့ စကားတစ်ခွန်း ကျန်ရစ်ခဲ့တယ်။ ကျွန်တော် မပြောချင်လို့ မပြောလိုက်တာပါ။

မရွှေအင်းဝကို လုပ်ကြံနှိပ်စက်ရာမှာ ပါဝင်ခဲ့တဲ့ ဒေါ်ရွှာသစ်ဆိုတဲ့ တရားခံမိန်းမကြီးဟာ အကျဉ်းထောင်ထဲမှာ အိပ်ပျော်ရင်း အသက်ပျောက်သွားခဲ့တယ်။

ထူးဆန်းတာက သေသွားတဲ့ ဒေါ်ရွှာသစ်ရဲ့ ကျောကုန်းနှင့် ပါးပြင်နှစ်ဖက်ပေါ်မှာ လက်ငါးချောင်းရာ၊ လက်ဝါးရာတွေ ညိုမဲစွဲကပ်နေတာပဲတဲ့။

အနီးရှိ ထောင်ကျအကျဉ်းသူတွေကို တာဝန်ရှိတဲ့ ထောင်အမှုထမ်းတွေက စစ်ဆေးတော့ ညတုန်းက ဒေါ်ရွှာသစ်ရဲ့ အော်သံဟစ်သံ၊ လူးလွန့်ညည်းတွားသံကို မကြားရဘူးတဲ့။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းလို့ တန်းစီရန် မထတော့မှ ကြည့်တော့ အသက်ပျောက်နေပြီတဲ့။

သို့သော် ...

မသေခင် တစ်နေ့ကတော့ ထောင်ကျဘက်မိန်းမ အကျဉ်းသူတွေ ပြောသွားတာရှိတယ်တဲ့။

ဒေါ်ရွှာသစ်ပြောသွားပုံက ...

"မိရွှေအင်းဝဆိုတဲ့မိန်းမ သေရွာကပြန်မရှင်လာရင် ပြည်ကအိမ်နဲ့ခြံကို ငါပိုင်တာပေါ့အေ"တဲ့။

"ဒင်းမသေတာ ငါ့အစ်ကိုတာနော အသုံးမကျလို့ပေါ့"တဲ့။

"ထောင်ကလွတ်ရင် ငါနဲ့ မိရွှေအင်းဝဆိုတဲ့ သေရွာပြန်မိန်းမနဲ့ တွေ့ကြသေးတာပေါ့လို့ ကျိန်းဝါးသွားတာကို အားလုံးက နားနဲ့ဆတ်ဆတ်ကြားလိုက်ရတယ်လို့ စစ်ဆေးတော့ ထွက်ဆိုကြတယ်။


ခုတော့ ...

အကုသိုလ်လောဘသမကြီး သူ့အစ်ကို လူယုတ်မာ သိုက်တူးသမား တာနောရဲ့နောက်ကို လိုက်သွားရပြီပေါ့။

စဉ်းစားလို့မရသေးတာက ...

ဦးတာနောနဲ့ ဒေါ်ရွှာသစ်တို့ ခန္ဓာကိုယ်နဲ့မျက်နှာပေါ်က သေရာပါအလှိုးရာ ဒဏ်ရာဒဏ်ချက်တွေ ဘယ်သူ့လက်ချက်မှန်း ရဲစခန်းကလည်း ထုတ်ဖော်လို့ မရခဲ့တာပါပဲခင်ဗျား။

မောင်ညိုမှိုင်း(သန်လျင်)




www.burmeseclassic.com